နံ့ယော ဆရာတော်ဘုရားကြီး၏

သမထ ဝိပဿနာ ဟောနည်းပြကွက်

ကို

ကောလင်းဆရာတော် ဦးသုဇာတ

ရှင်းလင်းဟောကြားသော

# အဓိသီလ အဓိစိတ္တ အဓိပညာ

## မဂ္ဂင်ရှစ်ရပ် ပဋိပတ် ကျင့်စဉ်ကျမ်း

# သိက္ခာသုံးပါးကျင့်စဉ်

စတုဘုမ္မိကသာသနာပြုမဂ္ဂင်ရိပ်သာ တာမွေလေး

၁၀၁၂၅

နုံယော ဆရာတော်ဘုရားကြီး၏
သမထဝိပဿနာ ဟောနည်းပြကွက်ကို

ကောလင်း ဆရာတော် ဦးသုဇာတ
ရှင်းလင်း ဟောကြားသော

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ
မဂ္ဂင်ရှစ်ရပ် ပဋိပတ် ကျင့်စဉ်

# သိက္ခာသုံးပါးကျင့်စဉ်ကျမ်း

ဤသိက္ခာသုံးပါး ကျင့်စဉ်ကျမ်းကို
ဦးကြည်ရှိန် ရေးသားပူဇော်၍
တာမွေလေး စတုဘုမ္မိက မဂ္ဂင်ရိပ်သာ
ကောလင်းဆရာတော် ဦးသုဇာတ
ကြီးကြပ်တည်းဖြတ်သည်


[တာမွေလေး စတုဘုမ္မိက သာသနာ့ပြုမဂ္ဂင်ရိပ်သာ
ကျောင်းဒကာ ဦးလှမြင့် စီစဉ်သည်]

ဘာသာရေးဆိုင်ရာ စာမူ ခွင့်ပြုချက် အမှတ် (၉၆၀၉
ကင်းလွတ်ခွင့် အမှတ် (၀၃၇၆၈)

ပထမအကြိမ်
၁၉၇၇-ခု၊ ဇွန်လ။
အုပ်ရေ-၂၀၀၀
ဓမ္မဒါန

ထုတ်ဝေသူ = ဦးသုဓာတ၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၊
တာမွေလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ = ဒေါ်ကျင် (မြ-၀၁၄၅၃)
ချစ်ရတနာတိုးပုံနှိပ်တိုက်
၁၁၂၊ မန္တလေးလမ်း-ကန်တော်ကလေ
ရန်ကုန်မြို့။



ပညာဒီပ ကဝိဓဇဒီသာပါမောက္ခ

တိပိဋကာလင်္ကာရ၊ တံဆိပ်နာမ


ခံတော်မူသော


# ငှက်တွင်းဆရာတော်ဘုရားကြီး

၊ ပုံတော် ၊

# နုံယောဆရာတော်

# ဦးဇာဂရ





# ကောလင်းဆရာတော်

# ဦးသုဇာတ

# နိဒါန်း

ကရုဏာ ဝိယ သတ္တေသု၊
ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊
ပဝတ္တိတ္ထ ယထာရုစိ။
(ဓမ္မသင်္ဂဏီပါဠိတော်)

ယဿမဟေသိနော၊ အကြင်အသခေျနှစ်ဆယ်ကျော်နှင့်သာ တမ်း ကမ္ဘာတသိန်း ကာလပတ်လုံး သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ မဂ်ကိစ္စသုံးပါးကို အားထုတ် ဆည်းပူးတော်မူသော မြတ်စွာဘုရား၏။ ကရုဏာ၊ သားနှင့်ရန်သူကို အတူအမျှ သနားတော်မူခြင်းရှိသော မဟာကရုဏာ သမာပတ္တိအစိုပတိကိစ္စတော်သည်။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ သတ္တေသု၊ သတ္တဝါအနန္တတို့၌။ ယထာရုစိ၊ အလိုတော်ရှိသည့်အတိုင်း၊ ပဝတ္တိတ္ထဝိယ၊ ဖြစ်လေဘိ၏သို့။ ပညာပိ၊ သမ္မာသမ္ဗုဒ္ဓ သမန္တစက္ခု သဗ္ဗညုတဉာဏ်တော်သည်လည်း။ သဗ္ဗေသု၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်

သော၊ ဥဃျမမ္မသု၊ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်ဟုဆိုအပ်သော ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရ သဥပါဒိသေသ အနုပါဒိသေသ ကိလေသာ ပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ဥဃျခံတရားတို့၌။ ယထာရုစိ၊အလိုရှိတိုင်း(ဝါ) အလိုတော်အားလျော်စွာ။ ပဝတ္တိတ္ထ၊ ဖြစ်တော်မူလေပြီ။

ဤဒေသနာတော်အရကား-အစိန္တေယျ သုံးလောက ထွဋ္ဌယား သဗ္ဗညုမြတ်စွာဘုရားသခင်သည် သင်္ချေနှစ်ဆယ်ကျော်နှင့် သာတမ်း ကမ္ဘာတသိန်း ဖြည့်ဆည်းခဲ့ဘူးတော်မူသော ပါရမီတို့သည်ကား သတ္တဝါအနန္တတို့အတွက်ဖြစ်ပေသည်။ ထိုကြောင့် သုံးလောကထွဋ္ဌထား သဗ္ဗညုဘုရားသခင်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ရာဟုလာသားပမာထားလျက်(၄၅) ဝါကာလပတ်လုံး ဟောကြားညွှန်ပြ ဆုံးမအပ်သော ဒေသနာတော်သည်

ပါရာဇိကဏ်၊ ပါစိတ်၊ စူဠဝါ၊ မဟာဝါ၊ ပရိဝါဟူသော ဝိနည်းငါးကျမ်း၊

သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျဟူသော သုတ်သုံးကျမ်း၊

ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ပုဂ္ဂလပညတ်၊ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူသော အဘိဓမ္မာ ခုနစ်ကျမ်း၊

ထိုကဲ့သို့ ဝိနယ၊ သုတ္တ၊ အဘိဓမ္မဟု သုံးဖြာ, ဒေသနာ ပရိယတ်, အကျင့်မြတ်တို့ကို (ဝါ) ပရိယတ္တိသာသနာ၊ ပဋိပတ္တိ

သာသနာ၊ ပဋိဝေဓသာသနာ၊ သာသနာတော် သုံးဝ အဆုံးမ ဩဝါဒ ဟောကြားတော်မူရင်း၏ အချက်မှာ သံသရာ သမုတ် ဝဲဇာလုပ်၌ (ဝါ) ဘုံသုံးပါး သံသရာတွင် မြုတ်ချီတခါ ပေါ်ချီ တလှဲ့ အတည်တကျ နေရာမရကြဘဲ ပြေးရင်း လွှားရင်း မရပ် မနား ရဟတ်ခြားကဲ့သို့ လှည့်ပတ်ကျင်လည် အတည်မမြဲ စုန်ဆန် ကာဖြင့် အိုဘေး နာဘေး သေဘေး ဘေးရန်အပေါင်း ထောင် သောင်းမကတွေ့နှင့်သော ရင်ဆိုင်တွေ့၍ အားကိုးရာမရ နိဗ္ဗူတာ အမတနှင့် ဝေးနေကြရသော သတ္တဝါ လူနတ်ဗြဟ္မာ ဒုက္ခသည် အပေါင်းတို့အား ရဟုလာသား ပမာထားလျက် ဘေးရန် ခပင်း ဒုက္ခတွင်းမှ လွတ်ကင်းချမ်းသာ နိဗ္ဗူတာသို့ လျင်မြန် ထုတ်ချောက် ကောင်းမွန်စွာ ရောက်ကြစေခြင်း အကျိုးငှာ ဟောကြား ညွှန်ပြ ဆုံးမတော်မူအပ်သော ဒေသနာတော်မြတ် ကြီးဖြစ်ပေသည်။

ဤကဲ့သို့ စစ်မှန်သော တရားဒေသနာမြတ်မွေတွေ (ဝါ) မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်တရားထွေ ထင်ရှားကာ ရှိနေပါသော် လည်းစစ်မှန်သောဒေသနာတို့အား တပ်အပ်သေချာ ခွဲခြားကာ မသိကြလေသည့်ခြင်းရာကြောင့် မျက်စိလည် မှောက်မှားလျက် နိဗ္ဗူပြည်သွား မဂ်ကုသိုလ်များကို အားထုတ်သူ နည်းပါး၍ အို နာ သေ ရေး ဒုက္ခဘေးတွေကိုသာ အစဉ်မပြတ်အထပ်ထပ် ဖြစ်စေတတ်သော လောကီကုသိုလ် အကုသိုလ် (ဝါ)ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရ တရားများကို သာ (ဝါ) ဒွေအန္တာ ဤသင်္ခါရ အယုတ်တရားများကိုသာ အပတ်တကုတ်ထက်သန်စွာ အားထုတ်ပြုလုပ်ကြသော သူတို့

သည်သာလျှင် လောကဌ် များပြားကြကုန်၏။ ထို့ကြောင့် ပရိယတ်သည် ပဋိပတ်၏လမ်းညွှန် (ဝါ) ပရိယတ်သည်အညွှန်း။ ပဋိပတ်သည်အလုပ်။ ပဋိဝေဓသည် အကျိုး (ဝါ) ပရိယတ်အညွှန်းမှန်မှသာလျှင် ပဋိပတ်အလုပ်မှန်မည်။ ပဋိပတ်အလုပ်မှန်မှသာလျှင် ပဋိဝေဓအကျိုးမှန်မည်။ ဤကဲ့သို့ သူ့ကိစ္စနှင့်သူ ဖြစ်ပါသည်။ ဝိနယ၊ သုတ္တ၊ အဘိဓမ္မဟုဆိုအပ်သော သုံးဖြာပရိယတ်ဒေသနာမြတ်တို့ကို (ဝါ) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာမဂ္ဂင်ရှစ်ရပ် အကျင့်မြတ်တို့အား သမန္တစက္ခု သဗ္ဗညုဘုရားရှင်ကြီး၏ မဟာကရုဏာတော်အတိုင်း သုံးဆယ့်ခုနစ်ပါး မဟာဗောဓိပက္ခိယတရားသည် ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက်နှစ်ပေါင်း ၂၀၀၀--ကျော်လွန်မြောက်သော ယခုပစ္စုပ္ပန် သာသနာတော်အတွင်းတွင် သာသနာ့သဗ္ဗညုတို့၏ ကုသိုလ်တော်ပွား မဂ္ဂင်အကျင့်မြတ်၏ အားထုတ်ဖြည့်ဆည်းသည့်နည်းသည် ကာလိယုဂ်ဖမ်းစားရှိပျက်ပြားတိမ်ကော သူသူငါငါ မပြောမဟော ကြဘဲ တိမ်မြုပ်ပျောက်ကွယ် တိမ်ကောခဲ့ရလေသည်။ ဤကဲ့သို့ ပြောဟောသူနည်းပါးသောကြောင့် သံသရာဝဋ္ဋဒုက္ခမှ (ဝါ) အိုဘေး နာဘေး သေဘေး ဒုက္ခအပေါင်းထောင်သောင်းတို့မှ ကျွတ်လွတ်၍ တရားစစ်တရားမှန်ကို သွန်သင်ညွှန်ပြ ဆုံးမသည့် ဆရာကောင်း သမားကောင်း ရှာဖွေနေကြသော ဝေနေယျတို့မှာ တရားကောင်းရနိုးနိုးနှင့် မျှော်ကိုးနေကြပါသော်လည်းဘဲ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်နှင့် လွဲနေရလေသည်။

ထို့ကြောင့် ပဌမ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီး

ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ ဘိပိဋကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု–

သွန်းထုပ်နိုပ် တံဆိပ်နာမံ အပူဇော်ကို ခံရသောဇေယျာပူရ တိုင်း စစ်ကိုင်းကြီးရွှေမင်းဝံ ငှက်တွင်းတောကျောင်းဆရာတော် ဘုရားကြီးသည် သမန္တစက္ခု သဗ္ဗညုဘုရားရှင်ကြီး၏ မဟာကရု ဏာတော်အတိုင်း ပရိယတ်လမ်းညွှန်ကို ဗုဒ္ဓ၏ဩဝါဒအတိုင်း မ တိမ်းပါးအောင် မဟာသမုဒ္ဒရာသဘွယ် အပြောကျယ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံအာဂုံပါဠိ အဋ္ဌကထာဋီကာမ ကြွင်း ကျမ်းခပင်းတစုံတစုံတို့မှ စီစစ်ထုတ်နှုတ်၍ ၁၅ ဝါတိုင် တိုင် ပရိယတ်လမ်းညွှန် မတိမ်းပါးရလေအောင် ဝေနေယျတို့၏ သဘောဉာဏ်တွင် ထင်လွယ်သောကျမ်း အစောင်စောင်ရေး သားတော်မူပြီး ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ၊ သာသနာတော်သုံးရပ် လုပ်ငန်းမြတ်တို့ အား ထက်အောက်မြန်တိုင်းတွင်မဟာသတိပဋ္ဌာန်ဂိုဏ်းထောင်၍ ဆောင်ရွက်တော်သည်မှာလည်းနိဗ္ဗူတာသို့လျင်မြန်ထုတ်ချောက် ကောင်းမွန်စွာရောက်ကြစေခြင်း အကျိုးငှာ ဆောင်ရွက်တော် မူရင်းဖြစ်ပေသည်။

ထို့ကြောင့် နိဗ္ဗုတာ ကမ်းတဘက်သို့လှမ်းတက်လိုကြသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ပညာဒီပကဝိဓဇ ဒိသာ ပါမောက္ခ တိပိဋကာလင်္ကာရ ရွှေမင်းဝံ ငှက်တွင်း ဆရာတော် ဘုရားကြီးနှင့်တကွ ကွမ်းခြံကုန်း ဆရာတော်၊တော်ကမယ် ဆရာ တော်၊ ဇရပ်ကုန်း ဆရာတော်၊မန္တလေး စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ကမ္မဋ္ဌာနာစရိယ နံယော ဆရာတော် စသော မဟာသတိပဋ္ဌာန်

ဂိုဏ်းဝင် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ဩဝါဒနှင့် ရေးသား စီရင်တော်မူထားသော ကျမ်းအစောင်စောင်တို့၏ လိုရင်းသဘော ဤမည်သော အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ မဂ္ဂင် ရှစ်ရပ် ပဋိပတ်ကျင့်စဉ် လုပ်ငန်းမြတ်အစဉ်ကို မဟာ သတိပဋ္ဌာန် အသင်းသူ အသင်းသားများနှင့် မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို လျင်မြန်စွာရလိုကြကုန်သော အမျိုး ကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက်၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးအား လွယ်ကူစွာ ပွားများ အားထုတ် နိုင်စေရန် အလို့ငှာ သတိပဋ္ဌာန် အသင်းသူ အသင်းသားများ၏ တိုက်တွန်းချက်အရ၊မဟာသတိပဋ္ဌာန်ဂိုဏ်းဝင်ဆရာတော် သံဃာ တော် အရှင်သူမြတ်တို့၏ ကျမ်းအစောင်စောင်တို့၏ မူရင်းအတိုင်း ထုတ်နှုတ်၍ (အဓိသီလ၊အဓိစိတ္တ၊အဓိပညာ၊ မဂ္ဂင်ရှစ်ရပ် ပဋိပတ် ကျင့်စဉ်ကျမ်း)ကို မှန်မြတ်သော သမ္မာဆန္ဒစိတ်ကောင်းစိတ်မြတ် ဖြင့် ရေးသား စီရင်လိုက်ရပေသတည်း။

၎င်း (အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ မဂ္ဂင်ရှစ်ရပ် ပဋိပတ် ကျင့်စဉ်) အမည်တင့်ဆန်း ဤသည့်ကျမ်းကို မဂ်လမ်းဖိုလ်ပေါက် နိဗ္ဗာန်သို့ခိုဝင်ရအံ့သောအခြေဖြစ်ပေသောကြောင့် သဒ္ဓါပွား၍ ကြည့်ရှုတော်မူကြပါစေကုန်သတည်း။

(နိဒါန်းစကား ဤတွင်ပြီး၏)

○



**အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ မဂ္ဂင်ရှစ်ရပ်**

**ပဋိပတ်ကျင့်စဉ်ကျမ်း**

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

**အနက်။** အရဟတော၊ ပဋိစ္စသမုပ္ပါဒ၊ ပဋိလောမစျာန်ပျံ၊ အရဟံကိစ္စ၊ ပြီးဆုံးတော်မူတတ်ထသော။ အရဟတော၊ကုသလံ၊ အကုသလံ၊ ဇီအဟံ၊ အင်မတန် စက်ဆုပ်၍ မပြုမလုပ် ပယ်စွန့်တော်မူတတ်ထသော။ အရဟတော၊ ကာမရူပ၊ အရူပ၊ သင်္ခါရ ကုသိုလ်ကံတို့ကို မစက်မဆုပ် တွယ်တာနှစ်သက်တလှုပ်လှုပ်ပြုတတ်သောသူတို့၏ ဆည်းကပ်ကော်ရော် ပူဇော်ခြင်းငှာ ထိုက်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါးတရားကို သယမ္ဘူဉာဏ်တော်ဖြင့် ကိုယ်တိုင် သိမြင်တော်မူထသော။ ဘဂဝတော၊ ဘဝဂ်မဆုံ့ အောင်ပျံ့နှံ့မဆုံး ဘုန်းတော်အနန္တရှိတော်မူထသော။

တဿ၊ ဝိသေသ ဂုဏ်တို့ဖြင့် ချီးကျူး၍မကုန်သော ထိုမြတ်စွာ ဘုရားအား။ မေ၊ ဘုရားတပည့်တော်၏။ နမော နမက္ကာရော၊ စိတ်ညွတ်ကြည်ညိုခြင်းသည်။အတ္ထု ဘဝတု၊ဖြစ်ပါစေသတည်း။

○

## သမန္တစက္ခု သဗ္ဗညုဘုရားရှင်ကြီးအား ပင့်လျှောက်သောဂါထာ

သသေနံ ဂဇမာရုယှံ၊ မာရံ ကေန ယော ဇိနော။
ဇယုဿဝေါ ဗောဓိမူလေ၊ သော မေ တိဋ္ဌတု မတ္ထကေ။

ယောဇိနော၊ ဝါသနာနှင့် တကွ၊ အနုသယ ဆယ်တန် ကိုယ်တွင်းရန်ကို ချွင်းချန်မထား အရဟတ္တမဂ်ဉာဏ်ဒါးဖြင့်ပယ် ရှားခုတ်ထွင် မြတ်အရှင်ဟု မှတ်တင်ပြုရတဲ့အကြင် သဗ္ဗညုဘုရား ရှင်ကြီးသည်။ ဗောဓိမူလေ၊အပရာဇိတ အမည်ရတဲ့ မြတ်ဗုဒ္ဓ အောင်ပလ္လင် ပင်ညောင်ပင်မင်း ဗောဓိပင်၏ခြေတော်ရင်းဝယ်။ ဂဇံ၊ တောင်လောက်နီးနီး ဒေါင်ဇောက်ကြီးတဲ့ ဂိရိမေခလာ တိုက်ဆင်ကြီးကို။အာရုယှံ၊ရှေ့သွားထောင်ထောင်ခေါင်းဆောင် ပြီးခါ တက်စီးလာသော၊ သသေနံ၊ ဒိဝိဇံ တပ်အများခေါ်ဘဏီ ရဲမက်သားနှင့်တကွသော။မာရံ၊ပရမေသခင် ခေါ်ဆို သဗ္ဗညုနှင့် ရွှေပလ္လင်တော်ကိုတပ်ဆင်၍ လုမည်ဟု အံတုခါ တိုက်စစ်ခင်းတဲ့ ဝသဝတ္တီ မာရ်နတ်မင်းကို (ဝါ) ကမ္ဘာကိုချုပ် ငါဗိုလ်လုပ် မည်ဟု ဆိုးယုတ်မာ အကြံအားဖြင့် ကမ္ဘာတွင် ဟန်ထွားတဲ့

အာဏာရှင် မာရ်နတ်သားကို။ ကေနာ၊နောက်လိုက် မခေါ် အဖော်မမှီး တကိုယ်တော်တည်းဖြင့်။ ဇယသဝေါ၊ ကိုယ်တော်မြတ်လက်ရုံး ဒါနပါရမီတည်းဟူသောအနုမြူတလုံးဖြင့် ချေမှုန်းသုတ်သင်အောင်ပွဲဆင်တော်မူခဲ့လေသတည်း။

သောဇိနော၊ မာရ်နတ်မင်း၏ ထန်ပြင်းသည့်မာန် စစ်မက်ရန်ကိုခုခံသုတ်သင်မောင်းထုတ်နိုင်သည့်ဘုန်းအတုလန္ဒုန်းတုမရတဲ့ထိုသုံးလူ့ဘ မြတ်စွာဘုရားရှင်ကြီးသည်။ မေ အမှာကံ၊ ဘုရားဂုဏ်၌ အာရုံစိုက်၍ နှစ်ချိုက်ရှင်ပျော် ဘုရား တပည့် တော်၏။ မတ္တကေ၊ ကိုယ်အင်္ဂါတွင် တမွတ် ဆင်လျက် အထွဋ်တင်အပ် ဥတ္တမင်္ဂ အမည်ရတဲ့ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ တိဋ္ဌတု၊ စက်ခြေဘဝါးလှည့်လည်တော် မူသောအားဖြင့် ခန့်ငြားမတ်မတ် တန့်နား ရ[illegible]ကည်တော် မူလှဲ ပါ၊ ဇယသဝ ပရမေအလုံး အနုတ္တရ အသရေမဆုံးတဲ့ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီး ဘုရား....။

....●....

## ပဥ္စမ ရွှေမင်းဝံ ငှက်တွင်း ဆရာတော်ဘုရားကြီး

## ကန်တော့ခန်း ဂါထာ

သီလပုပ္ဖေဟိ သုဂန္ဓော၊ သမာဓိသာရတိဋ္ဌတော။

ပညာသာခါဟိ ဝေပုလ္လော၊ ထေရော ဝန္ဒာမ တံ မယံ။

ထေရော၊ တိုင်းမြန်မာတလွှား သတိပဋ္ဌာန်ဂိုဏ်း သံဃာအများတို့၏ ညွှတ်တွားခါရွှေဦးတင်ရတဲ့ ဦးခိုင်ဦးစီး ရွှေမင်းဝံ

ငှက်တွင်းဆရာတော် ဘုရားကြီးသည်။ သီလပုဗ္ဗေဟိ၊ ကျင့်ဝတ်ညီမျှ ဝါရိတ္တနှင့် စာရိတ္တအဖုံဖုံတို့ဖြင့် အလုံးစုံ ညီလျက်မှန်လှတဲ့ သီလက္ခန္ဓတော် တည်းဟူသော စခန်းဂုဏ်တင့် လမ်းဂုဏ်မြင့်တဲ့ ပန်းစုံပွင့်တို့ဖြင့်လည်း။ သုဂန္ဓော၊ မွှေးပြန့်ထုံလျက် လူ့ဘုံတွင် မကသေး နတ်ဘုံမှာ ကြော်ကြွေးလျက် ပြေးယန့်တလှိုင်လှိုင် မွှေးပြန့်ပြန့်ကြိုင်။ သမာဓိသာရေန၊ လာဘာ လာဘ၊ စသည့် ရှစ်တန် လောကဓံဘုံ အရှုပ်တို့ဖြင့် စောအရဟံ မတုန်မလှုပ်သကဲ့သို့ စိုးအုပ်ခါ မဟာစိတ်မှန်လှတဲ့ သမာဓိက္ခန္ဓတော် တည်းဟူသော အစစ်မဟာ သမထအဖြစ် အနာပတဲ့ အနှစ်သာရ ဖြင့်လည်း။ တိဋ္ဌတော၊ ရောင်လျှံတပြိုင်ပြိုင် မောက်ကဲသည့် တောင်မဏ္ဍိုင် ကျောက်ခဲလိုပ လဲပြိုလို့ မယိုင်မြဲပိုလှိုခိုင်။ ပညာသာခါဟိ၊လောကုတ်နှင့်လောကီ အလီလီမျိုးခပင်းတို့ဖြင့် ထိုးထွင်းကာ မြင်ချက်သန်လှတဲ့ ပညာက္ခန္ဓာတော်တည်းဟူသော နိုင်းစာမဖက် တိုင်းကာမစက်နိုင်သည့်အကိုင်းအမွှာအခက်တို့ဖြင့်လည်း။ ဝေပုလ္လော၊ တုလိုမမှီ လူ့ပြည်တွင်မဆန့် နတ်ပြည်ပါကျော်နှံ့လျက် အံ့ဩလို့ မကုန်နိုင် ပြန်ပြောလို့မပြိုင်။

ဣတိ၊ ဤသို့။ သီလက္ခန္ဓဖြင့် ယန့်ကြိုင် သမာဓိက္ခန္ဓဖြင့် တည်တန့်ခိုင် ပညာက္ခန္ဓဖြင့် မြိုင်လှပေသော။ တံ အာစရိယံ၊ မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် ရဟန်းသံဃာတော် အရှင်မြတ်နှင့် တကွ အသရေသတင်းမှာ မပျက်ပြားခဲ့ဘဲ၊ နေဝန်းအသွင်တက်ကြွားတော်မူလှသည့် ရွှေမင်းဝံငှက်တွင်းဆရာတော်ဘုရားကြီးကို။မယံ၊ အာစရိယဂုဏောအနန္တောဥ္ဖြ အမှန်သဘောသွားမိမိ အတန်တန်

ဂိတ်စေ ထားရှိကြတဲ့ ဘုရား တပည့်တော်တို့သည်။ ဝန္ဒာမ၊ သီလဂုဏ်သမာဓိဂုဏ် ပညာဂုဏ်သွန်သင်ခဲ့သမျှ ကျေးဇူးတော်ကို အလုံးစုံအသိတိုးလျက် ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

●

## နတ်ဘိတ်ဂါထာ

သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။

သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂ မောက္ခဒံ။

ဓမ္မဿဝန ကာလော အယံ ဘဒန္တာ။ (၃–ကြိမ်)

သမန္တာ၊ ရေမြေကောင်းကင် တက်ဝန်းကျင်မှ။ စက္ကဝါဠေသု၊ စက္ကဝါဠ်အပေါင်း တိုက်တသောင်းတို့၌ မှီတင်းစောင့်ကြပ် တန်ခိုးကြီးနတ်တို့သည်။ မုနိရာဇဿ၊ မုနိင်ါးပါးတို့၌ ထွဋ်ထား သနင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဂ္ဂ မောက္ခဒံ၊ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်သောချမ်းသာကိုလွယ်ကာမနှေး ပေးတော် မူတတ်ထသော။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက်လမ်း ကျင့်စဉ် ငြိမ်းကိုခွဲချမ်းကာ ထုတ်ဖော်၍ ဟောကြားတော်မူမည့် တရားတော်ကို၊ သောတုံ၊ နာကြားအံ့သောငှာ။ အတြ၊ စည်းဝေး လာရာမဏ္ဍပ် ဤအရပ်သို့။ အာဂစ္ဆန္တု၊ လာရောက်ကြပါကုန် လော့။ သုဏန္တု၊ စလယ် အဆုံး သုံးပါးလုံးကို စိတ်ဒိုးဒိုးချ နည်းနာရအောင် မထအောင့်အဲ အံ့သွားခဲ၍ စိတ်စွဲမိအောင်

နားထောင်ကြပါကုန်လော့။ ဘဒန္တာ၊ကုသိုလ်တရားအကျိုးများကို လိုလားခင်မင် အို–ကောင်းမှုရှင်တို့။ အယံ၊ လူသံဆိတ်ငြိမ်အချိန်အေးမြ ဤပရိသတ် စီးဝေးမိကြသော အခါသမယ၌။ ဓမ္မဿဝနကာလလော၊အာရုံတခြား စိတ်မသွားဘဲ ကောင်းမွန်စွာ မှတ်သား၍ နာကြားလိုက်ကြပါကုန်လော့။

## အနုဓမ္မကျင့်စဉ်

မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်ချမ်းသာကို အလိုရှိကြကုန်သော သူတော်စင်တို့ ည–နံနက်ဝတ်တက် ဝတ်ကပ်ပြုကြရန်။

ဗုဒ္ဓေါ မေ နာထော၊ ဗုဒ္ဓေါ သတ္တာနံ ပါကာရော။
ဇီဝိတံ ယာဝ နိဗ္ဗာနံ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။

မေ၊ တပည့်တော်၏။ နာထော၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာသည်။ ဗုဒ္ဓေါ၊ ဂေါတမသခင် အရှင်မြတ်စွာဘုရားကြီးပေတည်း။ သတ္တာနံ၊ သတ္တဝါတို့၏။ ပါကာရော၊ တံတိုင်းပမာ အရံအကာသည်။ ဗုဒ္ဓေါ၊ ဂေါတမအရှင်မြတ်စွာဘုရားကြီးပေတည်း။

ဇီဝိတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ယာဝနိဗ္ဗာနံ၊ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်။ ဗုဒ္ဓံ၊ ဂေါတမသခင်အရှင်မြတ်စွာဘုရားကြီးကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာဟူ၍။ ဂစ္ဆာမိ ဘဇာမိ သေဝါမိ၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

ဓမ္မော မေ နာထော၊ ဓမ္မော သတ္ထာနံ ပါကာရော၊
ဇီဝိတံ ယာဝ နိဗ္ဗာနံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။

မေ၊ တပည့်တော်၏။ နာထော၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာသည်။ဓမ္မော၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဓမ္မကိုးပါးပေတည်း။သတ္တာနံ၊ သတ္တဝါတို့၏။ပါကာရော၊ တံတိုင်းပမာ အရံအကာသည်။ ဓမ္မော၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဓမ္မကိုးပါးပေတည်း။ ဇီဝိတံ၊ အသက်ရှည်သမျှကာလပတ်လုံး။ ယာဝနိဗ္ဗာနံ၊ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်။ ဓမ္မံ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဓမ္မကိုးပါးကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာဟူ၍။ ဂစ္ဆာမိ ဘဇာမိ သေဝါမိ၊ ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။

○

သံဃော မေ နာထော၊ သံဃော သတ္ထာနံ ပါကာရော၊
ဇီဝိတံ ယာဝ နိဗ္ဗာနံ၊ သံဃံ သရဏံ ဂစ္ဆာမိ။

မေ၊ တပည့်တော်၏။ နာထော၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ လဲလျောင်းရာသည်။သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ရှစ်ယောက်သော အရိယာ မဟာ

သတိပဋ္ဌာန်ဂိုဏ်းဝင် သံဃာတော်အစစ် တရော့ရှစ်ပါးပေတည်း။ သတ္တာန်၊ သတ္တဝါတို့၏။ ပါကာရော၊ တံတိုင်းပမာ အရံအကာသည်။ သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ရှစ်ယောက်သော အရိယာ မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သံဃာတော်အစစ် တရော့ရှစ်ပါးကြီးပေတည့်း။

ဇီဝိတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ယာဝနိဗ္ဗာနံ၊ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်။ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သောရှစ်ယောက်သော အရိယာ မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သံဃာတော်အစစ် တရော့ရှစ်ပါးကို။ သရဏံ သရဏ ဣတိ၊ ကိုးကွယ်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာဟူ၍။ ဂစ္ဆာမိ ဘဇာမိ သေဝါမိ၊ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

## လောကုတ္တရာ ဟောညွှန်ပြသည့် ဗုဒ္ဓဂုဏ်တော်

၁။ အစိန္တေယျ၊ အပ္ပမေယျ၊ အရဟံ အစ၊ ဘဂဝါအဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၂။ ဣသိရိယ၊ ဓမ္မ၊ ယသ၊ သိရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၃။ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ တည်းဟူသော ရောင်ခြည်တော် ခြောက်သွယ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၄။ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်၊ ဒိဗ္ဗစက္ခု ဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။ မြတ်စွာဘုရား။

၅။ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ် ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသ-ဝက္ခယဉာဏ်၊ ဝိပဿနာ ဉာဏ်၊ မနောမယိဒ္ဓိဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၆။ သီလသံဝရ၊ ဣန္ဒြိယသံဝရ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာ နုယောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ၊ ရူပါဝစရ စတုတ္ထဈာန်လေးပါး တည်းဟူသော စရဏတရား တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား... မြတ်စွာဘုရား။

၇။ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တည်းဟူသော သစ္စာ ၄–ပါး၊ ၁၂ပါး၊ ၁၆–ပါး၊ ၆၄-ပါး၊ ၁၉၂-ပါး တိုင်တိုင် အကြွင်းမရှိ သိမြင်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၈။ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ သမ္ဗောဇ္ဈင်

ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ကို အကြွင်းမရှိ သိမြင်တော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

၉။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဉေယျမံ တရားငါးပါးတို့ကို အကြွင်းမရှိ သိမြင်တော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရား။

## လောကုတ္တရာ တရားဂုဏ်တော်ခြောက်ပါး

၁။ သွာက္ခာတဂုဏ်၊ သန္ဒိဋ္ဌိကဂုဏ်၊ အကာလိကဂုဏ်၊ ဧဟိပဿိကဂုဏ်၊ ဩပနေယျိကဂုဏ်၊ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ် တည်းဟူသော ဘုရားမှုခပါင်၌ ဓမ္မခန္ဓာ လောကုတ္တရာ တရားတော်မြတ်....တရားတော်မြတ်။

## ပရမတ္ထ သံဃဂုဏ်တော် ကိုးပါး

၁။ သုပ္ပဋိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာယပ္ပဋိပန္နဂုဏ်၊ သာမီစိပ္ပဋိပန္နဂုဏ်၊အာဟုနေယျဂုဏ်၊ ပါဟုနေယျဂုဏ်၊ဒက္ခိဏေယျဂုဏ်၊ အဉ္ဇလိကရဏီယဂုဏ်၊ အနုတ္တရံပုညခေတ္တဂုဏ် တည်းဟူသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရား တပည့်သား ရှစ်ပါးသော အရိယာ မဟာသတိပဋ္ဌာန်း ဂုဏ်းဝင် သံဃာတော်မြတ် သံဃာတော်မြတ်။

## ဒုတိယ သလောကဒီပနီကျမ်း

မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သူတော်စင် မှန်သမျှ ယောကျ်ား မိန်းမ ရဟန်းရှင်လူ တို့သည် အရေးတကြီး အဆောတလျင် ရှောင်တခင် အရကျက်၍ သတိပဋ္ဌာန်တရား မပွားများမီ ရှေးဦးစွာ အတွင်းအပ နှစ်ဌာနတို့၌ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းလွတ်မြောက် မကျရောက်အောင် ရှက်ဆောင် စောင့်ရှောက်နိုင်သော အာနိသင်ရှိသည့်ပြင် စုံလင်သော ဆုတောင်းစကား အပါဒါန်ခြောက်ပါး၊ အပါဒီရှစ်ပါး၊သမ္ပဒါန် သုံးပါး ပြည့်စုံထင်ရှားသော ဩကာသဝန္ဒနာ ပဏာမဖြစ်သော ကြောင့် ရွတ်ဆိုရှိခိုးကြရန် တိုက်တွန်း နှိုးဆော်လိုက်ရပေသည်။

## နမော ဩကာသဝန္ဒနာ

ဩကာသ ဩကာသ ဩကာသ ကာယပဏာမ ဝစီပဏာမ မနောပဏာမတည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဤရတနာမြတ်သုံးပါးတို့အား ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားတပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ပါရမီမင်္ဂလာ လောကုတ္တရာ စတုဘူမိက ကုသိုလ်တော်ပွား အထူးတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး အရပ်ပြစ်ရှစ်ပါး ပစ္စန္တရာဇ် မိလက္ခု ပိလက္ခု မနောဝင် ဒုဋ္ဌဇ္ဇဌာနီ အပြစ်လေး

ပါး ဝိပတ္တိတရားလေးပါး ရန်သူမျိုးငါးပါး ဤအပါဒါန်ပယ် ဆုတရားခြောက်ပါးတို့မှရင်း၊ ထိုခြောက်ပါးတို့၏ သဘောဖြစ်သော ၃၂-ပါးသော ကံကြမ္မာ၊ ၂၅-ပါးသောဘေး၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ၁၀-ပါးသော ဗြဟ္မဒဏ်၊ ရှစ်တန်သော မဟာသတိပဋ္ဌာန် သမာပတ်အဖြစ် ဆိုးသွမ်းညစ်ညမ်းသော ရန်ဓာတ်မျိုး ၁၅-ပါး၊ ၉၆-ပါးသော ဆနဝုတိရောဂါ တဏှာပါသဏ္ဍာကျော့ကွင်းစွပ်မိခြင်း၊ အဋ္ဌာဓိက သတဂရဟိတ ကွဲ့ရှဲ့စွပ်စွဲခြင်း ဇာရာ့ရှစ်နဝင်း ဂြိုဟ်စီး ဂြိုဟ်နင်း အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း ရသည်ဖြစ်၍ သမ္ဗုဒ္ဓါန် သယ်ဆုသုံးပါးဟုဆိုအပ်သော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို တပည့်တော် မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။။

ဤနမောဩကာသ ဝန္ဒနာကား သတိပဋ္ဌာန်ဂိုဏ်းမှတပါး အခြားဂိုဏ်းများ၌မရှိ၊ ရှိသော်လည်းမပြည့်စုံ။

## မြန်မာဘာသာဖြင့် သီလတောင်းရန်

ဘန္တေ၊ အရှင်ဘုရား မယ်၊ တပည့်တော်တို့သည်။ တိသရဏေန၊ သုံးပါးသော သရဏဂုံကို အင်္ဂါရသ ပြည့်စုံအောင် အာဂုံနှုတ်တက် ဆောင်ရွက်အောက်တည်ခြင်းနှင့်။ သဟ၊ တကွ။ ပဉ္စင်္ဂသမန္နာဂတံ၊ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံခြင်းသို့ ရောက်သော။ (၀၊) ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကိုပယ်ရှားဖြတ်တောက်နိုင်သော အာဇီဝဋ္ဌမက ဂရုခမ္မသီလ ဒုစရိုက်ဒုရာဇီဝကို

ကုန်စင်အောင် ပယ်ကြဉ်နိုင်ကြောင်းဖြစ်သော အာဇီဝဋ္ဌမက သုစရိတ အရိယဓမ္မသီလဟုဆိုအပ်သော။ ဓမ္မံ၊ တဒင်္ဂပဟာန် အပါဒါန်နှစ်ချက်နှင့်ယှဉ်သောကျင့်ဝတ် သိက္ခာပုဒ်အပေါင်းကို။ ယာစာမိ၊ တောင်းခံပါ၏။ ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ထောက်ပံ့ခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ သီလံပဉ္စင်္ဂသမန္နာဂတံ၊ အာဇီဝဋ္ဌမက ဂရုဓမ္မသီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါကုန် အရှင်ဘုရား။

**မှတ်ချက်။** ။ယခု ဖော်ပြအပ်သော မြန်မာပြန် သီလတောင်းသည် ကိုယ့်အသံ ကိုယ်ကြား၊ ကိုယ့်စကား ကိုယ်နားလယ်၊ မဂ်ကာလဲအလွယ်၊ ဖိုလ်ကာလဲအလွယ်၊ နိဗ္ဗာန်ကာလဲအလွယ် ဟူသော ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်အရ သူတော်စင်တို့ အရကျက်၍ ဆောင်ရွက်ကြရန်။

လူသောတာပန်၊ လူသကဒါဂါမ်၊ နှစ်ယောက်တို့ စောင့်ရှောက်ဆောက်တည်အပ်သော ပဉ္စင်္ဂ သမန္နာဂတ အာဇီဝဋ္ဌမက သီလတောင်းခံပုံနည်း။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက ဂရုဓမ္မသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက ဂရုဓမ္မသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**မှတ်ချက်။** ။ဆရာသမား ရဟန်း သာမဏေမရှိ၊ မိမိတို့ သဒ္ဓါတရားဖြင့် ဘုရားကိုအာရုံပြု၍ တောင်းခံခဲ့ပါမူ တတိယမှ အဆုံး၌ အာမဘန္တေပါ အရှင်ဘုရားဟု ဝန်ခံပါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃-ခေါက်ဆို)

**နမောတဿ အဓိပ္ပါယ်သရုပ်**

နမော။ ။ရှိ-ခိုး

တဿ။ ။ထိုသူအား

ဘဂဝတော။ ။ဘုန်းတော်ခြောက်ဆိုင် ဘဝဂ်တိုင်အောင် ပျံ့လွှင့်ကျော်ကြားတော်မူသော၊

အရဟတော။ ။ကာယကံကိုယ်မိုက်၊ ဝစီကံနှုတ်မိုက်၊ မနောကံစိတ်မိုက် ဤအမိုက်အမှား မ,တရားတို့ကို ပယ်ရှားထားတော်မူသော။

သမ္မာသမ္ဗုဒ္ဓဿ။ ။သစ္စာလေးပါး မြတ်တရားကို တပါးသူထံ နည်းမခံဘဲ သယမ္ဘူဉာဏ်၊ သဗ္ဗညုတ ဉာဏ်တော်တို့ဖြင့် ကိုယ်တော်တိုင် ဟုတ်မှိုင်းမှန်စွာ မဖောက်မပြန် သိတော်မူသော၊

ရှိဂုဏ်၊ မြတ်နိုး၊ အဟုခိုး၊ ဘုရားရှိခိုးသည်။

(အမှာစကားရပ်) နိဂ္ဂဟိတ် အဆုံးရှိသော နိဂ္ဂဟိတန္တ သရဏဂုံကို ဗုဒ္ဓံ ရွက်ဆို ဆောက်တည်ရာ၌ ဘုရားရှင်၏

ဂုဏ်တော်ကို အာရုံပြုစိတ်ကညွတ်၊ ဓမ္မံဟု ရွတ်ဆိုဆောက်တည်ရာ၌ တရားတော်၏ဂုဏ်ကို အာရုံပြုစိတ်ကညွတ်၊ သံဃံဟု ရွတ်ဆိုဆောက်တည်ရာ၌ သံဃာတော်၏ဂုဏ်ကို အာရုံပြု စိတ်ကညွတ်၊ ဤသို့တည်ဆောက်ဆဲခဏ၌ ဆိုင်ရာဂုဏ်ကို အောက်မေ့ဆောက်တည်မှ လိုရင်းအကျိုးပြီးစီး၍ ခရီးပေါက်ရောက်နိုင်မည်။ ဤနည်းအတိုင်း မကျနက ကုသိုလ်ကားရပါ၏။ အကျိုးကားမကြီး မဂ်ဖိုလ်နှင့်မနီး ခရီးဝေးသော ကုသိုလ်သာ်ါရ ဖြစ်တတ်သည်။ သတိအထူးထားစရာကောင်း၏။ ကရိုဏ်းကိုနှိပ် ခံတွင်းကိုပိတ်၍ နာသိကဌာန် ထင်ရှားအောင် ရွတ်ဆို ဆောက်တည်ကြလေ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

(နိဂ္ဂဟိတန္တ သရဏဂုံ ဆောက်တည်ပုံပြီး၏)။

(အမှာစကားရပ်) အဋ္ဌကထာ ဆရာမြတ်တို့သည် ရတနာသုံးပါးအင်၌ ကြည်လင် ရွှင်ပျ သဒ္ဓါတက်ကြွသော အမျိုးသားအမျိုးသမီးအချို့ တို့ နှုတ်ကျိုး လျှာပျက် အရွတ်ခက် အဆိုခက်

အကြိမ်ကြိမ် လေ့ကျင့်ကြသော်လည်း မှန်ကန်တိကျ နိဂ္ဂဟိတန္တ ရွတ်ဆိုပုံမပီပြင်ကြသဖြင့် နိဂ္ဂဟိတ်ပိန္ဒုကို မ,အက္ခရာပြုပြီး အရွတ် အဆို လွယ်ကူစေရန် စီမံထားရှိပြန်လေသောကြောင့် ကုသိုလ် တရား တိုးပွားကြစေရန် မကာရန္တသရဏဂုံကို ဆက်လက် ဆောက်ဘည်ကြရမည်၊ ထိုသရဏဂုံကို ဆောက်တည်ရာ၌ ပုဒ် ဝါကျ အသံထွက်ကို မဆက်မစပ်စေဘဲ ဖြတ်ခါဖြတ်ခါ ရွတ်ဆို ဆောက်တည်ကြရမည်။ နိဗ္ဗုတာကမ်းတဘက်သို့ လှမ်းတက်ကြ ကုန်သော သူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီး တို့(ရှေ့ကိုတိုး အကျိုးများတော့သည်၊ နောက်ကိုဆုတ် အကျိုး ယုတ်တော့သည်)ဟူသော ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ် အရ တိုက်တွန်းလိုက်ရပေသည်။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ
ဓမ္မမ် သရဏမ် ဂစ္ဆာမိ
သံဃမ် သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ
တတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ
(မကာရန္တ သရဏဂုံ ဆောက်တည်ပုံပြီး၏)။

နိဂ္ဂဟိတန္တ မကာရန္တ သရဏဂုံ နှစ်ထပ်ဆောက်တည်၍ပြီးဆုံး လျှင် အာမဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလက္ခန္ဓ အဓိသီလ သိက္ခာ သုံးပါးအား ကံသုံးပါးတွင် တပ်ဆင်တည်ဆောက်မှသာ လျှင် ဗုဒ္ဓ ဩဝါဒခံတဲ့ သောတာပန် အရိယာဖြစ်ကြပေမည်။

သဗ္ဗပါပဿ အကရဏံ၊ ဧတံ ဗုဒ္ဓါန သာသနံ။
(ဩဝါဒ ပါတိမောက်)

ကာယကံ သဗ္ဗအလုံးစုံ ဝစီကံ သဗ္ဗအလုံးစုံ မနောကံ သဗ္ဗ အလုံးစုံတို့ဖြင့် ပါပဿပြုခြင်း၊ ပြောခြင်း၊ ကြံခြင်းဟု ဆိုအပ် သော ကိုယ်နှုတ် နှလုံး သုံးပါးလုံးဖြင့် မကောင်းမှုဒုစရိုက်အဖြာ ဖြာတို့ကို အကရဏံ ဘုရားတပည့်တရားရှိသည်ကို အများသိ အောင် ရှက်ဆောင်လို၍ ကာယကံ သဗ္ဗအလုံးစုံဖြင့် မပြုခြင်း၊ ဝစီကံ သဗ္ဗအလုံးစုံတို့ဖြင့် မပြောခြင်း၊ မနောကံ သဗ္ဗအလုံးစုံတို့ ဖြင့် မကြံစည်ခြင်းတို့သည် သာဓုကောင်းလှစွာ၏(ဝါ) အပါယ် လေးရပ်နှင့် သေခန်းပြတ်သဖြင့် ကောင်းမြတ်လှပါပေ၏။ ဧတံ ဤမြတ်လှစွာသော တရားသည်။ ဗုဒ္ဓါနံ၊ ဂဂါဝါဠု သဲဇုမျှမက ပွင့်တော်မူကြကုန်သော သမန္တစက္ခု သဗ္ဗညု ဘုရားရှင်တို့၏။ သာသနံ၊ သာသနာတော်မြတ်ကြီးပေတည်း (ဝါ) ငါဘုရား၏ အာဒိကလျာဏံ အစ၏ကောင်းခြင်းဖြစ်သော အဓိသီလ သာသ နာတော်မြတ်ကြီးပေတည်း။

**မှတ်ချက်**။ ထို့ကြောင့် သမ္မဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ ပဉ္စင် အာဇီဝဋ္ဌမက ဂရုဓမ္မ အဓိသီလ သီလက္ခန္ဓ မဂ္ဂင် သုံးပါး သိက္ခာပုဒ် အစားစားအား ဆောက်တည်ရန် ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ပြဆိုပေအံ့။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
ပါဏာတိပါတာ၊ သတ်ခြင်း အစားစားမှ။ ဝေရမဏီ။
ရှောင်ကြဉ်ပါ၏။
သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

၂။ အာဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ၊ ခိုးယူခြင်းအစားစားမှ။ ဝေရမဏီ၊
ရှောင်ကြဉ်ပါ၏။ သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်
တော်မူသော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊
ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိ
ယာမိ၊
ကာမေသုမိစ္ဆာစာရာ၊ မှားသော မိစ္ဆာ ကာမလေးပါး
ကျူးလွန်ခြင်း အစားစားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်
ပါ၏။
သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊မုသာ
ဝါဒါ၊ မဟုတ်မမှန်လိမ်ပြောခြင်း အစားစားမှ။ဝေရ
မဏီ၊ ရှောင်ကြဉ်ပါ၏။

သိက္ခာပဒံ၊ မြတ်စွာဘုရားပညတ်တော်မူသော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၅။ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ပိသုဏာဝါစာ၊ သူနှစ်ဦးခြား ဂုံးတိုက်ခြင်းအစားစားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော် မူသော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၆။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ဖရုသဝါစာ၊ ကြမ်းကြမ်းတမ်းတမ်း ဆဲခြင်း အစားစားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။
သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၇။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သမ္ဖပ္ပလာပါ၊ အနက်ဒြပ်ကင်း သိမ်ဖျင်းသောစကားပြောဆိုခြင်း အစားစားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

၈။ အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဘိဇ္ဈာ၊ သူ့စည်းစိမ်ကို မတရားကြံခြင်း အစားစား
မှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။

သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

၉။ ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ဗျာပါဒါ၊ ရန်ငြိုးဖွဲ့ခြင်း အစားစားမှ။ ဝေရမဏီ၊
ရှောင်ကြဉ်ပါ၏။

သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

၁၀။ မိစ္ဆာဒိဋ္ဌိ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မိစ္ဆာဒိဋ္ဌိ၊ အယူမှားခြင်း အစားစားမှ။ ဝေရမဏီ၊
ရှောင်ကြဉ်ပါ၏။

သိက္ခာပဒံ၊ မြတ်စွာဘုရားပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

၁၁။ မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မိစ္ဆာအာဇီဝါ၊ မနောကံ ရှေ့သွား ကာယ ဒုစရိုက်

အစားစား၊ ဝဇီဒုစရိုက် အစားတို့ဖြင့် အသက်မွေးခြင်း
အစားစား တို့မှ၊ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။
သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

၁၂။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့စေတတ်သော
သုရာငါးပါး၊ မေရယငါးပါးတို့ကို သောက်ခြင်း၊ စား
ခြင်း၊ မျိုခြင်း၊ မွတ်ခြင်း၊ ထိုးခြင်း၊ အစားစားမှ။
ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။
သိက္ခာပဒံ၊ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာ
ပုဒ်တော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ
ဆောက်တည်ပါ၏။

(အာမ ဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ)

ပဉ္စင်အာဇီဝဋ္ဌမက ဂရုဓမ္မ အဓိသီလ သီလက္ခန္ဓ မဂ္ဂင်သုံး
ပါးကိစ္စ ပွားများဆောက်တည်ပုံပြီး၏။

**မှတ်ချက်**။ သီလက္ခန္ဓ၊ သီလနှင့်ပြည့်စုံရုံမျှဖြင့် ရပ်တံ့ တည်
နားရျှမနေထိုက်ပေ။

သီလပရိဘာဝိတော သမာဓိ မလပ္ဖလော ဟောတိ မဟာ
နိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ
မဟာနိသံသာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မ ဒေဝ အာသဝေဟိ
ဝိမုစ္စတိ။ ဟူသောသုတ်မဟာဝါပါဠိတော်အရ—

## အထူးတိုက်တွန်းချက်

ပဋိပတ်ကျင့်စဉ်ကို ပါဠိတော်နည်းဖြင့် လွယ်ကူစွာနှုတ်တက် အရ ဆောင်ကြရန် ညဥ့်နံနက် ဥပုသ်နေ့မှတပါး ဆောက်တည် ပွားများအပ်သော လူသောတာပန်,လူသကဒါဂါမ်ပုဂ္ဂိုလ်တို့၏ ကျင့်စဉ် အောက်မဂ်၊ အောက်ဖိုလ် နှစ်ပါးဆိုင်ရာ မဂ္ဂင်ရှစ်ပါး ခန္ဓာသုံးပါး၊ အနုဓမ္မ ကျင့်ဝတ်တရားများနှင့် ဥပုသ်နေ့များ၌ အနာဂါမ်မဂ်, အနာဂါမ်ဖိုလ်, အရဟတ္တဖိုလ်ဆိုင်ရာ လူအနာ ဂါမ်, လူရဟန္တာတို့ ကျင့်အပ်သော ကျင့်စဉ်ဖြစ်သော အာဇီဝ ဋ္ဌမက ငါးပါးသီလ၊ရှစ်ပါးသီလ၊ဆယ်ပါးသီလများကို ဆောက် တည် ရှောင်ကြဉ်ကြရန် သီလတောင်းနှင့် သိက္ခာပုဒ်များကို နှုတ်တက်အရ ဆောင်ကြရန် ပါဠိဘာသာသက်သက်ဖြင့် ပြဆို လိုက်ပေအံ့။

## ပါရမီမဂ်ထာ စတုဘုမ္မိကကျင့်စဉ်ကို ပါဠိဘာသာဖြင့်ပြဆိုခြင်း

ဗုဒ္ဓေါ မေ နာထောမှစပြီး သြကာသယပဏာမ တိုင်အောင် ပြဆိုထားပြီးဖြစ်သည့်အတိုင်း ရွတ်ဆိုပွားများပြီးပါက....

လူသောတာပန်, လူသကဒါဂါမ် နှစ်ယောက်တို့ စောင့် ရှောက် ဆောက်တည်အပ်သော ပဉ္စင်္ဂသမန္နာဂတ၊ အာဇီဝ ဋ္ဌမ ကသီလတောင်းခံပုံ–

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စင်္ဂ သမန္နာဂတံ အာဇီ ဝဋ္ဌမက ဂရုဓမ္မသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ၊ တတိယမ္ပိ၊ထည့်၍ သုံးကြိမ်ဆောက်တည်ရမည်။
အာမဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
(သုံးကြိမ်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ
ဓမ္မမ် သရဏမ် ဂစ္ဆာမိ
သံဃမ် သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မမ် သရဏမ် ဂစ္ဆာမိ
တတိယမ္ပိ သံဃမ် သရဏမ် ဂစ္ဆာမိ
အာမ ဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ၊

## ဆောက်တည်ရန် သိက္ခာပုဒ်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
၂။ အဒိန္နာဒါနာ ။ ။ ။
၃။ ကာမေသုမိစ္ဆာစာရာ ။ ။ ။
၄။ မုသာဝါဒါ ။ ။ ။
၅။ ပိသုဏာဝါစာ ။ ။ ။
၆။ ဖရုသဝါစာ ။ ။ ။
၇။ သမ္ဖပ္ပလာပါ ။ ။ ။
၈။ အဘိဇ္ဈာ ။ ။ ။
၉။ ဗျာပါဒါ ။ ။ ။
၁၀။ မိစ္ဆာဒိဋ္ဌိ ။ ။ ။
၁၁။ မိစ္ဆာအာဇီဝါ ။ ။ ။
၁၂။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ။ ။

အာမ ဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ။

**လူအနာဂါမ်တို့ စောင့်ရှောက် ဆောက်တည်အပ်သော အာဇီဝဋ္ဌမက၊ ဥပေါသထ ရှစ်ပါးသီလ တောင်းခံနည်း**

ဗုဒ္ဓေါ မေ နာထောမှစပြီး ဩကာသ ပဏာမ တိုင်အောင် ပြဆိုထားသည့်အတိုင်း ရွတ်ဆိုပွားများပြီးပါက–

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက ဥပေါသထသီလံ မမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ တတိယမ္ပိထည့်၍ သုံးကြိမ် ဆောက်တည်။

အာမ ဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## (သုံးကြိမ်ဆို)

**မှတ်ချက်။** သရဏဂုံမှာ ပြဆိုခဲ့ပြီးသည်အတိုင်း ရွတ်ဆိုရမည်။

## ဆောက်တည်ရန် သိက္ခာပုဒ်အစဉ်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
၂။ အဒိန္နာဒါနာ ။ ။ ။
၃။ အဗြဟ္မစရိယာ ။ ။ ။
၄။ မုသာဝါဒါ ။ ။ ။
၅။ ပိသုဏာဝါစာ ။ ။ ။
၆။ ဖရုသဝါစာ ။ ။ ။
၇။ သမ္ဖပ္ပလာပါ ။ ။ ။
၈။ အဘိဇ္ဈာ ။ ။ ။
၉။ ဗျာပါဒါ ။ ။ ။
၁၀။ မိစ္ဆာဒိဋ္ဌိ ။ ။ ။
၁၁။ မိစ္ဆာအာဇီဝါ ။ ။ ။
၁၂။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ။ ။
၁၃။ ဝိကာလဘောဇနာ ။ ။ ။
၁၄။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၅။ ဥစ္စာသယနာ မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေပါ အရှင်ဘုရားဟု ဝန်ခံလေ။

## ရဟန္တာတို့ စောင့်ရှောက်ဆောက်တည်အပ်သော သာဇီဝဋ္ဌမက ဥပေါသထ ဆယ်ပါးသီလတောင်းခံနည်း

ဗုဒ္ဓေါ မေ နာထောမှစပြီး ဩကာသ ပဏာမတိုင်အောင် ပြဆိုထားပြီးသည့်အတိုင်း ရွတ်ဆိုပွားများပြီးပါက-

အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးကြိမ်ထည့်၍ဆောက်တည်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(သုံးကြိမ်ဆို)

**မှတ်ချက်။** သရဏဂုံမှာ ပြဆိုခဲ့ပြီးသည့်အတိုင်း ရွတ်ဆိုရမည်။

## ဆောက်တည်ရန် သိက္ခာပုဒ်အစဉ်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
၂။ အဒိန္နာဒါနာ ။ ။ ။
၃။ အဗြဟ္မစရိယာ ။ ။ ။
၄။ မုသာဝါဒါ ။ ။ ။

၅။ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
၆။ ဖရုသဝါစာ ။ ။ ။
၇။ သမ္ဖပ္ပလာပါ ။ ။ ။
၈။ အဘိဇ္ဈာ ။ ။ ။
၉။ ဗျာပါဒါ ။ ။ ။
၀။ မိစ္ဆာဒိဋ္ဌိ ။ ။ ။
၁။ မိစ္ဆာအာဇီဝါ ။ ။ ။
၂။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ။ ။
၃။ ဝိကာလဘောဇနာ ။ ။ ။
၄။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၆။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၇။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(သီလက္ခန္ဓ မဂ္ဂင်သုံးပါးကိုစွ ပွားများတည်ဆောက်ပုံပြီး၏)

သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ၊ ပါရမီလုပ်ငန်းကို ဆက်လက် ပွားများရမည်။

(ပွားများရန်အခန်းကို ဆက်လက်ပြပေအံ့)

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ (ဦးတကြိမ်ချ)
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ ( ။ )
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ( ။ )
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။
(သုံးကြိမ်ရွတ်ဆို ဆုတောင်းပါလေ)

အတ္ထိ ဣမသ္မိံ ကာယေ (အနုလောမပွားနည်း)

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ။
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊
ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

အတ္ထိ ဣမသ္မိံ ကာယေ (ပဋိလောမပွားနည်း)
မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အဿု။
မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။
မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။
ပပ္ဖာသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

## သဗ္ဗတ္ထအနုလောမ ပွားနည်း

### ဤရှုပကာယခန္ဓာကိုယ်၌

ဆံပင်၊မွေးညှင်း၊ခြေသည်းလက်သည်း၊သွား၊အရေထူအရေပါး။
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့။
နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုပ်။
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

## သဗ္ဗတ္ထပဋိလောမ ပွားနည်း

### ဤရှုပ ကာယခန္ဓာကိုယ်၌

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
အဆုပ်၊ အဖျဉ်း၊ အမြှေး၊ အသဲ၊ နှလုံး။
အညို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
အရေထူအရေပါး၊သွား၊ခြေသည်းလက်သည်း၊မွေးညှင်း၊ဆံပင်။

ဥဒ္ဓံပါတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခေယျ ဂဟာဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(သမာဓိက္ခန္ဓ မဂ္ဂင်သုံးပါးကိုစွ ပွားများဆင်ခြင်ပုံ ပြီး၏။)

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၂။ အနိစ္စာ ဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
၃။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၄။ ဒုက္ခာဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
၅။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
၆။ အနတ္တာ ဝတ ဘော ယေ ဓမ္မာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
(ပညာက္ခန္ဓမဂ္ဂင်နှစ်ပါးကို ပွားများထင်မြင်ပုံပြီး၏။)

## ဘုရားဂုဏ်တော် ကိုးပါး

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

## တရားဂုဏ်တော်ခြောက်ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိ

ပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝ
တော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝ
ကသံဃော၊ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊
ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေ
ယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညခေတ္တံ
လောကဿာတိ။

## သံဃာ ဂုဏ်တော်ကိုးပါး

## ဇာဂရိယ နုယောဂခြောက်ပါး

၁။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။
၂။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဓမ္မဂတာသတိ။
၃။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ သံဃဂတာသတိ။
၄။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ကာယဂတာသတိ။
၅။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ အဟိံသာယ ရတောမနော။
၆။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ ဘာဝနာယ ရတောမနော။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ
ယေတုပစ္စယာ။

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ
ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ တယော ခန္ဓေ
ပဋိစ္စ ဧကော ခန္ဓော ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။
ဒါနမေတံ မယာ ဂတမဂ္ဂေါ သီလမေတံမယာ ဂတမဂ္ဂေါ

နိက္ခမံယေဝ ပူရေန္တော နိဗ္ဗာနပစ္စယော ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံဟောတု
ဣဒံ မေ မုညံ အာသဝက္ခယမတ္တံ ဝဟံဟောတု
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံဟောတု
စိရံတိဋ္ဌတုသဒ္ဓမ္မော ပု-ဒိ-အာ-နှင့် ပြည့်စုံပါစေသော။
သိက္ခာသုံးပါး ပဋိပတ်ကျင့်စဉ် ပါဠိဘာသာ ပြဆိုခဏ်း
ပြီး၏။

ဧကံသေနာဟံ အာနန္ဒ ကရဏီယံ့ ဝဒါမိ ကာယသုစရိတံ
ဝစီသုစရိတံ မနောသုစရိတံ။

(အင်္ဂုတ္တိုရ် ပါဠိတော်)

အာနန္ဒ၊ အာနန္ဒာ။ အဟံ၊ ငါဘုရားသည်။ ကာယ သုစရိတံ
ကာယသုစရိုက်ကိုပင်း၊(ဝါ)ကိုယ်ဖြင့်ကောင်းစွာကျင့်အပ်သော
ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ကာမေသု
မိစ္ဆာစာရာ ဝေရမဏီ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ
ကည်းဟူသော လေးပါးသောအမှုကိုရင်း၊ ဝစီသုစရိတံ၊ ဝစီ
သုစရိုက်ကိုရင်း၊ (ဝါ) နှုတ်ဖြင့် မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာ
ဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပ ဝါစာ

ဝေရမဏီ တည်းဟူသော လေးပါးသောအမှုတို့ကိုရှင်း၊ မနောသုစရိတံ၊ မနောသုစရိုက်သည်ရှင်း။ (ဝါ) စိတ်ဖြင့်ကောင်းစွာကျင့်အပ်သော အဘိဇ္ဈာ ဝေရမဏီ၊ ဗျာပါဒါ ဝေရမဏီ၊ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ၊ မိစ္ဆာအာဇီဝါဝေရမဏီ တည်းဟူသော လေးပါးသော အမှုကိုရှင်း၊ ကေံသေန၊ မချွတ်ကေန် စင်စစ်မှန်သဖြင့်။ ကရဏီယံ၊ ပြုကျင့်အပ်၏ဟု ရှင်ပင်ဗုဒ္ဓ ဆုံးမသောဒေသနာ ထင်ရှားစွာ ရှိပါသောကြောင့် ဗုဒ္ဓဿဝါဒ ခံရင်းဖြင့်သောတာပန်အရိယာအစစ် ကေန်ဖြစ်ပေမည်။

ကောင်းသော အယူရှိသော ပုဂ္ဂိုလ်အား ကာယကံ၊ ဝစီကံ မနောကံ၊ ကံသုံးပါးတို့တွင် အမိုက်အမှား မတရားတာတွေကို ပယ်စွန့်၍ စင်ကြယ်သန့်ရှင်း အပြစ်ကင်းအောင် ကံသုံးပါး ပြည့်စုံအောင် ကောင်းစွာဆောက်တည်အပ်ကြောင်းကို....

[အမှာစကားရပ်]

သီလက္ခန္ဓံ အပူရေတွာ သမာဓိက္ခန္ဓံ ပရိပူရိဿန္တိတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(ပဋ္ဌာန် နိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်)

သီလက္ခန္ဓံ၊ သီလက္ခန္ဓကို (ဝါ) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင် သုံးပါးကို။ အပူရေတွာ၊ မဖြည့်ကျင့်မူ၍။ သမာဓိက္ခန္ဓံ၊ သမာဓိက္ခန္ဓကို (ဝါ) သမ္မာဝါယမ၊ သမ္မာသတိ။ သမ္မာသမာဓိ၊ သမာဓိမဂ္ဂင်သုံးပါးကို ဖြည့်ကျင့်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

(ပဋ္ဌမနိပါတ်အင်္ဂုတ္တိုရ်)

ဤဖော်ပြအပ်သော ဒေသနာတော် အရကား ထင်ရှားလှပါသည်၊ ထိုကြောင့် သီလကိုကျင့်ကြံ အားထုတ်သည် ဆိုရာ၌ ဝေရမဏီ ပဟာတဗ္ဗကိစ္စဖြင့် ပယ်သတ်၍ သိက္ခာပဒံ သမာဒိယာမိ၊ ဘာဝေ တဗ္ဗကိစ္စဖြင့် ပွားများခြင်းကိစ္စသည် ဝိဝါဒ ကွာခြားမှုတွေ ရှိနေပါသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို တမှန်တကယ် လိုလားကြကုန်သော အမျိုးကောင်း သားသမီး သူတော်စင်တို့ အထူးသတိထားရန် အလွန်အရေးကြီးသောကြောင့် သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး၏ အလိုတော်ကျ ပါဠိတော် ထုတ်ဆောင်၍ပြပေအံ့။

သမ္မာဒိဋ္ဌိကာ ဘိက္ခဝေ ပုရိသပုဂ္ဂလဿ ယဉ္စေဝ ကာယကမ္မံ ယထာဒိဋ္ဌိသမတ္တံ သမာဒိန္နံ ယဉ္စေဝ ဝစီကမ္မံ ယထာဒိဋ္ဌိသမတ္တံ သမာဒိန္နံ ယဉ္စ မနောကမ္မံ ယထာဒိဋ္ဌိ သမတ္တံ သမာဒိန္နံ။

(အင်္ဂုတ္တိုရ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ (ဝါ) မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် လိုလားကြကုန်သော ချစ်သား ချစ်သမီးတို့။ သမ္မာဒိဋ္ဌိကာ၊ ကောင်းသောအယူရှိသော။ ပုရိသပုဂ္ဂဿ၊ ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်အား။ ယဉ္စေဝ ကာယကမ္မံ၊ အကြင်ကာယကံကိုလည်း။ ယထာဒိဋ္ဌိ၊ ကောင်းသောအယူရှိသည့်အားလျော်စွာ။ သမတ္တံ၊ ပြည့်စုံအောင်။ သမာဒိန္နံ၊ ကောင်းစွာဆောက်တည်အပ်၏။ ယဉ္စေဝ ဝစီကမ္မံ၊ အကြင် ဝစီကံကိုလည်း ယထာဒိဋ္ဌိ။ ကောင်းသောအယူရှိသည့် အားလျော်စွာ။ သမတ္တံ

ပြည့်စုံအောင်။ သမာဒိဏ္ဏံ၊ ကောင်းစွာ ဆောက်တည် အပ်၏၊ ယဉ္စမနောကမ္မံ၊ အကြင် မနောကံကိုလည်း။ ယထာဒိဋ္ဌံ၊ ကောင်းသောအယူရှိသည့်အားလျော်စွာ။ သမတ္တံ၊ ပြည့်စုံအောင်။ သမာဒိဏ္ဏံ၊ ကောင်းစွာ ဆောက်တည်အပ်၏။

ဒုစရိုက်တရားများကို ပယ်ရှားစွန့်ပစ်၍ မလိုက်စားမပြုလုပ်ကြလင့်၊ သုစရိုက်တရားများကို အားထုတ်ပွားများကြ၊ ဆောက်တည်ကြကုန်လော့ဟု ဗုဒ္ဓ ဟောကြား ဆုံးမ ဩဝါဒပေးတော်မူကြောင်းကား–

ကာယ ဒုစ္စရိတံ ဘိက္ခဝေ ပဇဟာထ၊
ကာယ သုစရိတံ ဘာဝေထ။
ဝစီ ဒုစ္စရိတံ ဘိက္ခဝေ ပဇဟာထ၊
ဝစီ သုစရိတံ ဘာဝေထ။
မနော ဒုစ္စရိတံ ဘိက္ခဝေ ပဇဟာထ၊
မနော သုစရိတံ ဘာဝေထ။

(တိက အင်္ဂုတ္တိုရ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့ (ဝါ) မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို အမှန်တကယ် လိုလားကြကုန်သော ချစ်သား ချစ်သမီးတို့။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်တရားကို။ ပဇဟာထ၊ ပယ်စွန့်ကြကုန်လော့၊ (ဝါ) မလိုက်စား မပြုလုပ်ကြကုန်လင့်၊ ကာယသုစရိတံ၊ ကာယသုစရိုက်တရားများကို။ ဘာဝေထ၊ ပွားများဆောက်တည်ကြကုန်လော့။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်တရားများကို။ ပဇဟထ၊ပယ်စွန့်ကြကုန်လော့၊ဝစီသုစရိတံ၊ဝစီသုစရိုက်တရားကို ဘာဝေထ၊ ပွားများဆောက်တည်ကြကုန်လော့။

ဘိက္ခဝေ၊ ရဟန်းတို့။ မနောဒုစ္စရိတံ၊ မနောဒုစရိုက်တရားများကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့၊မနောသုစရိတံ၊မနောသုစရိုက်တရားကို။ ဘာဝေထ၊ ပွားများ ဆောက်တည်ကြကုန်လော့။

ဤကဲ့သို့ ဗုဒ္ဓ ဟောတော်မူသော ဒေသနာ ပါဠိတော် မြောက်မြားစွာပင် ရှိပါပေသည်။ ဤကျမ်းကျယ်မည် စိုးသောကြောင့် ယခု တင်ပြအပ်သော ဒေသနာအထောက်အထားမျှဖြင့် ပြည့်စုံလောက်ပြီဟု ယူဆမိပေသည်။ အကျယ်တဝင့် အသိဉာဏ်ထူး ရှာမှီးလိုပါမူကား–ဒွတ္တိံသလောက ဒီပနီကျမ်း၊ ပဋ္ဌိပတ္တိပကာသနီကျမ်း၊ သြကာသဒီပနီကျမ်းတို့တွင် ကြည့်ရှုလေ့လာနိုင်ပေသည်။

သီလက္ခန္ဓ အဓိသီလပါရမီလုပ်ငန်း ဤတွင် ပြီးပြည့်စုံတော့သည်။

သီလက္ခန္ဓေန ဒေါသက္ခန္ဓံ ပဒါလေန္တော အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ။ (မူလ ပဏ္ဏာသ ပါဠိတော်)

သီလက္ခန္ဓေန၊ ရှေ့ကူသီလ အာစာရဖြင့်။ ဒေါသက္ခန္ဓံ၊ လွန်ကြူးပြစ်မှား ဒေါသတရားကို။ပဒါလေန္တော၊ဖောက်ခွဲသည်ဖြစ်၍။ အမတံ၊ ထပ်၍မသေ အမြဲနေရသော။ နိဗ္ဗာနံ၊ တဏှာကုန်ခမ်း နိဗ္ဗာန်နန်းသို့။ သစ္ဆိကရောတိ၊ တကယ်ကေန် အမှန်ပင် မျက်မှောက်ပြုရလေတော့သတည်း။

(၁) ဝစီသစ္စာ၊ (၂) ဝိရတီသစ္စာ၊ (၃) တန်ဏှိက သစ္စာ၊ (၄) ပဋိသာဝသစ္စာ၊ (၅) ဘူမဌသစ္စာ။

သစ္စာငါးချက်....လက်နက်စွဲကိုင်
ဒုစရိုက်တော ....မိုက်တောခုတ်ချိုင်
ဝိရတီထုံး ....ကျင့်သုံးပိုင်ပိုင်
ဒေါသကြမ်း ....ကုန်ခမ်းဖြိုဖျက်နိုင်

## သမာဓိက္ခန္ဓအဓိစိတ္တပါရမီလုပ်ငန်းကိုဆက်လက်ပွားများရမည့်
## (ပွားများရန်အစဉ်ကို ပြပေအံ့)

သီလက္ခန္ဓံ ပရိပူရိတွာ သမာဓိက္ခန္ဓံ ပရိပူရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

(ပဉ္စနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်)

သီလက္ခန္ဓံ၊ သီလက္ခန္ဓကို (ဝါ) သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသီလ မဂ္ဂင်သုံးပါးကို။ ပရိပူရိတွာ၊ ပြည့်စုံပြီး၍။ သမာဓိက္ခန္ဓံ၊ သမာဓိက္ခန္ဓကို (ဝါ)သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ (ဝါ) ကာယဂတာ မဟာသတိပဋ္ဌာန် ပွားများခြင်း အပေါင်းအစုကို။ ပရိပူရိဿတိ၊ ဖြည့်ကျင့်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
(တကြိမ်ဦးချ)

ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
(တကြိမ်ဦးချ)

ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ သံဃံ ပူဇေမိ။
(တကြိမ်ဦးချ)

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ဒါနပါရမီ မင်္ဂလာသုံးပါး၊ သီလပါရမီ မင်္ဂလာသုံးပါး၊ နိက္ခမပါရမီသုံးပါး၊ ပညာပါရမီ အချုပ်ထားအပ်သော ဤပဋိပတ် အကျင့်တရားဖြင့်။ ဗုဒ္ဓံ၊ သုံးဘုံကျော်ကြား သဗ္ဗညုဘုရားရှင်ကြီးကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါး အားလျော်သော ဒါနပါရမီ မင်္ဂလာသုံးပါး၊ သီလပါရမီ မင်္ဂလာသုံးပါး၊ နိက္ခမပါရမီ မင်္ဂလာသုံးပါး၊ ပညာပါရမီ အချုပ်ထားအပ်သော ဤပဋိပတ် အကျင့်တရားဖြင့်။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား။

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ဒါနပါရမီမင်္ဂလာသုံးပါး၊ သီလပါရမီဂ်လာမသုံးပါး၊ နိက္ခမပါရမီ မင်္ဂလာသုံးပါး၊ ပညာပါရမီအချုပ်ထားအပ်သော ဤပဋိပတ် အကျင့်တရားဖြင့်။ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သောအရိယာ မဟာသတိပဋ္ဌာန် ဂိုဏ်းဝင် သံဃာတော်မြတ် တရာ့ရှစ်ပါးကို။ ပူဇေမိ၊ပူဇော်ပါ၏ အရှင်ဘုရား။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ၊
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ၊
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ဒါနပါရမီ မင်္ဂလာသုံးပါး၊ သီလပါရမီ မင်္ဂလာသုံးပါး၊ နိက္ခမပါရမီ မင်္ဂလာသုံးပါး၊ ပညာပါရမီ အချုပ်ထားအပ်သော ဤပဋိပတ် အကျင့်တရားကြောင့်။ အဒ္ဓါ၊ မချွတ်မလွဲ။ ဇရာမရဏမှာ၊အိုခြင်း သေခြင်း ဘေးခပင်းအပေါင်းမှ။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

(ကောဋ္ဌာသအမွန်း ဓမ္မပဒပါဠိတော်)

မဂ္ဂသစ္စာ ပွားများရာ၌ နှိုးဆော်တိုက်တွန်းရန်
န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတိ သုတာဏတာ။
ဧတံ အတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာန ဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

အန္တကေန၊ ရုပ်နာမ်နှစ်ချက် ခန္ဓာအသက်ကို ဖြိုဖျက်သတ်ညှင်း ရှင်သေမင်းကြီးသည်။ အဓိပန္နဿ၊ ကိုးဆယ့် ခြောက်ဖုံ လက်နက်စုံတို့ဖြင့် အကုန်ပစ်ခွင်း ဖိကာနင်း၍ အတင်းတိုက်ခတ် နှိပ်စက်အပ်သောသူအား။ တာဏာယ၊ သေမင်းလက်နက် ရန်စစ်မက်ကို တိုက်ဖျက်စီးနင်း ပုံးအောင်းခြင်းငှာ။ ပုတ္တာ၊အတွင်းသားဟု တအားပြုဘို့အမှုကြိုဆီးသားသမီးတို့သည်။နသန္တိ၊ကယ်နိုင်ဘို့ သတ္တိရှာဖွေကာကြည့်တော့မရှိ မတွေ့နိုင်ပါကုန်။ သုတာဏတာ သေမင်းဘေးကို မလေးမကြောက် သေရေးရောက်က အေး ပျောက်အောင်သတ် စောင့်ရှောက်အပ်သော။ ပိတာပိ၊ မိဘနှစ်

အင် ကျေးဇူးရှင်ဟု ပေါ်လွင်သော သူများလည်း။ နတ္ထိ၊ သေမင်းကို တော်လှန်လွတ်အောင် ကြံသော်လည်း ကေန်မရ မရှိနိုင်ပါပေ။ ဗန္ဓဝ ါပိ၊မိတ်ဆွေခပင်း ချစ်ခင်ရင်းတဲ့အသင်းအဖွဲ့ များသည်လည်း။ နတ္တိ၊ သေမည့်ဘေးရန် ကာကွယ်ဘို့ ကြံသော် လည်း အမှန်မရှိ မရနိုင်ပါပေ။ ဉာတိပိ၊ မိဘက်ဖဘက် အနွယ် ဆက်သည့် တိုးတက်ကြီးမား ဆွေမျို့များသည်လည်း။ နတ္ထိ၊ သေမည့်ဆဲဆဲ မျက်ရည်ဝဲသော်လည်း နဲနဲမှပင် ကယ်ယူတင်ဘို့ အားအင်မရှိကြပါပေ။ တေံ အတ္တာဝသံ၊ ထိုသို့ဆိုပြီး သားသမီး နှင့် မိတ်ကြီးသားချင်း ဆွေမျိုးရင်းတို့ သေမင်းနှင့်ဆိုင်ကိုးကွယ် ရာ မရနိုင်သော အဖြစ်ကို။ဉတွာ၊ အသိ အလိမ္မာဉာဏ်သဘော မှန်ဖြင့် ကေန်သိကြတော့သည်ဖြစ်၍။ ပဏ္ဍိတော၊ ဗုဒ္ဓသာသနာ ယုံကြည်ပါတဲ့ ပညာရှိများသည်။ သီလသံဝုတော၊ မင်္ဂလာသီလ မင်္ဂသီလကို နေ့ညမပျောက် ထိန်းသိမ်းစောင့်ရှောက်လျက်။နိဗ္ဗာ နဂမနံ၊ တဏှာကုန်ခမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းဝင်ရောက် တတ်သော။ မဂ္ဂံ၊ သမာဓိပညာ ပြည့်ကြွယ်လာမည့် အဖြာဖြာ သောလုပ်ငန်း မဂ္ဂင်လမ်းတွေကို။ ခိပ္ပမေဝ၊ မကြာစေရ ယခု ဘဝ ယခုခဏ္ဍသာလျှင်။ ဝိသောဓယေ၊ ပွားနည်းလုပ်ငန်း အခန်းခန်းတို့ဖြင့် ကြိုးပမ်းသုတ်သင် ကြရလေတော့ သတည်း (ဝါ)ပွားနည်းအတန်တန် လုပ်ငန်းမှန်တို့ဖြင့် သန်သန်ကြီးသာ သုတ်သင်ကြပါ အံ့သတည်း။

ဤနေရာတွင် မဂ္ဂသစ္စာ ပွားများခြင်း လုပ်ငန်း (ဝါ) သမာဓိလုပ်ငန်းကို မဖော်ပြမှီယခုလောကတွင် ကမ္မဋ္ဌာန်းတရား

အားထုတ်မှု၌ စရိုက်အားလျော်စွာ စရိုက်အားအော်စွာဟုစရိုက် အကြောင်း အထူးပြောဆိုနေကြသဖြင့် စရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်း တရားအလုပ်ကို ဖော်ပြပေအံ့။

## စရိုက်ခြောက်ပါး

(၁) ရာဂစရိုက်၊ (၂) ဒေါသစရိုက်၊ (၃) မောဟစရိုက်၊ (၄) သဒ္ဓါစရိုက်၊ (၅) ဗုဒ္ဓိစရိုက်၊ (၆) ဝိတက်စရိုက်.... စရိုက်အားဖြင့် ဤခြောက်ပါးပင်တည်း။

ထိုကြောင့် ယခု လူ့လောက၌ ဘယ်စရိုက်အလွန်များပါ လဲလို့ မေးရင်ဖြင့် မလွဲပဲစရိုက်က ရာဂစရိုက်ဖြစ်ပါတယ်၊ ရာဂ စရိုက်ဆိုသည်မှာလည်း အာရုံ အရပ်ရပ် စွဲငြိကပ်ခြင်း (ဝါ) လောကီအာရုံ ကာမဂုဏ်ဘက်၌ မရှက်မကြောက် လိုက်စားမှုပင် ဖြစ်ပါသည်။ အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိဟု ကျမ်းဂန် ပါဠိကို ထောက်ရှုလျှင် တဏှာသည် ဘုံသုံးပါး၏ မူလဖြစ် ကြောင်း သူတော်ကောင်းတို့ စုပေါင်းဝန်ခံရပါလိမ့်မည်။

**မှတ်ချက်။** တဏှာနှင့်ရာဂ ဆက်သွယ်ပုံကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မရှိပါမူ ငြိငြင်သော စိတ်ပျောက် နိုင်ပါတယ်။ ၃၂-ကောဋ္ဌာသ အပေါင်းအစု ဖြစ်သော ကာယကိုယ်ကောင်ကို ကြည့်ရှုရာ၌ (ဝါ) ဉာဏ်မျက်စိဖြင့် မကြည့်မမြင် ပါမူကား ပျောတယ် လှတယ် တင့်တယ်,ကယ်ဟု ထင်မြင်မှု

အဝဝကြောင့် ရာဂဖြစ်ပေါ်ခွင့်ရပါတယ်၊ ရာဂပွားသောအခါ ဝေဒနာ အားရှိလာပါတယ်။ ဝေဒနာ စည်ကားသောအခါ တဏှာ အင်အားကြီးထွား လာတတ်ပါတယ်။ တဏှာ လောဘအင်အားကြီးမားပါက ဒေါသ မောဟတရားတွေနောက်ကပါလာမည်ကား ယုံမှားဘွယ်ရာ မရှိပါပေ။ ရာဂစရိုက် အင်အားကြီးမားပုံကို သက်သေထူရပါလျှင် တရားပွဲ, တရားနာ,ဥပုသ်စောင့်ဘုရား ကုသိုလ်တော်ပွား လုပ်ငန်းများတွင် လူလာနည်းသည်ကို ထောက်လျှင် အလွန်ပင် သိလောက်ပါတယ်။တနည်းကား ရာဂစရိုက်အတွက် စည်းကမ်းကောင်း ပျက်၍ အရှက် အကြောက်ကင်း ဝတ်ဆင်ခြင်းက အမျိုးမျိုး၊ စားသောက်ဘွယ်က အသွယ်သွယ်၊ ဤကဲ့သို့ မြင်မှု, ကြားမှု, နံမှု,စားမှု,ထိမှု ဤငါးခုသည် တဏှာရာဂအတွက် ကာမဂုဏ် လက်နက်ဆန်းများ ဖြစ်ကြပါတယ်၊ ထို့ကြောင့် ရာဂဝင်၍ လိုချင်တဲ့ လောဘ တားမရအောင် ပြင်းထန်လာတတ်ပါတယ်ယ်။

ဒီရန်သူကို တိုက်ဖျက်ဖို့ လက်နက် ကောင်းရှာဘို့ အလွန်အရေးကြီးပေသည်။ ၎င်းရာဂနှင့် တဏှာသည် ဘယ်မှာ ရှိနေပါသလဲလို့ မေးရင် ရုပ်နာမ်တရား နှစ်ပါးတို့တွင်သာ တည်နေပါ

တယ်၊ ဘုရားရှင်လက်ထက်တော်က ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ပွားများ အားထုတ်မှုကြောင့် နာမ်ဘက်ဆိုင်ရာ ကိစ္စများ ပါဝင် ယှဉ်တွဲကာ တကိစ္စတည်း ပြီးသွားကြပါတယ်၊ ထို့ကြောင့် ရုပ်ပိုင်းတရား ဆ ကောဋ္ဌာသ ကမ္မဋ္ဌာန်းအလုပ်ကို ပွား၍ တိုးပွားသော ရာဂကို တိုက်ဖျက်ရပါလိမ့်မည်။

အာဂန္တုကေန ယံကာယော၊ အလင်္ကာရေန မဏ္ဍိတော။
ရာဂဂ္ဂိဒါဟ စက္ခုနာ၊ သုဘာရူပန္တိ ဒိဿရေ။

အာဂန္တုကေန၊ ခေတ္တမျှိတွယ် နေနားလွယ်ကြတဲ့ ဧည့်သည်နှင့် တူသော။ အလင်္ကာရေန၊ အဝတ်တန်ဆာ ပန်းနံ့သာ စသည်များဖြင့်။ မဏ္ဍိတော၊ အမျိုးမျိုးပင် စိတ်ကူးယဉ်သလိုပြင်ဆင်ထားအပ်သည်ဖြစ်၍။အယံကာယော၊ ဤကိုယ်ကောင်ကြီးကို။ ရာဂဂ္ဂိဒါဟ စက္ခုနာ၊ ရာဂလောင်မီး လွန်အားကြီးအောင် ပွားစီးလှသည့် ထိုပုထုဇဉ်မျက်စိဖြင့်။ သုဘာရူပန္တိ၊ ချောတယ်၊ လှတယ်၊ တင့်တယ်–ယဉ်တယ်ထင်ကြ ရူပကာယဟု။ ဒိဿရေ၊ အဝိဇ္ဇာလှည့်စား တဏှာပွားအောင် ထင်မှား မြင်မှားအပ်လေကုန်တော့သတည်း။

၃၂ ပါးသော ကောဋ္ဌာသ အစုကို ငါ့, သူတပါး, ယောကျ်ား, မိန်းမရယ်လို့ ထင်မြင်ယူဆမှုသည် ရာဂ မီးလောင်နေခြင်းသာဖြစ်ပါသည်။ ၎င်းရာဂမီးတောက်ကို ငြိမ်းသတ်ရန်

သည် အလွန်အရေးကြီးပေသည်။ ဤကဲ့သို့ အဝိဇ္ဇာတဏှာ လက်ဘင်းမှ လွတ်မြောက်ရန် ရာဂရန်သူကို တိုက်ဖျက်ရပေမည်။ ထို့ကြောင့် လက်နက်ကောင်း ရှာရာတွင်—

ကာယံ ဣမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ။

ကာယေ သ ဘာဝံ ဒိသွာန၊ ဒုက္ခဿန္တံ ကရိဿထ။

သဇ္ဇနာ၊ စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းအလုပ် ရှာကြတဲ့ အို–သူတော်ကောင်းအပေါင်းတို့။တုမြေ၊သင်တို့သည်။ဣမံကာယံ ၃၂-ဖြာ ကာယဂတာဥ် သွင်းခါပေါင်းစီး ဤကိုယ်ကောင်ကြီးကို။ သမ္မသထ၊ ပွားနည်းငါးရပ် သမ္မာပတ်ဖြင့် အထပ်ထပ်သာ သုံးသပ် ပွားများကြပါကုန်လော့။ ပုနပ္ပုနံ၊ နေ့ညဆိတ်ငြိမ် ဥာဏ်မမှိန်အောင် အကြိမ်ပေါင်းများစွာ။ ဣမံကာယံ၊ ၃၂ ဖြာ ကာယဂတာဥ် သွင်းကာပေါင်းစီး ဤကိုယ်ကောင်ကြီးကို။ ပရိဇာနာထ၊ဉာတပရိညာဏ် တီရဏပရိညာဏ် ပဟာနပရိညာဏ်ဤပရိညာဏ်သုံးတန်ဖြင့်ဝေဖန်ပိုင်းခြားအသိပွားလိုက်ကြပါကုန်လော့။ ကာယေ၊ ခြေမှခေါင်းဆုံး တကိုယ်လုံးသာ သိမ်းကျုံးပွားစီး ကိုယ်ကောင်ကြီးကို။ သဘာဝံ၊ ရှိရှာဘူယ် စက်ဆုပ်ဘွယ် မတင့်တယ်ဟု အသွယ်သွယ်သော သဘောမှန်တွေကို။ဒိသွာန၊ကြီးစားနိုင်သလောက် အသိထူးပေါက် ဥာဏ်ထူးရောက်ကြတော့သည် ဖြစ်ပါ၍။ ဒုက္ခဿန္တံ၊ ဆင်းရဲမျိုး အားလုံး ပျောက်ပြေပြီးကြတဲ့ လမ်းဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿထ၊ သိက္ခာရင့်သလောက် ကိလေသာပျောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

ပါပသ္မိံ ရမတီ မနော။ (ဓမ္မပဒပါဠိတော်)

မနော: စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်၏။

**ဥပမာကဗျာ**....ရေမည်သည် နိမ့်ရာသို့ စီးဆင်းလေ၏။ ထို့အတူ စိတ်ကို အလွှတ်ထားပါလျှင်ကား မကောင်းရာသို့ သွင်သွင် သွားမြဲဓမ္မတာ သဘောသာလျှင်တည်း။

သုဆန္နံ ယထာ အာဂါရံ၊ ဝုဋ္ဌိန သမတိဝိဇ္ဈတိ။
ဧဝံတထာ ဘာဝိတံစိတ္တံ၊ ရာဂေါ နသမ တိဝိဇ္ဈတိ၊
(ဓမ္မပဒ ပါဠိတော်)

သွတ်သံတို့ဖြင့် ဆောက်လုပ်ထားသော အိမ် အဆောက်အဦးတို့ကို မိုးရေ မိုးပေါက်တို့ မဝင်ရောက် မတိုးဖောက်နိုင်၊ ယိုနည်းတူစွာ ကာယဂတာ ဒွတ္တိံသ ကမ္မဋ္ဌာန်းကိုပွားများသော စိတ်ကိုလဲ ရာဂ ကိလေသာ အညစ် အကြေးတို့ ဝင်ရောက် တိုးဖောက်ခြင်းငှာ မစွမ်းနိုင်။

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ၊
ကာယဂတာ သတိ

အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ။
(အသင်္ခတသုတ်ပါဠိတော်)

ဘိက္ခဝေ၊ ဟိုဖိုဟ ဟိုလာကြသော ချစ်သား ချစ်သမီးတို့။ အသင်္ခတ ဂါမိမဂ္ဂေါ။ အသင်္ခတမည်သော နိဗ္ဗာန်ပြည်သို့ ကြည်သာ

ရောက်ကြောင်း ခရီးကောင်းသည်။ ကတမောစ၊အဘယ်နည်း ဟူမူကား။ ကာယဂတာသတိ၊ ကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းပေတည်း။ (၀၁) ကိုယ်၌ ဖြစ်သော အညစ်အကြေး ပုံအစုကို အသုဘာ ဇီဂုစ္ဆာဟု ရှုရှာစက်ဆုပ်သဖြင့် အဟုတ် အဟပ် အထပ်ထပ်လျှင် ကြပ်ကြပ်အောက်မေ့ခြင်း သတိတရား ပေတည်း။ ဘိက္ခဝေ၊ မင်္ဂဖိုလ်လိုလား ချစ်သား ချစ်သမီးတို့။ အယံ၊ ဤကာယဂတာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို။အသခ်တဂါမိ မဂ္ဂေါ၊နိဗ္ဗာန်ရောက်ကြောင်းခရီးကောင်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋ္ဌော အန္တော ဂတာ တဿ ကုန္နဒီယော ယာကာစိ သမုဒ္ဒင်္ဂမာ ဧဝမေဝ ခေါ ယဿကဿစိ ကာယဂတာသတိ ဘာဝိတာ ဗဟုလီကတာ အန္တောဂတာ တဿ ကုသလဓမ္မာ ယေကေစိ ဝိဇ္ဇာ ဘာဂိယာတိ)စသည်ဖြင့် ပါဠိတော်ပေါင်း မြောက်မြားစွာဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် ဧကဓမ္မဝဂ်တွင် တခမ်းတနား မင်္ဂဖိုလ် လိုလားကြကုန်သော ဝေနေယျာ အများတို့၏ အကျိုးငှာ အကျယ်တဝင့် ဘုရားရှင် ဟောကြားတော်မူပေသည်။

ထို ကာယဂတာသတိ ကမ္မဋ္ဌာန်း ဒွတ္တိံသ လုပ်ငန်းကို နည်းနာကျန ပွားများနိုင်ပါမှ တဏှာနှင့်ရာဂကို နှိမ်နင်းတိုက် ဖျက်ခြင်းမည်ပါတယ်၊ ၎င်းကမ္မဋ္ဌာန်း ဒွတ္တိံသလုပ်ငန်းကို(၀၁) ဆံပင်၊ မွေးညှင်း၊ခြေသည်းလက်သည်း၊ သွား၊ အရေထူအရေပါး စသည့် ပွားနည်းငါးရပ် သမ္မာပတ်လုပ်ငန်းမြတ်တို့ကို မသိမမြင်

အသိဥာဏ်မဝင်သူ အများလူတို့၌ ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုပင် ပညတ်တွေပါ အရှုတ်တွေပါ စသည် စသည် အပြစ်တင်ကြပါသည်။

သမန္တစက္ခု သဗ္ဗညု ဘုရားရှင် အဆူဆူတို့ အတူတူ ဟောကြား မစွန့်မပယ်ထားသော (သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတ မေဝ) ဆိုတဲ့ တရားစစ်လုပ်ငန်း ဒွတ္တိံသ ကမ္မဋ္ဌာန်းကိုပင် အပြစ်အဖြစ် မဆိုကြပါနှင့် ပကြံတတ်လျှင် သူ့နည်းခံ၊ မသိလျှင် သူ့ကိုမေး၊ မစင်လျှင်ဆေး မဖြူလျှင် ဒိုဘီပေး ဆိုသကဲ့သို့–

ဤသို့သော ကာယဂတာ ဒွတ္တိံသ ကမ္မဋ္ဌာန်းတော်မြတ်ကြီးကို တဘ်အောင်သင် ထင်မြင်အောင်လဲ ပွားကြည့်မှ ဘုရားတပည့် သာဝက ခေါ်ဆိုရပါတယ်၊ (သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။ ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယ ဂတာသတိ) ဓမ္မပဒ ပါဠိ ထင်ရှားကာ ရှိနေပါသောကြောင့် ကြိုးပမ်းအားထုတ်ရန် လုပ်ငန်းသည် မိမိ၏ တာဝန်သာ ဖြစ်ပါပေတော့သည်။

အမတံ ဘိက္ခဝေ ပရိဘုဉ္ဇတိ၊ ယော ကာယ ဂတာသတိံ
န ပရိဘုဉ္ဇတိ၊ တေ အမတံ န ပရိဘုဉ္ဇန္တိနာမ။
(အင်္ဂုတ္တရနိကာယ်)

ကိုယ်ကျိုးမဲ့ပွား အမှန်ပွားသည့် ကာယဂတာသတိ ပဋ္ဌာန် ကမ္မဋ္ဌာန်းတရားသည် [illegible]သော အာယုဝဍ္ဍနဆေးတော်

ကြီးနှင့်တူ၏။ ၎င်းကာယဂတာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရားတော်ကြီးကို မပွားများကြကုန်သော ရဟန်းရှင်လူတို့သည် မသေတတ်သော ဆေးတော်ကြီးကို မသုံးဆောင်ရကုန်သည်မည်၏။

ယခုကဲ့သို့ ပါဠိတော်မြောက်မြားစွာတို့ကို တင်ပြရေးသားရခြင်းသည်လည်း ကိုယ်ရည်သွေးနေခြင်း မဟုတ်ပါ၊ သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး၏ ကျေးဇူးတော်, ရွှေမင်းဝံငှက်တွင်း ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်စသည့်စသည့် ကျေးဇူးတော်ဂုဏ် အထူးတို့ကြောင့် တပ်အပ် ထင်ထင်သိမြင်စေလိုသော သမ္မာဆန္ဒ ကောင်းမြတ်သော စေတနာ သဒ္ဓါပင် ဖြစ်ပါသည်။

ထို ၃၂-ပါးသော ကောဋ္ဌာသ ဒွတ္တိံသ ကာယဂတာသတိကမ္မဋ္ဌာန်းကိုပင် အမတပါဏ ကမ္မဋ္ဌာန်း၊ ကေမ္မကမ္မဋ္ဌာန်း၊ ကောယန ကမ္မဋ္ဌာန်း၊ အပ္ပမာဒ ကမ္မဋ္ဌာန်း၊ ယောနိသောမနသိကာရ ကမ္မဋ္ဌာန်း များစွာသော အမည်ဖြင့် ရှင်တော်မြတ်စွာဘုရား အထူးချီးမွမ်း ထောမနာတော်မူသော ကမ္မဋ္ဌာန်းဖြစ်သည့်အတွက် တဏှာလောဘ ရာဂ ကိလေသာဆိုးကြီးကို ပျောက်ကင်းစေနိုင်သော ဩသဓ ဆေးရင်းကြီး မည်ပါပေ၏။

၎င်းဆေးရင်းကြီးအား ရေလဲ ဖြစ်ကုန်သော....

(၁)၊ အာနာပါနပဗ္ဗ၊ (၂) ဣရိယာပထပဗ္ဗ၊ (၃) သမ္ပဇညပဗ္ဗ၊ (၄) ပဋိကူလမနသိကာရပဗ္ဗ၊ (၅) ဓာတုမနသိကာရ ပဗ္ဗ၊ (၆) နဝသိဝထိက အားဖြင့် အဇ္ဈောဂဓာ အတွင်း သက်ရောက်ကြကုန်၏။

ဤကဲ့သို့ ကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ကိုယ်ကျိုး စီးပွားအလွန်များပြားကြောင်း ပါဠိတော် အဋ္ဌကထာ အဋ္ဌကထာ မြောက်မြားစွာပင် ရှိပါသည်။ ယခုတင်ပြအပ်သော ဒေသနာ တော်များဖြင့် ပြည့်စုံလုံလောက်ပြီဟု ထင်မိပေသည်။ ဗဟုသုတ ဉာဏ်အမြင်သန်ရန် အကျယ်တဝင့် သိလိုပါမူကား ဒွတ္တိံသ လောကဒီပနီကျမ်း၊ ပဋ္ဌိပတ္တိပကာသနီကျမ်းတို့တွင် ကြည့်ရှုနိုင် ကြပါသည်။

### အထူးတိုက်တွန်း နှိုးဆော်ချက်

ကမ္မဋ္ဌာန်း အလုပ်ခွင်တည်ခန်း ဆက်လက်ပြတော့အံ့။

ဣဓ ပန ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂ တော ဝါ၊ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

(ဥပရိပဏ္ဏာသ ပါဠိတော် ကာယဂတာသတိသုတ်)

ဘိက္ခဝေ၊ မင်္ဂဖိုလ်လိုလား ချစ်သား ချစ်သမီးတို့။ ဣဓပန၊ ဤသာသနာတော်အတွင်း၌၊ ဘိက္ခု၊ သံသရာဘေးကို မြင်မြော် ကာ တွေးနိုင်သော သူသည်။ အရညဂတော ဝါ၊ တောအရပ်၌ တည်ရှိသော်၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ရင်း၌ တည်ရှိသော် ၎င်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာ ကျောင်းအိမ်ဘုံနန်း တိုက်ခန်းနေရာတို့၌ တည်ရှိသော်၎င်း။ ပလ္လင်္ကံ၊ ထက်ဝယ် ပလ္လင်ကို။ အာဘုဇိတွာ၊ ဘွဲခွေ ယှဉ်နေ၍။ ကာယံ၊ အထက်ပိုင်း

ကိုယ်ကို။ ဉဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ သတိံ၊ သတိကို။ ပရိမုခံ၊ ဆံပင်မွေးညှင်း ခြေသည်းလက်သည်း သွား အရေထူအရေပါး စသည့် ၃၂-ပါးသော ကောဋ္ဌာသဒွတ္တိံသ ကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ရှေးရှုပွားများကာဖြင့်။ ဥပဋ္ဌပေတွာ၊ ခိုင်မြဲစွာ စိုက်ထားရာ၏။

**မှတ်ချက်။** ထက်ဝယ်ဖွဲ့ခွေ နေထိုင်မှုသည် ကမ္မဋ္ဌာန်း အလုပ်နှင့် အထူး သင့်လျော်သောကြောင့် ပလ္လင်ကံ အာဘုဇိတွာဟု ဘုရားရှင်ကြီး ဟောတော်မူသည်။ စင်စစ်သော်ကား ဣရိယာပုထ် လေးပါး၌ပင် စိတ်တခြား မလွင့်ပါးအောင် သတိပဋ္ဌာန်၌ စွဲမြဲရမည် ဖြစ်၏။

## ကာယဂတာသတိဒွတ္တိံသ ကမ္မဋ္ဌာန်းပွားများနည်း

သတိစ္စ ခ္ဝာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိဟူသော ပါဠိတော်အရ ခပ်သိမ်းသော ဣရိယာပုထ်၌ ပွားဆောင်အပ်သော မဟာ သတိပဋ္ဌာန် သမာပတ်ပွားနည်း။

| | | | | | |
|---|---|---|---|---|---|
| (က) | ဆကောဋ္ဌာသ | ပွားနည်း | ပုတီးလုံး | ၆—လုံး | |
| (ခ) | ဝေက္ကရိက | ။ | ။ | ၁၇ | ။ |
| (ဂ) | ဒွိနက္ကရိက | ။ | ။ | ၁၆ | ။ |
| (ဃ) | အင်္ဂုသ | ။ | ။ | ၂၇ | ။ |
| (င) | နာဂဗာသိဝ | ။ | ။ | ၄၂ | ။ |

(ပွားနည်းငါးရပ် ပုတီးလုံး ၁၀၈-လုံးပွားနည်းကား)

ဆကောဋ္ဌာသ ကေန္တရိက ဥာတပရိညာ ပွားနည်း လုပ်ငန်းအစဉ်ဖြင့် ပဌမ ဈာန်လမ်းသို့ တက်လှမ်းရန် မဂ္ဂသစ္စာ ဘာဝနာကမ္မဋ္ဌာန်းတော်မြတ်ကြီးကို ဆင်ခြင်ပွားများအားထုတ်တော်မူလိုက်ကြပါကုန်။

## ဆကောဋ္ဌာသပွားနည်း ၆ ချက်

ဤရူပကာယခန္ဓာကိုယ်၌....

၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေထူအရေပါး။

၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့။

၃။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

၆။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

## ကေန္တရိကပွားနည်း ၁၇-ချက်

ဤရူပကာယခန္ဓာကိုယ်၌....

၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေထူအရေပါး။

၂။ အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌....

၃။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၄။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
ဤရူပကာယခန္ဓာကိုယ်၌....
၅။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျင်း၊ အဆုပ်။
၆။ အဆုပ်၊ အဖျင်း၊ အမြှေး၊ အသဲ၊ နှလုံး။
ဤရူပကာယ ခန္ဓာကိုယ်၌....
၆။ အူမ၊ အူသိမ်၊ အစာသစ်၊ စာဟောင်း၊ ဦးနှောက်။
၈။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
ဤရူပကာယ ခန္ဓာကိုယ်၌....
၉။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၁၀။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
ဤရူပကာယခန္ဓာကိုယ်၌....
၁၁။ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊အစေး၊ ကျင်ငယ်။
၁၂၊ ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
ဤရူပကာယခန္ဓာကိုယ်၌–
၁၃။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၁၄။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၅။ အဆုပ်၊ အဖျင်း၊ အမြှေး၊ အသဲ၊ နှလုံး။
၁၆။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၁၇။ အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊
မွေးညှင်း၊ ဆံပင်။

ဒွန္တရိက ဉာတပရိညာ ပွားနည်းလုပ်ငန်း အစဉ်ဖြင့် ဒုတိယ စျာန်လမ်းသို့ တက်လှမ်းရန် မဂ္ဂသစ္စာ ဘာဝနာကမ္မဋ္ဌာန်းတော် မြတ်ကြီးကို ဆင်ခြင်ပွားများ အားထုတ်တော်မူလိုက်ကြပါကုန်။

## ဒွန္တရိက ပွားနည်း ၁၆-ချက်

ဤရူပကာယ ခန္ဓာကိုယ်၌-

၁။ ဆံမင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး။

၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။

၃။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၄။ အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌-

၅။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

၆။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

၇။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။

၈။ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသဲ၊ နှလုံး။

ဤရူပကာယခန္ဓာကိုယ်၌-

၉။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

၁၀။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤရူပကာယခန္ဓာကိုယ်၌-

၁၁။ ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
၁၂။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၁၃။ ဦးနှောက်၊ အစာဟောင်း၊ အစာသိမ်၊ အူသိမ်၊ အူမ။
၁၄။ အဆုပ်၊ အဖျင်း၊ အသဲ၊ နှလုံး။
၁၅။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အကြော၊ အသား။
၁၆။ အရေထူအရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

အင်္ဂုသဥ္စာတပရိညာ ပွားနည်း လုပ်ငန်းအစဉ်ဖြင့် တတိယ စျာန်လမ်းသို့တက်လှမ်းရန် မဂ္ဂသစ္စာ ဘာဝနာ ကမ္မဋ္ဌာန်းတော် မြတ်ကြီးကို ဆင်ခြင်ပွားများ အားထုတ်တော်မူလိုက်ကြပါကုန်။

## အင်္ဂုသပွားနည်း ၂၇-ချက်

၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး။
၂။ အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌....

၃။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၄။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၅။ အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယခန္ဓာကိုယ်၌....

၆။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျင်း၊ အဆုပ်။

၇။ အဆုပ်၊ အဖျင်း၊ အမြှေး၊ အသဲ၊ နှလုံး။

၈။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၉။ အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေး ညှင်း၊ ဆံပင်။

ဤရူပကာယခန္ဓာကိုယ်၌....

၁၀။ အူမ၊ အူသိမ်၊ အစာသစ်အစာဟောင်း၊ ဦးနှောက်။

၁၁။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။

၁၂။ အဆုပ်၊ အဖျင်း၊ အမြှေး၊ အသဲ၊ နှလုံး။

၁၃။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၁၄။ အရေထူ အရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေး ညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌....

၁၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

၁၆။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။

၁၇။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။

၁၈။ အဆုတ်၊ အဖျင်း၊ အမြှေး၊ အသဲ၊ နှလုံး။

၁၉။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၂၀။ အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေး ညှင်း၊ ဆံပင်။

ဤရူပကာယခန္ဓာကိုယ်၌....

၂၁၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်။ **အစေး၊** ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌....

၂၂။ ကျင်ငယ်၊ **အစေး၊** နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။

၂၃။ အဆီခဲ၊ **ချွေး၊** သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။

၂၄။ ဦးနှောက်၊ အစာဟောင်း၊ **အစာသစ်၊** အူသိမ်၊ အူမ။

၂၅။ အဆုတ်၊ အဖျင်း၊ အမြေး၊ အသဲ၊ နှလုံး။

၂၆။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ **အကြော၊** အသား။

၂၇။ အရေထူအရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေး ညှင်း၊ ဆံပင်။

## နာဂဗောသိဝပ္ပွားနည်း ၄၂-ချက်

နာဂဗောသိဝ ဉာတပရိညာ ပွားနည်း လုပ်ငန်း အစဉ်ဖြင့် စတုတ္ထမျှချွန်လမ်းသို့ တက်လှမ်းရန် မဂ္ဂသစ္စာ ဘာဝနာကမ္မဋ္ဌာန်း တော်မြတ်ကြီးကို ဆင်ခြင်ပွားများ အားထုတ်တော် မူကြပါ ကုန်လော့။

ဤရူပကာယ ခန္ဓာကိုယ်၌....

၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး။

၂။ အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌-

၃။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး။

၄။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။

၅။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၆။ အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌-

၇။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊အရေထူ အရေပါး။

၈။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။

၉။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျင်း၊ အဆုတ်။

၁၀။ အဆုတ်၊ အဖျင်း၊ အမြှေး၊ အသဲ၊ နှလုံး။

၁၁။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။

၁၂။ အရေထူအရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

၁၃။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊အရေထူ အရေပါး။

၁၄။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။

၁၅။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျင်း၊ အဆုတ်။

၁၆။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

၁၇။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၁၈။ အဆုပ်၊ အဖျင်း၊ အမွေး၊ အသဲ၊ နှလုံး။
၁၉။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၂၀။ အရေထူ အရေပါး၊ သွား။၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌–

၂၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊အရေထူ အရေပါး။
၂၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။
၂၃။ နှလုံး၊ အသဲ၊ အမွေး၊ အဖျင်း၊ အဆုပ်။
၂၄။ အူမ၊ အူသိမ်၊ အစပသစ်၊ အစာဟောင်း၊ ဦးနှောက်။
၂၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၂၆။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၂၇။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၂၈။ အဆုပ်၊ အဖျင်း၊ အမွေး၊ အသဲ၊ နှလုံး။
၂၉။ အညှို့၊ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၃၀။ အရေထူ အရေပါး၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညှင်း၊ ဆံပင်။

ဤရူပကာယ ခန္ဓာကိုယ်၌–

၃၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး။
၃၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့။

၃၃။ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုပ်။
၃၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၃၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၃၆။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဤရူပကာယ ခန္ဓာကိုယ်၌-

၃၇။ ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
၃၈။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
၃၉။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
၄၀။ အဆုပ်၊ အဖျဉ်း၊ အမြှေး၊ အသဲ၊ နှလုံး။
၄၁။ အညှို့၊ ရိုးတွင်းချဉ်ဆီ၊ အရိုး၊ အကြော၊ အသား။
၄၂။ အရေထူ အရေပါး၊ သွား၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။

(ပွားနည်းငါးရပ် သမာပတ် ၁၀၈-လုံးပွားနည်းပြီး၏။)

ယခုဖော်ပြပါ ပထဝီကောဋ္ဌာသ ၂၀၊ အာပေါ ကောဋ္ဌာသ ၁၂-ပါး၊ ပေါင်း ၃၂-ပါးသော ကောဋ္ဌာသဒွတ္တိံသကာယတွင် ဆံပင်ကို လူခေါ်သလော၊ ယောကျ်ားခေါ်သလော၊ မိန်းမခေါ်သလော၊ ငါခေါ်သလော၊ သူခေါ်သလော၊ ပုဂ္ဂိုလ် သတ္တဝါ ချောတယ် လှတယ် တင့်တယ်တယ် အမျိုးမျိုးသော ထင်မြင်မှုတို့သည် မွေးညှင်းကိုထင်သလော စသည့် ၃၂-ပါးသော ကောဋ္ဌာသတို့ကို အမှန်သိသော ဉာဏ်မျက်စိဖြင့် ရှာဖွေသောအခါတွင်

ငါ့သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ့ချော တယ် လှတယ် တင့်တယ်တယ်၊ အမှန်တကယ် မရှိတော့ဘဲ ၃၂-ပါးသော ကောဋ္ဌာသတို့ကိုသာလျှင် အမှန်တွေ့ရပေလိမ့် မည်။ မိမိ၏ရူပကာယ ခန္ဓာကိုယ်မှာရှိနေတဲ့-

(ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး)

ဤငါးခုကို ငါးပုံ ပုံလိုက်ပါ၊ဤငါးခုကို မိမိကိုယ်မှ တကယ် ခွါကြည့်သောအခါတွင် ယောကျ်ားရုပ်သွင်၊ မိန်းမရုပ်သွင်၊ ချောတယ် လှတယ် တင့်တယ်မှုဆိုတာ ရှိပါသေးသလော၊ ၎င်း ကမ္မဋ္ဌာန်းငါးလုံးသည် ရုပ်ဖျက်ကမ္မဋ္ဌာန်းမည်၏။

(အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့)

ဤငါးလုံးကို နောက်ထပ် မိမိကိုယ်မှ ထပ်ဖြုတ်ခွာကြည့်ပါ၊ အရိုးတွေ၊ အသားတွေ၊အကြောတွေ ဖြုတ်ခွာထားခြင်းကြောင့် ယောကျ်ား, မိန်းမ,လူသဏ္ဍာန်ရှိပါသေးသလော၊၎င်းကမ္မဋ္ဌာန်း ငါးလုံးသည် ရုပ်လှဲ့ကမ္မဋ္ဌာန်းခေါ်ပါသည်။ နောက်ထပ် ကျန် နေသေးသော ကောဋ္ဌာသ အစုတို့သည် အထက် ဖော်ပြပါ ၁၀-လုံးဖြုတ်ခွါပြီးသည်နှင့် အားလုံး တခုစီဖြစ်သွားကြပေ လိမ့်မည်။ ရုပ်ကျေကွဲ ကမ္မဋ္ဌာန်းခေါ်ပါသည်။

**ဥပမာကား**-သွတ်၊ သံ၊ သစ်သားတို့ကို ထုပ်ရောက်၊ဒိုင်းမြှား တိုင် ပျဉ် အမျိုးမျိုးတို့ကိုပြုလုပ်၍ အိမ်သဏ္ဍာန် ဆောက်လုပ် ထားသည်ကို အိမ်ဟု ခေါ်ဆိုရပါမည်။ အိမ်ကိုဖျက်ပြီး သွတ် တပုံ၊ သံတန်၊သစ်သားတပုံစသည့် ပစ္စည်းများအား စုပုံပြီး ထာ

ရှိသောအခါ သွတ်ကိုအိမ်ခေါ်မည်လော၊ သံကို အိမ်ခေါ်မည်လော့၊ သစ်သားတိုကို အိမ်ခေါ်မည်လော၊ သွတ်ပုံသံပုံသစ်ပုံဟု သာလျှင် ခေါ်ရမည်ပင် ဖြစ်သည်။

## အမှာစကားရပ်

ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ အရေပါးစသည့် ၃၂-စသောကောဋ္ဌာသတို့ကို နှုတ်က အသံမည်ရုံကာမျှ မရွတ်ပွားကြဘဲ (ဥာတပရိညာ) လုပ်ငန်းမှန် အတိုင်း ဥာတာပရိညာဆိုသည်မှာ ဥာတသဘော အခုသိမြင်မှု ပရိညာပိုင်းခြား ဝေဖန်နိုင်ခြင်း သဘောအစုသိမြင်မှုဒွိပိုင်းခြား ဝေဖန်နိုင်ခြင်း ဥာတပရိညာပင် ဖြစ်ပါသည်။

ယခုကဲ့သို့ ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိမှသာလျှင် ခင်မင် တွယ်တာ လွန်သာယာသော တဏှာ ကွာပေမည်။ ငါ့, သူ လူပုဂ္ဂိုလ်သတ္တဝါတွေ့ပရှိတော့ဘဲ အမှန်သဘောရှိတဲ့ ရုပ်တရား လိုက်လိုက်သိတဲ့ နာမ် တရား၊ ရုပ်တရား နာမ်တရား သာလျှင် ရှိသည်ကို ပိုင်းခြား၍ သိသာလျှင် နာမ, ရူပ ပရိစ္ဆေဒ ဥာဏ် အမြင် သန့်ပေသည်။

ကျိုကျွင် တဏှာသတ်ပညာပြီး၏။

## ရာဂစာရိတ် ပညာပွားများရန် ဆက်လက်၍ ပြဦးအံ့။

သတိပြုရန် မဂ္ဂသစ္စာဘာဝနာ ပွားများရာ၌ နိမိတ် သုံးပါး ထင်အောင် မြင်အောင် ပွားများရန် အလွန် အရေးကြီးပါသည်။ နိမိတ်သုံးပါးဟူသော်ကား....

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် ဟူ၍ သုံးပါး ရှိပါသည်။

၃၂-ပါးသော ကောဋ္ဌာသကို စက္ခုဖြင့်သာ မြင်သော် ပရိကမ္မနိမိတ်။

၃၂-ပါးသော ကောဋ္ဌာသကို လွန်မြောက်၍ အဆင်းအနံ့၊ သဏ္ဌာန်တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ် စက်ဆုပ်ဘွယ် မတင့်တယ် (ဝါ) အသုဘ ဝဏ္ဏသုညက ဤကဲ့သို့ ထင်လာပါက ပဋိဘာဂ နိမိတ်ဖြစ်ပါသည်။ ၎င်းနိမိတ် သုံးပါး ထင်လာရန် ထင်မြင်အောင် အထူးသတိပြု၍ ပွားများအားထုတ်ရန်ပင် ဖြစ်ပါသည်။

ဥဂ္ဂဟ ကောသလ္လဉာဏ် ၇-ပါး၊ မနသိကောသလ္လဉာဏ် ၁၀-ပါး၊ နိမိတ်သုံးပါးထင်အောင် ပွားများမှသာလျှင် လိုရာခရီးရောက်မည် ဖြစ်သောကြောင့် သတိပေး နှိုးဆော်လိုက်ရပါသည်။

○

## ၃၂-ကောဋ္ဌာသအစဉ် ပဋိကူလ ထင်ပုံကိုပြခြင်း

ကောဋ္ဌာသအစဉ် ရာဂကိုနှင် ပဋိကူလ ထင်မြင်အောင် ဆင်ခြင် ပွားများ အားထုတ်တော်မူလိုက်ကြပါကုန်။

ဤရူပကာယ ခန္ဓာကိုယ်၌-

၁။ ဆံပင်သည်-

အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ် မတင့်တယ်။

၂။ မွေးညှင်းသည်-

အဆင်း၊ အနံ့၊ သဏ္ဌာန်၊တည်ရာအရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ် မတင့်တယ်။

၃။ ခြေသည်း၊ လက်သည်းသည်-

အဆင်း၊ အနံ့၊ သဏ္ဌာန်၊တည်ရာအရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ် မတင့်တယ်။

၄။ သွားသည်-

အဆင်း၊ အနံ့၊ သဏ္ဌာန်၊တည်ရာအရပ်အားဖြင့် ရွံရှာဘွယ် စက်ဆုပ်ဘွယ် မတင့်တယ်။

၅။ အရေပါး အရေထူသည်-

အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၆။ အသားသည်-

အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့်ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၇။ အကြောသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၈။ အရိုးသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာအားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၉။ ရိုးတွင်းချဉ်ဆီသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၀။ အညှို့သည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၁။ နှလုံးသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊တည်ရာအရပ်အားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၂။ အသဲသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊တည်ရာအရပ်အားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၃။ အမြှေးသည်
အဆင်း၊ အနံ့၊ သဏ္ဌာန်၊တည်ရာအရပ်အားဖြင့် ရှုံ့ရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၄။ အမြှင်းသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၅။ အဆုတ်သည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၆။ အူမသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၇။ အူသိမ်သည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၁၈။ အစာသစ်သည်-
အဆင်း၊အနံ့၊သဏ္ဌာန်တည်ရာအရပ် အားဖြင့် ရွံရှာဘွယ် စက်ဆုပ်ဘွယ် မတင့်တယ်။

၁၉။ အစာဟောင်းသည်-
အဆင်း၊ အနံ့၊ သဏ္ဌာန်တည်ရာ အရပ်အားဖြင့် ရွံရှာဘွယ်စက်ဆုပ်ဘွယ် မတင့်တယ်။

၂၀။ ဦးနှောက်သည်-
အဆင်း အနံ့၊ သဏ္ဌာန်တည်ရာအရပ်အားဖြင့်ရွံရှာဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၁။ သည်းခြေသည်-
အဆင်း အနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာ
ဘွယ် စက်ဆုပ်ဘွယ် မတင့်တယ်။

၂၂။ သလိပ်သည်-
အဆင်း အနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာ
ဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၃။ ပြည်သည်-
အဆင်း အနံ့ သဏ္ဌာန်၊တည်ရာ အရပ်အားဖြင့် ရွံရှာ
ဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၄။ သွေးသည်-
အဆင်း အနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာ
ဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၅။ ချွေးသည်-
အဆင်း အနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာ
ဘွယ်၊ စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၆။ အဆီခဲသည်-
အဆင်း အနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာ
ဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၇။ မျက်ရည်သည်-
အဆင်း အနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရွံရှာ
ဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၈။ ဆီကြည်သည်-
အဆင်းအနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရှုရှာဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၂၉။ တံတွေးသည်-
အဆင်းအနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရှုရှာဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၃၀။ နှပ်သည်-
အဆင်းအနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရှုရှာဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၃၁။ အစေးသည်-
အဆင်းအနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရှုရှာဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၃၂။ ကျင်ငယ်သည်-
အဆင်းအနံ့ သဏ္ဌာန်၊ တည်ရာအရပ်အားဖြင့် ရှုရှာဘွယ် စက်ဆုပ်ဘွယ်၊ မတင့်တယ်။

၃၂-ကောဋ္ဌာသအစဉ် ပဋိကူလ ထင်မြင်ပုံပြီး၏။

သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုတို့ကို လှန်မြောက်ပြီး အဆင်း၊ အနံ့၊ သဏ္ဌာန်၊ တည်ရာအရပ် ဤငါးဌာနတို့ကို တကယ် ထင်မြင်အောင် ကြိုးစား၍ ရှုရှာဘွယ် စက်ဆုပ်ဘွယ် မတင့်တယ်ပုံကို ပညာမျက်စိ၌ အမှန်တကယ် ထင်မြင်လာပါမူ ကား ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ မျှော်တယ်၊ လှတယ်၊

**တင့်တယ်တယ် ထင်သော ရာဂနယ်မှ အမှန်ပင် လွတ်မြောက်ပေမည်။**

ဤတွင် ရာဂသတ်ပညာပြီး၏။

ဒိဋ္ဌိသတ်ပညာကို ပွားများရန် ဆက်လက်၍ပြပါဦးအံ့။

**ကောဋ္ဌာသအစဉ်ကို သုညတနှင့် ခါတ်စသည့် ထင်မြင်ရန် ပွားများပုံကိုပြခြင်း**

**ကောဋ္ဌာသ**အစဉ် ဒိဋ္ဌိကိုနှင် ဓာတ်သဘော ထင်မြင်အောင် ဆင်ခြင်ပွားများ အားထုတ်တော် မူကြပါကုန်။

ဤရူပခန္ဓာကိုယ်၌....

၁။ ဆံပင်သည်–
အသီးအခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊မကြံစည်တတ် ရုပ်တရား သူငါနှင့်မဆက်စပ် သက်သက်သော ပထဝီဓာတ်သာတည်း။

၂။ မွေးညှင်းသည်–
အသီးအခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊သက်သက်သော ပထဝီဓာတ်သာတည်း။

၃။ ခြေသည်းလက်သည်းသည်–
အသီးအခြား အစုပုံမျှ သာတည်း။ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့်မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၄။ သွားသည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက် စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၅။ အရေထူ အရေပါးသည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက် စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၆။ အသားသည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက် စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၇။ အကြောသည်-
အသီးအခြားအစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက် စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၀။ အရိုးသည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက် စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၉။ မြင်းတွင်းချဉ်ဆီသည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ

ဝ ါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၀။ အညှို့သည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊သတ္တဝ ါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၁။ နှလုံးသည်-
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊သတ္တဝ ါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၂။ အသဲသည်....
အသီး အခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊ သတ္တဝ ါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၃။ အမြှေးသည်....
အသီး အခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊ သတ္တဝ ါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါ နှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သားတည်း။

၁၄။ အဖျင်းသည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝ ါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၅။ အအဆုပ်သည်....
အသီးအခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊ သတ္တ ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊သူငါနှင့် မဆက် စပ်၊ သက်သက်သော ပထဝီဓာတ်သားတည်း။

၁၆။ အူမသည်....
အသီးအခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၇။ အူသိမ်သည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၈။ အစာသစ်သည်....
အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၁၉။ အစာဟောင်းသည်....
အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၂၀။ ဦးနှောက်သည်....
အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊

သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော ပထဝီဓာတ်သာတည်း။

၂၁။ သည်းခြေသည်....

အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၂၂။ သလိပ်သည်....

အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၂၃။ ပြည်သည်....

အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ အာပေါဓာတ်သာတည်း။

၂၄။ သွေးသည်....

အသီးအခြား အစုအပုံမျှသာတည်း၊ အသက် မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၂၅။ ချွေးသည်....

အသီး အခြား အစုအပုံမျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ် မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၂၆။ အဆီခဲသည်....
အသီး အခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရားသူငါနှင့် မဆက်စပ်၊ သက်သက်သောအာပေါဓာတ်သာတည်း။

၂၇။ မျက်ရည်သည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၂၈။ ဆီကြည်သည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၂၉။ တံတွေးသည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၃၀။ နှပ်သည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရားသူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၃၁။ အစေးသည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရားသူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၃၂။ ကျင်ငယ်သည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော အာပေါဓာတ်သာတည်း။

၃၃။ ရက်ဆက် ရက်ကျော်၊ ဖျားသော မီးသည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော တေဇောဓာတ်သာတည်း။

၃၄။ အရေကိုကျက်စေတတ်သော မီးသည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊သက်သက်သော တေဇောဓာတ်သာတည်း။

၄၄။ အစာကိုကျက်စေသော မီးသည်....
အသီးအခြား အစုအပုံ မျှသာတည်း၊ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော တေဇောဓာတ်သာတည်း။

၃၆။ အိုမင်းရင့်ရော်စေတတ်သောမီးသည်....
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တ

ဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော တေဇောဓာတ်သာတည်း။

၃၇။ အထက်သို့ဆန်တက်သောလေသည်....
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ဝါယောဓာတ်သာတည်း။

၃၈။ အောက်သို့စုန်ဆင်းသောလေသည်....
အသီးအခြားအစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ဝါယောဓာတ်သာတည်း။

၃၉။ ဝမ်းတွင်း၌ကိန်းသောလေသည်....
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တဝါမဟုတ်၊ ရုပ်တရား သူငါနှင့်မဆက်စပ်၊ သက်သက်သော ဝါယောဓာတ်သာတည်း။

၄၀။ အူတွင်း၌ ကိန်းသောလေသည်....
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ဝါယောဓာတ်သာတည်း။

၄၁။ လှုပ်ရှားသွားလာသောလေသည်....
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊ သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား သူငါနှင့် မဆက်စပ်၊ သက်သက်သော ဝါယောဓာတ်သာတည်း။

၄၂။ ထွက်လေ ဝင်လေသည်....
အသီးအခြား အစုအပုံမျှသာတည်း။ အသက်မရှိ၊သတ္တဝါမဟုတ်၊ မကြံစည်တတ်၊ ရုပ်တရား၊ သူငါနှင့် မဆက်စပ်၊ သက်သက်သော ဝါယောဓာတ်သာတည်း။

ကောဋ္ဌာသအစဉ်ကို သုတနှင့် ဓာတ်ထင်မြင်ရန် ပွားနည်းပြီး၏)

ဤတွင် ဒိဋ္ဌိသတ်ပညာပြီး၏။

## အနုသယသတ်ပညာကို

## ဆက်လက်၍ ပြပါဦးအံ့။

(၅၂)ပါးသော ရုပ်ခေတ် နာမ်ခေတ်တို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာထင်မြင်ရန် ပွားများပုံကို တင်ပြခြင်း။

ကောဋ္ဌာသအစဉ် အနုသယကိုနှင့် ဝိပဿနာ ထင်မြင်အောင် ဆင်ခြင်ပွားများ အားထုတ်တော်မူကြပါကုန်။

ဤရူပကာယ ခန္ဓာကိုယ်၌-

၁။ ဆံပင်သည်....
ရုပ်ခေတ်အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၂။ မွေးညှင်းသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၃။ ခြေသည်း လက်သည်းသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၄။ သွားသည် ...
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၅။ အရေယူအပြေပါးသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၆။ အသားသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၇။ အကြောသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၈။ အရိုးသည် ...
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၉။ ရိုးတွင်းချဉ်ဆီသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၀။ အညှို့သည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၁။ နှလုံးသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၂။ အသဲသည် ...
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၃။ အမြှေးသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၄။ အဖျင်းသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၅။ အဆုပ်သည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၁၆။ အူမသည်....
ရုပ်ဓာတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၁၇။ အူသိမ်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ
၁၈။ အစာသစ်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ
၁၉။ အစာဟောင်းသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၀။ ဦးနှောက်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၁။ သည်းခြေသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၂။ သလိပ်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၃။ ပြည်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၄။ သွေးသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၅။ ချွေးသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၆။ အဆီခဲသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊
၂၇။ မျက်ရည်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ၊

၂၈။ ဆီကြည်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၂၉။ တံတွေးသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၀။ နှပ်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်ရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၁။ အစေးသည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၂။ ကျင်ငယ်သည်....
ရုပ်ခေတ် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၃။ ခံစား စံစား နာမ်ခေတ်များသည် ...
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၄။ မှတ်သားပြုငြား နာမ်ခေတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၅။ ပြုပြင်တတ်ငြား နာမ်ခေတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၆။ ကြံတွေးသိငြား နာမ်ခေတ်များသည်....
အမြဲမရှိ ဆင်ရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၇။ ရက်ကျော်နာဖျား ရုပ်ခေတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၃၈။ ပြင်းစွာနာဖျား ရုပ်ခေတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၃၉။ ကျေညက်စေငြား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၀။ ဟောင်းနွမ်းစေငြား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၁။ ဆန့်တက်လေအား ရုပ်ဓာတ်များသည် ...
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၂။ စုန်ဆင်းလေအား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၃။ ဝမ်းတည်လေအား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၄။ အူတွင်းလေအား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၅။ လှုပ်ရှားလေအား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၆။ ထွက်ဝင်လေအား ရုပ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၇။ မြင်သိတတ်ငြား နာမ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၈။ ကြားသိတတ်ငြား နာမ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။
၄၉။ နံသိတတ်ငြား နာမ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၅၀။ စားသိတတ်ခြား နာမ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၅၁။ ထိသိတတ်ခြား နာမ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၅၂။ ကြံစည်တတ်ခြား နာမ်ဓာတ်များသည်....
အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၅၂-ပါးရုပ်ဓာတ် နာမ်ဓာတ်များသည် အမြဲမရှိ ဆင်းရဲ၏ အစိုးမရ အနှစ်သာရမရှိ။

၅၂-ပါးသော 'ရုပ်ဓာတ် နာမ်ဓာတ်တို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာ ထင်မြင်ရန် ပွားနည်းပြီး၏။

⊛

တီရဏ ပရိညာစခန်းကို ကြိုးပမ်းပွားများပြီးပါက ဝိပဿနာ ဝိ=အထူးထူး အပြားပြား၊ ပဿနာ=ရှုကြည့်မှု ဝိပဿနာပညာ အထူးကြောင့် ၅၂-ပါးသော ရုပ်တရား နာမ်တရားနှစ်ပါးတို့၌ မမြဲ ဆင်းရဲ အစိုးမရ (ဝါ) အနိစ္စ ဒုက္ခ အနတ္တ အချက်တို့ ပျက်ပျက် ထင်ထင် တွေ့မြင်မှု အမြတ်ဆုံး ဝိဇ္ဇာဝိပဿနာ ပညာဉာဏ် အလင်းရောင်တို့က စိတ်ဓာတ်ကိုသွေးဆောင်ကြသဖြင့် အမှောင်ဟူသော အဝိဇ္ဇာတဏှာ ငါမာန ငါဒိဋ္ဌိ ငါတို့အဆင့်ဆင့် ကွာလျက် သံသရာနယ်ချဲ့သမား ပ ပဥ္စတရားတို့၏လက်မှ တကယ်တန်း လွတ်ထွက်ပေမည် တီရဏပရိညာဆိုသည်မှာ တီရဏ=အနိစ္စ

ဒုက္ခ အနတ္တဟူသော လက္ခဏာရေးသုံးပါးကို ပရိညာ=ပိုင်းခြား၍ ဝေဖန်နိုင်ခြင်းကို တီရဏ ပရိညာလို့ ခေါ်ဆိုရပါတယ်။

(က) မမြဲသည်ကို မြဲတယ်လို့ထင်သော ဖောက်ပြန်ရေးသမား၊

(ခ) ဆင်းရဲသည်ကို ချမ်းသာ တယ်လို့ ထင်သော ဖောက်ပြန်ရေးသမား၊

(ဂ) အစိုး မရသည်ကို အစိုးရတယ်လို့ ထင်သော ဖောက်ပြန်ရေးသမား၊

(ဃ) မတင့်တယ်ကို တင့်တယ် တယ်လို့ ထင်သော ဖောက်ပြန်ရေးသမား၊

ဤမည်သော ဖောက်ပြန်ရေး သမားတို့လက်မှ(၀ါ)ဖောက်ပြန်ရေးသမား လေးယောက်တို့ လက်မှလည်း အမှန်တကယ် လွတ်မြောက်ရပါလိမ့်မည်။

၁။ အနိစ္စကို တကယ်မြင်တော့ နိစ္စကို ပယ်ကြဉ်ထားနိုင်ပါတယ်။

၂။ ဒုက္ခကို တကယ်မြင်တော့ သုခကို ပယ်ကြဉ်ထားနိုင်ပါတယ်။

၃။ အနတ္တကို တကယ်မြင်တော့ အတ္တကို ပယ်ကြဉ်ထားနိုင်ပါတယ်။

၄။ အသုဘကို တကယ်မြင်တော့ သုဘကို ပယ်ကြဉ်ထားနိုင်ပါတယ်။

ယခုကဲ့သို့ အသိဉာဏ်ရင့်၍ အဆင့်ဆင့် ပယ်မှုသည် ပဟာန ပရိညာ ခေါ်ဆိုရပါတယ်။

၁။ အနိစ္စကို တကယ်မြင်၍ လောဘကို ပယ်ကြဉ်မှုမဟာန ပရိညာ၊

၂။ ဒုက္ခကို တကယ်မြင်၍ ဒေါသကို ပယ်ကြဉ်မှု မဟာန ပရိညာ၊

၃။ အနတ္တကို တကယ်မြင်၍ မောဟကို ပယ်ကြဉ်မှုမဟာန ပရိညာ၊

ဤကဲ့သို့ ကိလေသာ အရပ်ရပ်ကို မင်္ဂဖြတ်တို့ဖြင့် ပါယ်ဖျက်သော မဟာနပရိညာ ဉာဏ်အကျယ် များစွာကို လေ့လာနိုင်သလောက် ခရီးပေါက်ကြပါလိမ့်မည်။

ဤတွင် အနုသယသတ် ပညာပြီး၏။

●

## ကာယ (၅)မျိုး၊ သဘာဝ (၁၀)ချက် လက္ခဏာ (၃) နက် မဂ်ဉာဏ်တတ် ပညာပွားများရန် ဆက်လက်၍ ပြပါဦး အံ့

ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်၊ ဝိဘင်းပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ ၎င်းအဋ္ဌကထာတို့၌ လာသောနည်းများကို တဒါန တည်း၍ ပေါင်းစုရွတ်ဆိုပြီး ထင်မြင်အောင် ဆင်ခြင်ပွားများ နိုင်ကြစေခြင်းငှာ ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဖော်ပြလိုက်ရ ပေသည်။

### ကာယငါးပါး တိုက်တွန်းချက်အမှန်း

သိက္ခာသုံးလီ ဆောင်ပွားတည်၍ ယောဂီခေါ်အပ် အို သူ မြတ်တို့ ဗုဒ္ဓသာသနာ ကြုံဆဲခါ၌ သမ္မာဒိဋ္ဌိ မြင်မှန်ရှိအောင် မိမိရရ ကြိုးစားကြလော့၊ ဉာဏ်တည်ပါ ဤလူ့ရွာ၌ မိစ္ဆာ ခပင်း ပြုတ်ပယ်ရှင်းဘို့ လူမင်းမြတ်စွာ ဟောညွှန်ပါသည် ကာယငါးတန် သဘောမှန်ကို ဝေဘန်စဉ်းစား မြင်အောင် ပွားမှ မိုက်မှားစင်ကင်း ဆင့်ဆင့်လင်းလိမ့် ဖြူဝင်းဝိဇ္ဇာ ဉာဏ် ပညာကြောင့် လေ့လာသလောက် တည်ရှိရောက်လျက် ထွက် မြောက်ကြောင်းပြ သဘာဝနှင့် လက္ခဏာသုံး ကျင့်စဉ်ထုံးကို

နှလုံးသွင်းတတ် ယောဂီမြတ်ဟု ဆိုအပ်ပုံသေ ခေါ်နိုင်ပေ၏။ စိတ်နှလှထွင့်ထား မြတ်ဘုရားသည် ထင်ရှားရှိစဉ် ရှေးယခင်က အရှင်နန္ဒ ညီတော်လှကို ရာဂလောင်မီး အပူစီး၍ အော်ညီး တမ်းတ လူ့ဘဝသို့ ဆင်းကြွမည်ပင် ဘုရားမြင်သော ခေါ် ငင်ပြီးကာ နတ်တို့ရွာသို့ တေဇာ မောက်ဖြိုး ဘုန်းတန်ခိုးဖြင့် သယ်ပိုး တက်သွား နတ်အမျှားနှင့် သိကြားဒေဝီ အလီလီတို့ ရှင်ကြည် နှုတ်ချို ဆီးကာကြိုလျက် ကြည်ညိုလေးစား ခဝတ် တွားပြီး ဘုရားညီလှ ရှင်နန္ဒကို များစွာဒေဝါ နတ်ကညာတို့ သဒ္ဒါဖွေးဖြူ အရေးယူလျက် ပေးလှူနတ်ပန်း ပူဇော်လှမ်းပြီး စည်းကမ်းတကျ ပင့်ဖိတ်ကြသော် နန္ဒညီရင်း စိတ်အတွင်း၌ ပူပြင်းလောင်တောက် အဟောင်း ပျောက်လျက် သစ်ရောက် ပူးယှဉ် ရာဂဝင်သော် ဂုဏ်အင်ကြီးမား မြတ်ဘုရားသည် ချစ်သားနန္ဒ လူ့ဂါမသို့ မြန်းကြွဘို့နော် အချိန် တော်ပြီ မိန့်ခေါ် ချက်ခြင်း ပြန်ကြွဆင်းလျက် ကျောင်းတွင်းဝိဟာ နေသောခါဝယ် နန္ဒာညီချစ် ရဟန်းသစ်က ဒေဝစ္ဆရာ နတ်က ညာကို လွန်စွာစုံမက် ရလိုချက်ကြောင့် မသက်မသာ ရှိနေ တာကို မြတ်စွာဘုရား ကြွား လျှောက် ထား တော့ သနား ချစ်လှ ညီနန္ဒကို ရာဂအေးကြောင်း တရားကောင်းဟု ထုံး ဟောင်းစံပြ မသိရဘဲ နန္ဒညီချစ် ဒေဝစ္ဆရာ စစ်စစ်လာအောင် ကောဌာသများ ကာယငါးကို သင်ကား သုံး သပ် မပြတ် လေ့လာ ဆောင်ပွားပါက လိုရာခရီး ရမှုပြီးလိမ့် ပွားနည်း စုံလင် အားထုတ်ယှဉ်သော် အသင်လိုလား သဘောများသည် တည်နားရောက်ကြ အမှန်ရမည် အားထုတ်ကြိုးစား နေ့ည

ပွားဟု ဘုရားမြတ်စွာ တိုက်တွန်းပါ၍ နန္ဒာညီချစ် ရဟန်းသစ်လဲ ဒေဝစ္ဆရာ ရဘို့ရာဟု လွန်စွာကြိုးစား ကာယငါးကို စဉ်းစား ဆင်ခြင် လုပ်ငန်းဝင်သော် ဉာဏ်စဉ် ပေါ်ပေါက် လမ်းမှန် ရောက်၍ ကင်းပျောက်တိလေ မိုက်မှားကြွေလျက် အသေ ကင်းပြတ် နိဗ္ဗာန်ဓာတ်သို့ ချဉ်းကပ်တည်နား ရကြောင်းများ ကို ထင်ရှားကျမ်းဂန် အတန်တန်ကြောင့် ထက်သန်စိတ်ထား ယောဂီ များသည် ကြိုးစား၍သာ ရှုတ်ပွား လိုက်ကြပါကုန်လော့။

ယခု ဖော်ပြမည် ဖြစ်သော ကာယ(၅)မျိုး၊ သဘာဝ (၁၀) ချက်၊ လက္ခဏာ (၃)နက်၊ မဂ်ဉာဏ်တက် ပညာ၏ အရေးကြီးသော သဘောသွား ဉာဏ်အဆင့်ဆင့် ရင့်သန်စေလို့ သောကြောင့် အထူးသတိပေး ရေးသားလိုက်ရပေသည်။

ပရိညာသုံးပါး လုပ်ငန်းသွားကို သက်ဆိုင်ရာပွားများ နှလုံး သွင်းမှု ကာယငါးမျိုး သဘာဝဆယ်ချက် လက္ခဏာသုံးနက် မဂ်ဉာဏ်တက် ပညာပွား ရာတွင် အသိထူး ဉာဏ်ထူးများ ဆထက်ထမ်းပိုးတိုး၍ သူတော်စင် အမျိုးကောင်းသား အမျိုး ကောင်းသမီးတို့ အကျိုးထူးတရား တိုးပွားစေခြင်းငှာ

(ကိုယ့်အသံကိုယ်ကြား ကိုယ့်စကား ကိုယ်နားလယ်) ဟူ သော ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်နှင့်အညီ သိသင့်သိ ထိုက်သည်များကို သမန္တစက္ခု သဗ္ဗညုဘုရားရှင်ကြီး အသိပေး သကဲ့သို့ ဆရာတော် ဘုရားကြီးသည်လည်း ပုဂ္ဂိုလ်တန်းစား မခွဲခြားဘဲ ဘိကျမှန်ကန် သနားခြင်းမှန်လှစွာ စေတနာသဿန်

လျက် ဝေဘန်ပိုင်းခြား၍ ဩဝါဒပေးတော်မူခဲ့ပေသည်၊ ဤသည့်ဂုဏ်ထူးတော်များကို အထူးအလေးတမူ ဂရုထား၍ မင်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်မျက်မှောက်ပြုနိုင်စေခြင်းအကျိုးငှာ-

ဉာတပရိညာစခန်း ကောဋ္ဌာသကမ္မဋ္ဌာန်းကို အထူးကြိုးပန်းပွားများ အားထုတ်ပါ များသောအခါ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် အသက်ဝိညာဉ်အရှင်မဟုတ် စေ့ဆော်တတ်သော စေတနာမရှိ သက်သက်ထင်ရှား ရုပ်တရားအစုသာဟု ဉာဏ်အားကောင်းစွာ ထင်လာပြီး ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမှ ကင်းကွာ ဆိတ်သုဉ်း ပျက်ကြွေပြုန်း၍ ချမ်းသာဆင်းရဲ ဝမ်းသာဝမ်းနည်း ပြတ်ကုန်စဲ၍ မမေ့သော သတိ အလေ့ကြောင့် ဉာတပရိညာစခန်း လွန်ကြိုးပန်း၍ ဉာဏ်လှမ်း ကျယ်သောအခါ ကောဋ္ဌာသ တခုခု၌သော်၎င်း၊ အပေါင်းအစု၌သော်၎င်း၊ မမြဲ ဆင်းရဲ အစိုးမရ အနှစ်သာရ မရှိသည့်သဘော အရှိကို လက္ခဏာရေးမိလျက် အသိထူး အမြင်ထူး ပေါက်ရောက် သည့်ကိုပင် တီရဏပရိညာစခန်း တက်လှမ်းကာ ပိုင်လာပြီဟု လက်ခံရပ် ပါလိမ့်မည်။

ဆံပင်မည်ရ ကောဋ္ဌာသကို ဆံပင်အမြဲမရှိ ဆံပင်ဆင်းရဲ၏ ဆံပင်အစိုးမရ အနှစ်သာရမရှိဟု ရှုပွားမိသော် ထိုနည်းတူစွာ ၃၂-ပါး ကောဋ္ဌာသများကို ဆံပင်ကဲ့သို့ ကောဋ္ဌာသတိုင်း ရှုပွားပါမူ (၃၂)ကို (၃)နှင့်မြှောက်က ၉၆-ပါး ရုပ်ဓာတ် ပွားများခြင်း ပြီးလျှင် နာမ်ခန္ဓာလေးအင် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ နာမ်ဓာတ် လေးပါး၌ ရုပ်ဓာတ် နည်းတူ

ပွားများပါမူကား တဆယ့်နှစ်ပါး နာမ်ခေတ်ပွားများရာဖြစ်၍ ရုပ်ခေတ် (၉၆)ပါး နာမ်ခေတ် (၁၂)ပါး ပေါင်းသော အခါ တီရဏပရိညာ (၁၀၈)ပါး ရပါတယ်။ ထို့ကြောင့် ဝိပဿနာနယ် ရှုတိုင်းကျယ်၍ တကယ် အားထုတ်ရာရောက်ပါ တယ်။

ပဟာန ပရိညာ သဘောသွားကတော့ အထူး ပွားများဘို့ ခလိုပါ၊ ဉာတပရိညာ တီရဏပရိညာလုပ်ငန်းမှန်စေဘို့ပင် အရေး ကြီးပေသည်။

စိတ်ကိုစောင့်ရှောက်မှ ပညာရှိ မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။
(ဓမ္မပဒပါဠိတော်)

ၝင်း ကာယငါးပါး သဘာဝဆယ်ချက် လက္ခဏာ သုံးနက် တို့ကို ဉာဏ်ထင်မြင်အောင် ဆင်ခြင်ရာမှာ ဆံပင်အစရှိသော ၃၂-ပါးသော ဒွတ္တိံသ ကာယခန္ဓာသည်လည်း တပေါင်းတခဲ တလုံးတစည်းမဟုတ် အာကာသ ပရိစ္ဆေဒခြားလျက် သဲလုံးခန့် မျှလောက်သော အသားစု အရိုးစု အရေစု 'အသွေးစု၌ပင်လျှင် အရာအထောင်မကသော များပြားလှသော မြေ ရေ မီး လေ. အဆင်း အနံ့ အရသာ အဆီ အစရှိသော ပရမာနုမြူ အဋ္ဌ ကလာပ် ရုပ်စုတွေသာဖြစ်ကြကုန်သဖြင့်စင်စစ် ကလာပ် အမှုန်စု တို့သာတည်း ဆံပင် မွေးညှင်းစသော ခေါ်ဝေါ်သမုတ်ပညတ် သည့် ဒြပ်သဏ္ဌာန် နိမိတ်သမူဟ ဃဏတို့ကို ဉာဏ်၌ကွယ်ပျောက်

အောင် ရေမြှုပ်ဆိုင်နှုကို လက်ဖြင့်ကြိတ်ချေဘိသကဲ့သို့ ဉာဏ်ဖြင့် ကြိတ်ချေ၍ ဘာမျှ အနှစ်သာရ အခိုင်အမာ ရှာမရ အဋ္ဌကလာပ် စု သက်သက်သာဟု ဉာဏ်ဖြင့် ထင်မြင် ဆင်ခြင်မိသော အခါ အတ္တဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိ ကွာပေမည်။ ဤနည်း အတိုင်း မိမိကိုယ်ကာယမှ ဒြပ်သဏ္ဍာန် နိမိတ်သမူဟ ဃနတွေ ကို ဉာဏ်ဖြင့် အကုန်ကွယ်ပျောက်၍ အဋ္ဌကလာပ် အပေါင်းအစု သာဟု တကိုယ်လုံးမှာ ထင်မြင်အောင် ဆင်ခြင်နိုင်သောအခါ တွင် နောက်ပွားနည်းတွင် ပေါ်လာမည့် သဘာဝဆယ်ချက် လက္ခဏာ သုံးဆင့် ဉာဏ်အမြင်သန့်ပါမှုကား၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် တည်ထောင်မိပြီဟု ခေါ်ဆိုရပါမည်။

ကာယငါးမျိုး သဘာဝဆယ်ချက် လက္ခဏာ သုံးနက် မဂ်ဉာဏ်တက်ပညာ ပွားများရန်။

ကာယငါးဖြာ အဖြာဖြာကို သဘာဝ ဆယ်ချက် လက္ခဏာ သုံးနက် မဂ်ဉာဏ်တက်ရန် ဆင်ခြင် ပွားများ နှလုံးသွင်းတော်မူ လိုက်ကြပါကုန်လော့။

အတ္တိ ဣမသ္မိံ ကာယေ-

(၁) ပထဝီကာယာ (၂) အာပေါကာယာ
(၃) တေဇောကာယာ (၄) ဝါယောကာယာ
(၅) ဝိညာဏကာယာ

မေ၊ ငါ၏။ ဣမသ္မိံကာယေ၊ ဤရူပကာယ ခန္ဓာကိုယ်၌။ ပထဝီကာယာ၊ မြေဓာတ်တူစွာ ကြမ်းတမ်းခက်မာတဲ့ ကိုယ်အစု

7 တို့သည်ရှိ၏။ အာပေါကာယာ၊ ရေဓာတ်တူစွာ ဖွဲ့စေးတတ်ပါတဲ့

ကိုယ်အစုတို့သည်ငှင်း။ တေဇောကာယာ၊ မီးဓာတ်တွေစွာ ပူအေးတဘ်ပါတဲ့ ကိုယ်အစုတို့သည်ငှင်း။ ဝါယောကာယာ၊ လေဓာတ်တွေစွာ လှုပ်ရှားတဘ်ပါတဲ့ ကိုယ်အစုတို့သည်ငှင်း။ ဝိညာဏကာယာ၊ ကြံတွေးသိတဘ် သဘောမှတ်ရဘဲ့ ကိုယ်အစုတို့သည်ငှင်း။ အတ္တိသန္တိ၊ သဘာဝအလျောက် ဖြစ်ပေါ်ပေါက်ပြီး တည်ရောက်နေကြကုန်၏။

၁။ တတ္ထ ကတမေ ပထဝီကာယာ၊
ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊

၁။ တတ္ထ၊ သဘာဝ ထင်ရှားဖြစ်တည်နှားတဲ့ ထိုငါးပါးသော ကာယတို့တွင်။ ပထဝီကာယာ၊ မြေဓာတ်တွေစွာ ကြမ်းတမ်းခက်မာတဲ့ ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သဘောတရားတို့နည်း ဟူမူကား။

ကေသာ — နှစ်ကုဋေ့ပေါ် ငါးသန်းကျော်သည် ဆံပင်ဘို့သည်ငှင်း၊

လောမာ — ကိုးသောင်း ကိုးထောင် သချာဆောင်ထား မွေးညှင်း အစားစားတို့သည်ငှင်း၊

နခါ — ခြေလက်ဖျားဝယ် ကြည့်ရှုလွယ်သည့် နှစ်ဆယ်သော ခြေသည်းလက်သည်း တို့သည်ငှင်း၊

ဒန္တ — သုံးဆယ့် နှစ်ချောင်း ရေတွက် ပေါင်းရသည့် သွားတို့သည်ရင်း၊

တစော — အရေထူအရေပါးတို့သည်ရင်း၊

မံသံ — ကိုးရာပိုင်းခြား ရေတွက်ထားရသည့် အသားစု သည်ရင်း၊

နှာရု — ခုနှစ်ထောင်ကိုးရာသော အကြောသေးအကြော ကြီးများတို့သည်ရင်း၊

အဋ္ဌိ — ရှည်တိုအမျိုးမျိုး အကြည့်ဆိုးတဲ့ အရိုးသုံးရာ တို့သည်ရင်း၊

အဋ္ဌိမိဉ္ဇံ — ရိုင်းတွင်း၌ တည်ဟောင်း နံညှီသည့် ချဉ်ဆီ အပေါင်းတို့သည်ရင်း၊

ဝက္ကံ — နှလုံးပြွတ်ဆိုင် သရက်ခိုင်သို့ ဆွဲကိုင်တည်မှုအညို့ အစုသည်ရင်း၊

ယကနံ — နံစောင် လကျာ မှီခိုကာတဲ ညိုညစ်မဲသည့် အသဲ စုသည်ရင်း၊

ကိလောမကံ — နှလုံးညို့ဖျား ဖုံးဘို့ထားပေး ပိတ်ဖြူသွေးရှိတဲ့ အမြှေးသည်ရင်း၊

ပိဟကံ — လက်ဝဲနံဘက် မှီနေ ဆက်သည့် သရက်ရွက်ပုံ အသွင် အပျဉ်စင်းတဲ့ အဖျဉ်းသည်ရင်း၊

ပပ္ဖာသံ — သဲနှလုံးချုပ် အကုန်အုပ်သည့် အဆုပ်သည်ရင်း၊

အန္တံ — သုံးဆယ်နှစ်သာ ယောကျာ်းမှာမူ ဣတ္ထိဟူစင် နှစ်ဆယ့်ရှစ်ရှိသော အူမသည်ရင်း၊

အန္တဂုဏံ — သွယ်သွယ်အူပ မငလျှာ့ရပေ မပျက်လေအောင် ယှက်ပွေလိမ်မှု အူသိမ်အစုသည်ငှင်း၊

ဥဒရိယံ — လျှာရည်တံထွေး သွားသရေးနှင့် ညစ်ကြေး ထွေထွေ ထောင်းထုခြေကာ ဝါးမျိုရာ ဖြစ်သော အစာသစ်သည်ငှင်း၊

ကရီသံ — စားသုံးသမျှ ကြေညက်မှ၍ ယိုကျထွက်ကြောင်း အစာဟောင်းသည်ငှင်း၊

မတ္ထလုင်္ဂံ — ဦးခေါင်းတွင်းရောက် နံ ညှီ ဟောက် သည့် ဦးနှောက်အစုသည်ငှင်း၊

ဣမေ၊ ဤနှစ်ဆယ်သော ကိုယ်အစုတို့ကို။ ပထဝီကာယာ မြေဓာတ်ထူစွာ ကြမ်းတမ်းခက်မာသော သဘာဝ အစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဉာဏ်ဖြင့် မပြတ်သဘောမှတ်လျက် ဆိုအပ်လေကုန်၏။

## ပထဝီကာယ ၂၀

ကေသကာယေ ကက္ခဠ ကိရိယာ ပထဝီနာမ အာဗန္ဓန ကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘန ကိရိယာ ဝါယောနာမ၊ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ တဒ္ဒူပါဒါ သဏ္ဌေ တေ ဓမ္မာ သမ်တာ ပဋိစ္စ သမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

တထာ လောမကာယေ နခကာယေ ဒန္တကာယေ တစ ကာယေ မံသ ကာယေ နှာရုကာယေ အဋ္ဌိကာယေ အဋ္ဌိမိဉ္ဇကာ

ယေ ဝဏ္ဏကာယေ ဟာဒယကာယေ ယကနကာယေ ကိလောမကကာယေ ပိဟကကာယေ ပပ္ဖါသကာယေ အန္တကာယေ အန္တဂုဏကာယေ ဥဒရိယကာယေ ကရီသကာယေ မတ္ထလုင်ကာယေ။

ကေသကာယေ ဆံပင်ခေါ်ပြု ကိုယ်အစု၌၊

ကက္ခဠကိရိယာ မြေဓာတ်ပမာ ကြမ်းတမ်းခက်မာမှုသဘောအစုသည်၊ ပထဝီနာမ အဖတ်ကလာပ်ပေါင်းစုအပ်တဲ့ မြေဓာတ်စစ်မည်၏။

အာဗန္ဓနကိရိယာ ဖွဲ့စည်းကပ်တွယ်မှု သဘောအစုသည်၊ အာပေါနာမ အရေကလာပ်ပေါင်းစုအပ်တဲ့ ရေဓာတ်စစ်မည်၏။

ဥဏှတ္တကိရိယာ နွေးမှု ပူမှု အရှိန် အခိုးသဘောအစုသည်၊ တေဇောနာမ အရှိန်ကလာပ်ပေါင်းစုအပ်တဲ့ မီးဓာတ်စစ်မည်၏။

ဝိတ္ထမ္ဘနကိရိယာ ထောက်ကန့် လှုပ်ရှားမှု သဘောအစုသည်၊ ဝါယောနာမ အဟုန်ကလာပ် ပေါင်းစုအပ်တဲ့ လေဓာတ်စစ်မည်၏။

ဝဏ္ဏော အဆင်းဓာတ်သည်ရင်း၊ ဂန္ဓော အနံ့ဓာတ်သည်ရင်း၊ ရသော အရသာဓာတ်သည်ရင်း၊ ဩဇာပြန့်နှံ့၍တည် အဆီဓာတ်သည်ရင်း၊

ဤမေ၊ ဤလေးပါးသော ဓာတ်ငယ်တို့သည်၊ တဒုပါဒါ မြေ ရေ လေ မီး ဓာတ်ကြီးတွေကို မှီနေထင်ရှား ထိုဓာတ်ငယ်ဓာတ်သေးတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓေတမေ္မာ၊ ထိုခေတ်ကြီးလေးသွယ် မှီနေတွယ်တဲ့ ခေတ်ငယ်လေးပါး ရုပ်တရားတို့သည်–

၁။ သခ်တာ- အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင်အပ်သောတရားတို့သာတည်း။

၂။ ပဋိစ္စသမုပ္ပန္နာ-အကြောင်းကိုစွဲ တပေါင်းထဲသာ မခွဲသာအောင် ဖြစ်ပေါ်လာသော တရားတို့သာတည်း။

၃။ နိဿတ္တာ- ပုဂ္ဂိုလ်သမုတ် သတ္တဝါသမုတ်သော်လဲ မဟုတ်နိုင် မရှိနိုင်ကုန်။

၄။ နိဇ္ဇီဝါ- စက္ကန့်မိနစ် နာရီခေတ်မျှ စီစစ်ပြနိုင်တဲ့ ဇီဝအသက် မပေါ်ထွက်သဖြင့် အသက်ဝိညာဉ်အရှင်မဟုတ်ကုန်။

၅။ တုစ္ဆာ- အမြုတ်အကြီး မစပ်နီးဘဲ အချည်းနှီးသော တန်ဘိုးမရှိသော သဘာဝမျိုးတို့သာတည်း။

၆။ သုညာ- မြဲဘဲ့ဂုဏ် ချမ်းသာတဲ့ဂုဏ် အစိုးရဘဲ့ဂုဏ် တင့်တယ်တဲ့ဂုဏ် အလုံးစုံတို့မှ အကုန်ဆိတ်သုဉ်းခြင်းရှိကုန်၏။

၇။ ဝသဓမ္မာ- ဘာဘာခုမျှ ရှာမရအောင် ခဏခဏကုန်ဆုံးသော သဘောအလေ့ရှိကုန်၏။

၈။ ဝယဓမ္မာ- ခဏခြင်း ပေါ်ပေါက်ကြပြီး ကွယ်ပပျောက်ခြင်းသဘောအလေ့ရှိကုန်၏။

၉။ ဝိရာဂဓမ္မာ- ခဏာတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက်ပြယ်ခြင်းသဘောအလေ့ရှိကုန်၏။

၁၀။ နိရောဓဓမ္မာ-ခဏခဏာကိန်း ခဏခဏာသိမ်း၍ ချုပ်ငြိမ်းခြင်းသဘောအလေ့ရှိကုန်၏။

(က) ခယဋ္ဌေန- ဖြစ်ပေါ်သမျှ မတည်ရဘဲ ခဏခဏာကုန်ဆုံးခြင်း အနက်သဘောကြောင့်။ အနိစ္စာ၊ ဟောင်းသစ်ပြောင်းလဲ မရပ်စဲဘဲ အမြဲမရှိသော အနိစ္စမျိုးတို့သာလျှင်တည်း။

(ခ) ဘယဋ္ဌေန- ကြောက်လန့်ဘွယ်မှု ဘေးအစုဟု မှတ်ရှုအပ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ကြိုပ်ခြေထောက်ဆွဲ တသဲသဲကြောင့် ဆင်းရဲမျိုးတို့သာလျှင်တည်း။

(ဂ) အသာရကဋ္ဌေန-စက္ကန့်မိနစ်နာရီခေတ်မျှ အနှစ်သာရ ရှာမရသော အနက်သဘောကြောင့်။ အနတ္တာ၊ အတ္တခေါ်ရိုး မရှိမျိုးကြောင့် အစိုးမရသော သဘောတို့သာလျှင်တည်း။

၂။ ကတ္တ ကတမေ အာပေါကာယာ

ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ ဣမေ ဝုစ္စန္တိ အာပေါကာယာ။

၂။ တတ္ထ၊ သဘာဝထင်ရှား ဖြစ်တည်နားတဲ့ ထိုငါးပါးသော ကာယတို့တွင်။အာပေါကာယေ၊ရေဓာတ်တူစုဘွာနှာဖွဲ့စေး

တတ်ပါတဲ့ ကိုယ်အစုတို့ဟူသည်၊ ကတမေ အဘယ် သဘောတရားတို့နည်း ဟူမူကား-

ပိတ္တံ ပေါင်းစုတည်နေ ပြန့်နှံ့နေသည့် သည်းခြေနှစ်မျိုးတို့သည်ရင်း၊

သေမှံ အစာသစ်အိမ်ပိတ် ပြစ်ခဲ့သိတ်သည့် သလိပ်အစုသည်ရင်း၊

ပုဗ္ဗော သွေးပုတ်ရင့်ရော် အနာပေါ်က မှည့်ပျော်ရောက်ကြောင်း ပြည်အပေါင်းသည်ရင်း၊

လောဟိတံ နှလုံးအထက် တစက်စက်ကျပြန့်ထွက်ရ၍ ကြောမကြောသေး သူအားပေးလျက် နီထွေးချိပ်ရည် ပတ်ပတ်လည်နေသော သွေးအပေါင်းသည်ရင်း၊

သေဒေါ ဟောင်ညှိသိုးအူ ညစ်ကြေး ထူသည့် ချွေးဟူသော အပေါင်းအစုသည်ရင်း၊

မေဒေါ ဆူသောသူကား အရေကြားနေ ကြုံပါးသူမှာ ဆူရာဌာန တည်ရှိရမြဲ အဆီခဲသည်ရင်း၊

အဿု ငိုကြွေး ရယ်ရွှင် ကျိန်းစပ်အင်နှင့် ပူပင်အခိုးအမျိုးမျိုးကြောင့် ထွက်ရိုး မျက်ကွင်း မြဲးကျအင်းသည့် မျက်ရည်ရင်း၊

ဝသာ နှဖူး နှာဖျား ဖမိုးများနှင့် တည်နားထိုထို စိမ့်ယိုစိုသည့် ဆီကြည်အစုသည်ရင်း၊

ခေဠော နှလုံး နောက်ကြု မူးနောက်ပူနှင့် ကြည့်ရှုသောက်စား ချဉ်ငံ ခါးပြင်း ငါး ဘောဇဉ်မှု

ကြောင့်ဝဝကြောင့် ယိုကျ ပြစ်ကြေး တံတွေး အစုသည်ရှင်း၊

သိင်္ဃာဏိကာ ဥတုမမှန် ဓာတ်ဖောက်ပြန်၍ ပြင်းထန်စာစာ ငိုကြွေးပါမူ ထွက်လာသုတ်သုတ် ဦးကျောက်ပုတ်ရည် နှပ်မည်သော အစုသည်ရှင်း၊

လသိကာ ရာ့ရှစ်ဆယ်ထက် အရိုးဆက်၌ ဆွတ်လျက်ကပ်နေ ကျိုးရကြေးမှုခိုင်အောင်ပြုပေးသည့် အစေးဟူသော အစုသည်ရှင်း၊

မုတ္တံ ချက်နား အောက်ထိပ် စည်ပေါင်းအိတ်၌ ဆို့ပိတ်ဝင်ပေါက် မရှိပျောက်လည်း စိမ့်ရောက်ကျဆင်း ဆီးအိမ်တွင်း၌ တောင့်တင်းတည်နေ ကျင်ငယ်ရေတို့သည်ရှင်း၊

ဣမေ ဤတဆယ့်နှစ်ပါးသော် ကိုယ်အစုတို့ကို၊ အာပေါကာယ ရေဓာတ်တူစွာ ဖွဲ့စေတတ်ပါတဲ့ သဘာဝအစုတို့ဟူ၍၊ ဝုစ္စန္တိ ဉာဏ်ဖြင့်မပြတ် သဘောမှတ်လျက် ဆိုအပ်လေကုန်၏။

## ၂။ အာပေါကာယ ၁၂ပါး

ပိတ္တကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓန ကိရိယာ အာပေါနာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘန ကိရိယာ ဝါယောနာမ၊ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ တဒုပါဒါ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

တထာ သေမှကာယေ ပုဗ္ဗကာယေ လောဟိတကာယေ သေဒကာယေ မေဒကာယေ အဿုကာယေ ဝသာကာယေ ခေဠကာယေ သိင်္ဃာဏိကကာယေ လသိကကာယေ မုတ္တကာယေ။

ပိတ္တကာယေ သည်းခြေခေါ်ပြု ကိုယ်အစု၌၊

ကက္ခဠကိရိယာ မြေဓာတ်ပမာ ကြမ်းတမ်းခက်မာမှုသဘောအစုသည် ပထဝီနာမ ကိုင်တွယ်သုံးသပ် တွေ့ထိအပ်တဲ့ မြေဓာတ်စစ်မည်၏။

အာဗန္ဓနကိရိယာ ဖွဲ့စေးကပ်တွယ်မှု သဘောအစုသည် အာပေါနာမ အရေကလာပ်ပေါင်းစုအပ်တဲ့ ရေဓာတ်မည်၏။

ဥဏှတ္တကိရိယာ နွေးမှု ပူမှု အရှိန်တန်ခိုး သဘောအစုသည် တေဇောနာမ အရှိန်ကလာပ် ပေါင်းစုအပ်တဲ့ မီးဓာတ်စစ်မည်၏။

ဝိတ္ထမ္ဘနကိရိယာ ဆောက်ကန် လှုပ်ရှားမှု သဘောအစုသည် ဝါယောနာမ အဟုန်ကလာပ် ပေါင်းစုအပ်တဲ့ လေဓာတ်စစ်မည်၏။

ဝဏ္ဏော အဆင်းဓာတ်သည်ငှင်း၊ ဂန္ဓော အနံ့ဓာတ်သည်ငှင်း၊ ရသော အရသာဓာတ်သည်ငှင်း၊ ဩဇာ ပြန့်နှံ့၍ တည် ဩဇာအဆီဓာတ်သည်ငှင်း၊

ဣမေ၊ ဤလေးပါးသော ဓာတ်ငယ်တို့သည် တဒုပါဒါ မြေ ရေ မီး လေ ဓာတ်ကြီးတွေကို မှီနေထင်ရှာ. ထိုဓာတ်ငယ် ဓာတ်သေးတို့သာတည်း။

သဗ္ဗေ အလုံးစုံကုန်သော ဓေတမ္မာ ထိုခေတ်ကြီး လေးသွယ် မှီနေတွယ်တဲ့ ခေတ်ငယ်လေးပါး ရုပ်တရားတို့သည်—

၁။ သခ်တာ အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင်အပ်သော တရားတို့သာတည်း။

၂။ ပဋိစ္စသမုပ္ပန္နာ အကြောင်းကိုစွဲ တပေါင်းတည်းသာ မခွဲသာအောင် ဖြစ်ပေါ်လာသော တရားတို့သာတည်း။

၃။ နိဿတ္တာ ပုဂ္ဂိုလ်သမုတ် သတ္တဝါသမုတ်သော်လည်း မဟုတ်နိုင် မရှိနိုင်ကုန်။

၄။ နိဇ္ဇီဝါ စက္ကန့် မိနစ် နာရီခေတ်မျှ စီစစ်ပြနိုင်တဲ့ ဇီဝ အသက် မပေါ်ထွက်သဖြင့် အသက် ဝိညာဉ် အရှင်မဟုတ်ကုန်။

၅။ တုစ္ဆာ ထင်ရှားမှု အသီးသီး မစပ် မနီး သဖြင့် အချည်းနှီးသော တန်ဘိုးမရှိသော သဘာဝ မျိုးတို့သာတည်း။

၆။ သုညာ မြဲတဲ့ဂုဏ် ချမ်းသာတဲ့ဂုဏ် အစိုးရတဲ့ဂုဏ် တင့်တယ်တဲ့ဂုဏ် အလုံးစုံတို့မှ အကုန်ဆိတ်သုဉ်းခြင်းရှိကုန်၏။

၇။ ခယဓမ္မာ ဘာတခုမျှ ရှာမရအောင် ခဏခဏ ကုန်ဆုံးသော သဘောအလေ့ ရှိကုန်၏။

၈။ ဝယဓမ္မာ ခဏခြင်းမျှ ပေါ်ပေါက်ကြပြီး ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

၉။ ဝိရာဂဓမ္မာ- ခဏတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက်ပျယ်ခြင်း သဘောအလေ့ ရှိကုန်၏။
၁၀။ နိရောဓဓမ္မာ-ခဏခဏကိန်း ခဏခဏသိမ်း၍ ချုပ်ငြိမ်းခြင်းသဘောအလေ့ ရှိကုန်၏။
၁၁။ ခယဋ္ဌေန- ဖြစ်ပေါ်သမျှ မတည်ရဘဲ ခဏခဏကုန်ဆုံးအနက်သဘောကြောင့်။ အနိစ္စာ၊ မြောင်းသစ်ပြောင်းလဲ မရပ်စဲဘဲ အမြဲမရှိသော အနိစ္စမျိုးတို့သာလျှင်တည်း။
၁၂။ ဘယဋ္ဌေန- ကြောက်လန့်ဘွယ်မှု ဘေးအစုဟု မှတ်ရူအပ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ကြိုပ်ခြေဆောင်ဆဲ့ တသဲသဲကြောင့် ဆင်းရဲမျိုးတို့သာလျှင်တည်း။
၁၃။ အသာရကဋ္ဌေန-စက္ကန့်မိနစ် နာရီခေတ်မျှ အနှစ်သာရရှာမရသော အနက် သဘောကြောင့်။ အနတ္တာ အတ္တခေါ်ရိုး မရှိမျိုးကြောင့် အစိုးမရသော သဘောတို့သာလျှင်တည်း။

၃။ တတ္ထ ကတမေ တေဇောကာယာ
သန္တာပေါ ဒါဟော ပါစကော ဇီရဏာ
ဣမေ ဝုစ္စန္တိ တေဇောကာယာ။
၃။ တတ္ထ၊ သဘာဝထင်ရှား ဖြစ်တည်နားတဲ့ ထိုငါးပါးသော ကာယတို့တွင်။ တေဇောကာယာ၊ မီးဓာတ်ပေါများရှိနိုးပါတဲ့ ကိုယ်အစုတို့ဟူသည်။ ကတမေ၊ အဘယ်သဘောတရားတို့နည်း ဟူမူကား။

သန္တာပေါ်– ပူအေး ရက်ကျော် ဖျားနာပေါ်၍ ဟစ်အော် လွန့်လူး အပူထူးသော တေဇောမီးဓာတ် အစုသည်ရှင်း။

ဒါဟော– ကျောက်ပုလိပ်ဖျား အပူများအောင် အင်အားဆောင်လျက် တောက်လောင်ချက် ဆိုးသော တေဇောမီးဓာတ်အစုသည်ရှင်း။

ပါစကော– စားမျိုသမျှ အာဟာရတွေကို ကျက်စေ ကြေစေသော ပါစကဓာတ်အစုသည်ရှင်း။

ဇီရဏာ– ရင့်ရော်မှု အခန်းခန်း ဆွေးမြေ့မှု လွမ်းလျက် ဟောင်းနွမ်း စေတတ်သော တေဇောမီး ဓာတ် အစုသည်ရှင်း။

ဣမေ၊ သရုပ်ထင်ရှား ဤလေးပါးသော ကိုယ်အစုံကို။ တေဇောကာယာ၊ ဓာတ်မီးပမာ ရှိန်ခိုးပါတဲ့ သဘာဝအစုတို့ ဟူ၍။ ဝုစ္စန္တိ၊ ဥာဏ်ဖြင့်မပြတ် သဘောမှတ်လျက် ဆိုအပ်လေကုန်၏။

### တေဇောကာယ ၄–ပါး

သန္တာပကာ ယေ ကာယစ္ဆိကိရိယာ ပထဝီနာမ အာဗန္ဓနကိရိယာ အာပေါနာမ ဥဏှတ္တကိရိယာ တေဇောနာမ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ ဝဏ္ဏော ဂန္ဓော ရသော သြဇာ တဒုဒါပါ သမ္ဘေ တေဓမ္မာ သခ်တာ ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ ခယဋ္ဌေန၊ အနိစ္စံ ဘယဋ္ဌေန ဒုက္ခံ အသာရကဋ္ဌေန အနတ္တာ။

တထာ ဒါဟကာယေ ပါစကကာယေ ဇီရဏကာယေ။

သန္တာပကာယေ ပူအေးနှစ်ခု အပြိုင်လှ၍ အေးမှုပူမှု အမျိုးမျိုး ပြုနေသော ကိုယ်အစု၌။

ကက္ခဠကိရိယာ မြေဓာတ်ပမာ ကြမ်းတမ်းခက်မာမှု သဘော အစုသည် ပထဝီနာမ အဖတ်ကလာပ်ပေါင်းစု အပ်တဲ့ မြေဓာတ်စစ်မည်၏။

အာဗန္ဓန ကိရိယာ ဖွဲ့စေး ကပ်တွယ်မှု သဘောအစုသည် အာပေါ နာမ အရေကလာပ်ပေါင်းစုအပ်တဲ့ ရေဓာတ် စစ်ဖြစ်၏။

ဥဏှတ္တကိရိယာ နွေးမှုပူမှု အရှိန်အခိုးသဘော အစုသည် တေဇောနာမ အရှိန်ကလာပ်ပေါင်းစုအပ်တဲ့မီးဓာတ် စစ်မည်၏။

ဝိတ္ထမ္ဘနကိရိယာ ထောက်ကန် လှုပ်ရှားမှု သဘော အစုသည် ဝါယောနာမ အဟုန်ကလာပ် ပေါင်းစုအပ်တဲ့ လေဓာတ်စစ်မည်၏။

ပဉ္စော အဆင်းဓာတ်သည်၎င်း၊ ဂန္ဓောအနံ့ဓာတ်သည် ၎င်း၊ ရသော အရသာဓာတ်သည်၎င်း၊ သြဇာ ပြန့်နှံ့၍တည် သြဇာ အဆီဓာတ်သည်၎င်း။

ဣမေ ဤလေးပါးသော ဓာတ်ငယ်တို့သည်၊ တဒုပါဒါ မြေ ရေ မီး လေ ဓာတ်ကြီးတွေကို မှီနေထင်ရှား ထိုဓာတ်ငယ် ဓာတ် ငယ်ဟုသိသာတည်း။

သဗ္ဗေ အလုံးစုံကုန်သော၊ ဓေတမ္မာ ထိုခေတ်ကြီးလေးသွယ် ခေတ်ငယ်လေးပါး ရုပ်တရားတို့သည်။

၁။ သန္တော အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင်အပ်သော တရားတို့သာတည်း။

၂။ ပဋိစ္စသမုပ္ပန္နာ အကြောင်းကိုစွဲ တပေါင်းထဲသာ မခွဲသာအောင် ဖြစ်ပေါ်လာသော တရားတို့သာတည်း။

၃။ နိဿတ္တာ ပုဂ္ဂိုလ်သမုတ် သတ္တဝါ သမုတ်သော်လဲ မဟုတ်နိုင် မရှိနိုင်ကုန်။

၄။ နိဇ္ဇီဝါ စက္ကန့်မိနစ် နာရီခေတ်မျှ စီစစ်ပြနိုင်တဲ့ ဇီဝ အသက်မပေါ်ထွက်သဖြင့် အသက်ဝိညာဉ် အရှင်မဟုတ်ကုန်။

၅။ တုစ္ဆာ အမြုတ်အကြီး မစပ်မနီးဘဲအချည်းနှီးသော တန်းဘိုး မရှိသော သဘာဝ မျိုးတို့သာတည်း။

၆။ သုညာ မြဲတဲ့ ဂုဏ် ချမ်းသာတဲ့ ဂုဏ် အစိုးရတဲ့ ဂုဏ် တင့်တယ်တဲ့ ဂုဏ် အလုံးစုံတို့မှ အကုန်ဆိတ်သုန်းခြင်း ရှိကုန်၏။

၇။ ဒယာမမ္မာ ဘာတခုမျှ ရှာမရအောင် ခဏခဏကုန်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

၈။ ဝယဓမ္မာ ခဏခြင်းမျှ ပေါ်ပေါက် ကြပြီး ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

၉။ ဝိရာဂဓမ္မာ ခဏာတွင်းဝယ်ဖြစ်ပေါ်လွယ်၍ ပျောက်ပျယ်ခြင်းသဘောအလေ့ ရှိကုန်၏။

၁၀။ နိရောဓဓမ္မာ ခဏ ခဏကိန်း ခဏ ခဏ သိမ်း၍ ချုပ်ငြိမ်းခြင်း သဘောအလေ့ ရှိကုန်၏။

(က) ခယဋ္ဌေန ဖြစ်ပေါ်သမျှ မတည်ရ ခဏခဏ ကုန်ဆုံးခြင်း အနက် သဘောကြောင့် အနိစ္စာ ဟောင်းသစ် ပြောင်းလဲ မရပ်စဲသဖြင့် အမြဲမရှိသော အနိစ္စမျိုးတို့သာလျှင်တည်း။

(ခ) ဘယဋ္ဌေန ကြောက်လန့်ဘွယ်ဟု ဘေးအစုဟု မှတ်ရှုအပ်သော အနက်သဘောကြောင့် ဒုက္ခာ ကြိုပ်ခြေဆောင်ဆွဲ တသဲသဲကြောင့် ဆင်းရဲမျိုးတို့သာလျှင်တည်း။

(ဂ) အသာရကဋ္ဌေန စက္ကန့် မိနစ် နာရီခေတ်မျှ အနှစ်သာရ ရှာမရသော အနက် သဘောကြောင့် အနတ္တာ အတ္တ ခေါ်ရိုး မရှိမျိုးကြောင့် အစိုးမရသော သဘောတို့သာလျှင်တည်း။

၄။ တတ္ထ ကတမေ ဝါယောကာယာ

ဥဒ္ဓင်္ဂမဝါတာ အဓောဂမဝါတာ ကုစ္ဆိသယဝါတာ ကောဋ္ဌာသယ ဝါတာ အင်္ဂမင်္ဂါနုသာရိနော ဝါတာ အဿာသ ပဿာသဝါတာ ဣမေ ဝုစ္စန္တိ ဝါယော ကာယာ

၄။ တတ္ထ — သဘာဝထင်ရှားဖြစ်တည်နားတဲ့ ထိုငါးပါးသော ကာယတို့တွင် ဝါယောကာယာ လေဓာတ်တူစွာ လှုပ်ရှားတတ်ပါတဲ့ ကိုယ်အစုတို့ဟူသည် ကတမေ အဘယ် သဘောတရားတို့နည်း ဟူမူကား–

ဥဒ္ဒင်္ဂမဝါတာ — အထက်သို့ဆန်တက် ပျို့အံထွက်ပြီး ဆန်တက်ခြင်းစသော လေဓာတ်အစုတို့သည်ရင်း၊

ကုစ္ဆိသယဝါတာ — ဝမ်းခေါင်းတွင်းကိန်း မွေ့နှောက်ထိန်းသည့် မြည်ဟိန်းသော လေဓာတ်အစုတို့သည်ရင်း၊

ကောဋ္ဌာသယဝါတာ — အူမအူသိမ်တွင်းလှုပ်ရှားခြင်းပြု၍ အဆင်းတွန်းတတ်သော လေဓာတ်အစုတို့သည်ရင်း၊

အင်္ဂမင်္ဂါနုသာရိနောဝါတာ — ကိုယ်အင်္ဂါအားလုံး လှုပ်ရှားမှုသုဉ်းပါက သိမ်းကြုံးစောင့်ရှောက် အစဉ်လျှောက်သည့် လေဓာတ်အစုတို့သည်ရင်း၊

အဿာသ ပဿာသဝါတာ — ထွက်သက်ကိုထုတ် ဝင်သက်ကို စုပ်ယူတတ်သော ထွက်သက်ဝင်သက် လေဓာတ်အစုတို့သည်ရင်း၊

ဣမေ၊ ဤသို့ထင်ရှား လေဓာတ်ခြောက်ပါးတို့ကို ဝါယောကာယာ လေဓာတ်တူစွာ လှုပ်ရှားတတ်ပါတဲ့ ကိုယ်အစုတို့ဟူ၍ ဝုစ္စန္တိဉာဏ်ဖြင့် မပြတ်သဘောမှတ်လျက် ဆိုအပ်လေကုန်၏။

## ဝါယောဓာတ် ၆-ပါး

ဥဒ္ဒင်္ဂ ပဝါတ ကာယေ ကက္ခဋ္ဌကိရိယာ ပထဝီနာမ အာဗန္ဓန ကိရိယာ အာပေါနာမ ဥဏှတ္တကိရိယာ တေဇောနာမ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ တဒုပါဒါ သဗ္ဗေ တေမေ့ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ နိသတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာနိရောဓဓမ္မာ ခယဋ္ဌေနအနိစ္စံ ဘယဋ္ဌေန ဒုက္ခံ အသာရကဋ္ဌေနအနတ္တာ။

တထာ အဓောဂမဝါတ ကာယေ ကုစ္ဆိသယဝါတကာယေ ကောဋ္ဌာသယဝါတ ကာယေ အင်္ဂမင်္ဂါ နုသာရိနော ဝါတကာယေ အဿာသ ပဿာသ ဝါတကာယေ။

ဥဒ္ဒင်္ဂပဝါတကာယေ- အထက်သို့ ဆန်တက်ခြင်းစသော လေဓာတ်ပေါ်ပြု ကိုယ်အစု၌။

ကက္ခဋ္ဌကိရိယာ- မြေဓာတ်ပမာ ကြမ်းတမ်းခက်မာမှုသဘော အစုသည် ပထဝီနာမ ကိုင်တွယ်သုံးသပ် တွေ့ထိအပ်တဲ့ မြေဓာတ်စစ် မည်၏။

အာဗန္ဓနကိရိယာ-ဖွဲ့စေးကပ်တွယ်မှု သဘောအစုသည် အာပေါနာမ အရေကလာပ်ပေါင်းစုအပ်တဲ့ ရေဓာတ်အစစ်မည်၏။

ဥဏှတ္တကိရိယာ- ပူနွေးမှု အရှိန်အခိုး သဘော အစုသည် တေဇောနာမအရှိန်ကလာပ် ပေါင်းစုအပ်တဲ့ မီးဓာတ်စစ်မည်၏။

ဝိတ္ထာရနကိုရိယာ- ထောက်ကန် လှုပ်ရှားမှု သဘောအစုသည် ဝါယောနာမ အဟုမ်ကလာပ် ပေါင်းစုအပ်တဲ့ လေဓာတ်စစ်မည်၏။

ဝဏ္ဏော၊ အဆင်းဓာတ်သည်ငင်း၊ ဂန္ဓော၊ အနံ့ဓာတ်သည်ငင်း၊ ရသော၊ အရသာဓာတ်သည်ငင်း၊ ဩဇာ၊ ပြန့်နှံ့၍တည်ဩဇာအဆီဓာတ်သည်ငင်း။

ဣမေ၊ ဤလေးပါးသော ဓာတ်ငယ်တို့သည်။ တဒုပါဒါ၊ မြေ ရေ မီး လေ ဓာတ်ကြီးတွေကို မှီနေထင်ရှား ထိုဓာတ်ငယ် ဓာတ်သေးတို့သာတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓာတေမ္မာ၊ ထိုဓာတ်ကြီးလေးသွယ် မှီတွယ်နေသည့် ဓာတ်ငယ်လေးပါး ရုပ်တရားတို့သည်။

၁။ သင်္ခတာ- အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင်အပ်သော တရားတို့သာတည်း။

၂။ ပဋိစ္စသမုပ္ပန္နာ-အကြောင်းကိုစွဲ တပေါင်းတည်းသာ မခွဲသာအောင် ဖြစ်ပေါ်လာသော တရားတို့သာတည်း၊

၃။ နိသတ္တာ- ပုဂ္ဂိုလ်သမုတ် သတ္တဝါ သမုတ်သော်လည်း မဟုတ်နိုင် မရှိနိုင်ကုန်။

၄။ နိဇ္ဇီဝါ- စက္ကန့်မိနစ် နာရီခေတ်မျှ စိစစ်ပြနိုင်တဲ့ ဇီဝအသက် မပေါ်လွှက်သဖြင့် အသက်ဝိညာဉ်အရှင်မဟုတ်ကုန်။

၅။ ကုစ္ဆာ- ထင်မှားမှုအသီးသီးမစပ်မနီးသဖြင့်အချည်းနှီးသော တန်ဘိုး မရှိသော သဘာဝမျိုးသာတည်း။

၆။ သုညာ ပြဲတဲ့ဂုဏ် ချမ်းသာတဲ့ဂုဏ် အစိုးရတဲ့ဂုဏ် တင့်တယ်တဲ့ဂုဏ် အလုံးစုံတို့မှ အကုန် ဆိတ်သုဉ်းခြင်း ရှိကုန်၏။

၇။ ခယဓမ္မာ ဘာတခုမျှ ရှာမရအောင် ခဏခဏ ကုန်ဆုံးခြင်းသဘောအလေ့ ရှိကုန်၏။

၈။ ဝယဓမ္မာ ခဏခြင်းမျှ ပေါ်ပေါက်ကြပြီး ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ ရှိကုန်၏။

၉။ ဝိပရိဏာမဓမ္မာ ခဏတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက်ပျယ်ခြင်း သဘောအလေ့ ရှိကုန်၏။

၁၀။ နိရောဓဓမ္မာ ခဏခဏကိန်း ခဏခဏသိမ်း၍ ချုပ်ငြိမ်းခြင်း သဘောအလေ့ ရှိကုန်၏။

(က) ဝယဋ္ဌေန ဖြစ်ပေါ်သမျှ မတည်ရဘဲ ခဏ ခဏကုန်ဆုံးခြင်း အနက် သဘောကြောင့် အနိစ္စာ ဟောင်းသစ် ပြောင်းလဲ မရပ်စဲသဖြင့် အမြဲမရှိသော အနိစ္စမျိုးတို့သာလျှင်တည်း။

(ခ) ဘယဋ္ဌေန ကြောက်လန့်ဘွယ်မှု ဘေးအစုဟု မှတ်ရှုအပ်သော အနက်သဘောကြောင့် ဒုက္ခာ ကြိပ်ခြေသောင်းယှဲ့ တသဲသဲကြောင့် ဆင်းရဲမျိုးတို့ သာလျှင်တည်း။

(ဂ) အရသာရကဋ္ဌေန စက္ကန့် မိနစ် နာရီခေတ်မျှ အနှစ်
သာရ ရှာမရသော အနက်သဘောကြောင့်
အနတ္တာ အတ္တ ခေါ်ရိုး မရှိမျိုးကြောင့်
အစိုးမရသော သဘောတို့သာလျှင်တည်း။

၃။ တတ္ထ ကတမေ ဝိညာဏကာယာ
စက္ခုဝိညာဏံ သောတဝိညာဏံ ဃာန
ဝိညာဏံ ဇိဝှာဝိညာဏံ ကာယဝိညာဏံ
မနောဝိညာဏံ ဣမေ ဝုစ္စန္တိ ဝိညာဏ
ကာယာ

၄။ တတ္ထ သဘာဝထင်ရှား ဖြစ်တည်နားတဲ့ထို
ငါးပါးသော ကာယတို့တွင် ဝိညာဏ
ကာယာကြံတတ်သိတတ် တွေးဆကက်သော
ကိုယ်အစုတို့ဟူသည်။ ကတမေ အဘယ်
သဘောတရားတို့နည်းဟူမူကား။

စက္ခုဝိညာဏံ မြင်ဆဲကာလ ဖြစ်ပေါ်ကြတဲ့ ကြံသိမှုသည်
ရင်း။

သောတဝိညာဏံ ကြားဆဲကာလ ဖြစ်ပေါ်ကြတဲ့ ကြံသိမှု
သည်ရင်း၊

ဃာနဝိညာဏံ နံဆဲကာလ ဖြစ်ပေါ်ကြတဲ့ ကြံသိမှုသည်
ရင်း၊

ဇိဝှာဝိညာဏံ စားဆဲကာလ ဖြစ်ပေါ်ကြတဲ့ ကြံသိမှုသည်
ရင်း။

ကာယဝိညာဏံ — တွေ့ထိဆဲကာလ ဖြစ်ပေါ်ကြတဲ့ ကြံသိမှု သည်ရင်း။
မနောဝိညာဏံ — ကြံတွေးဆဲကာလ ဖြစ်ပေါ်ကြတဲ့ ကြံသိမှု သည်ရင်း။

ဣမေ၊ ဤခြောက်ပါးသော ကြံသိမှု ဘွေးတောမှု တို့ကို။ ဝိညာဏကာယာ၊ ကြံတတ် သိတတ် တွေးဆတတ်သော နာမကာယအစုတို့ဟူ၍။ ဝုစ္စန္တိ၊ ဉာဏ်ဖြင့်မပြတ် သဘောမှတ်လျက် ဆိုအပ်လေကုန်၏။

## ဝိညာဏကာယ ၆-ပါး

စက္ခုဝိညာဏကာယေ စတ္တာရော ခန္ဓာ လဗ္ဘန္တိ ဝေဒနာ ဝေဒနာက္ခန္ဓော သညာ သညာက္ခန္ဓော စေတနာ သင်္ခါရက္ခန္ဓော ဝိညာဏံ ဝိညာဏက္ခန္ဓော၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ ပဋိစ္စ သမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ ခယဋ္ဌေန အနိစ္စံ ဘယဋ္ဌေန ဒုက္ခံ အသာရကဋ္ဌေန အနတ္တာ။

တထာ သောတဝိညာဏကာယေ ဃာနဝိညာဏကာယေ ဇိဝှါဝိညာဏကာယေ ကာယဝိညာဏကာယေ မနောဝိညာဏကာယေ။

စက္ခုဝိညာဏကာယေ၊ စက္ခုဝိညာဏ်အမည်ရတဲ့ နာမကာယ
၌။ စတ္တာရော ခန္ဓာ၊ လေးပါးသော ခန္ဓာတို့ကို။
လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဝေဒနာ — အာရုံ၏ အရသာခံစားတတ်ပါတဲ့ ငါးဖြာသော ဝေဒနာသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ မည်၏။

သညာ — အာရုံတွေ့ရာ မှတ်တတ်ပါတဲ့ သဘောအစုသည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာမည်၏၊

စေတနာ — စေ့ဆော် တိုက်တွန်း တတ်ပါတဲ့ စီရင်မှုများသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမည်၏။

ဝိညာဏံ — ကြံမှု သိမှု သဘောအစုသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာနက္ခန္ဓာမက်၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ ကြံသိရှေသွား နာမ် တရားဖြစ်တဲ့ လေးပါးသော ထိုသဘောအစုတို့သည်-

၁။ သင်္ခတာ — အဖန်ဖန်ပင် အကြောင်းယှဉ်၍ ပြုပြင်အပ်သော တရားတို့သာတည်း။

၂။ ပဋိစ္စသမုပ္ပန္နာ — အကြောင်းကိုစွဲ တပေါင်းထဲသာ မခွဲသာအောင် ဖြစ်ပေါ်လာသော တရားတို့သာတည်း။

၃။ နိဿတ္တာ — ပုဂ္ဂိုလ်သတ္တဝါ သမုတ်သော်လည်း မဟုတ်နိုင် မရှိနိုင်ကုန်။

၄။ နိဇ္ဇီဝါ — စက္ကန့် မိနစ် နာရီခေတ်မျှ စိစစ်ပြနိုင်တဲ့ ဇီဝ အသက် မပေါ်ထွက်သဖြင့် အသက်ဝိညာဉ် အရှင်မဟုတ်ကုန်။

၅။ တုစ္ဆာ ထင်မှားမှု အသီးသီး မစပ်မနီး သဖြင့် အချည်းနှီးသော တန်ဘိုးမရှိသော သဘာဝ မျိုးတို့သာတည်း။

၆။ သုညာ မြဲတဲ့ဂုဏ် ချမ်းသာတဲ့ဂုဏ် အစိုးရတဲ့ဂုဏ် တင့်တယ်တဲ့ဂုဏ် အလုံးစုံတို့မှ အကုန်ဆိတ်သုဉ်းခြင်း ရှိကုန်၏။

၇။ ခယဓမ္မာ ဘာတခုမျှ ရှာမရအောင် ခဏခဏ ကုန်ဆုံးခြင်းသဘော အလေ့ရှိကုန်၏။

၈။ ဝယဓမ္မာ ခဏခြင်းမျှ ပေါ်ပေါက်ကြပြီး ကွယ်ပပျောက်ဆုံးခြင်း သဘောအလေ့ရှိကုန်၏။

၉။ ဝိပရိဏာမဓမ္မာ ခဏတွင်းဝယ် ဖြစ်ပေါ်လွှယ်၍ ပျောက်ပျယ်ခြင်းသဘောအလေ့ရှိကုန်၏။

၁၀။ နိရောဓဓမ္မာ ခဏခဏကိန်း ခဏခဏသိမ်း၍ ချုပ်ငြိမ်းခြင်း သဘောအလေ့ရှိကုန်၏။

(က) ခယဋ္ဌေန ဖြစ်ပေါ်သမျှ မတည်ရဘဲ ခဏခဏ ကုန်ဆုံးခြင်း အနက် သဘောကြောင့် အနိစ္စာ ဟောင်းသစ်ပြောင်းလဲ မရပ်စဲဘဲ အမြဲမရှိသော အနိစ္စမျိုးတို့သာလျှင်တည်း။

(ခ) ဘယဋ္ဌေန ကြောက်လန့်ဘွယ်မှု ဘေးအစုဟု မှတ်ရူအပ်သော အနက်သဘောကြောင့် ဒုက္ခာ ကြိုင်ငြေ ဆောင်ဆွဲ တသဲသဲကြောင့် ဆင်းရဲမျိုးတို့သာလျှင်တည်း။

(ဂ) အသာရကဌေနစက္ကန့် မိနစ် နာရီခေတ်မျှ အနှစ်သာရ ရှာမရသော အနက် သဘောကြောင့် အနတ္တာ အတ္တခေါ်ရိုးမရှိမျိုးကြောင့် အစိုး မရသော သဘောတို့သာလျှင်တည်း။

ဣမသ္မိံ မေ ကာယေ အဋ္ဌစတ္တာလီသပ္ပဘေဒါ ဓာတု ကာယာ ဓမ္မကာယာ၊ သဗ္ဗေ တေ ဓမ္မာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ နိဿတ္တာ နိဇ္ဇီဝါ တုစ္ဆာ သုညာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ ခယဋ္ဌေန အနိစ္စံ ဘယဋ္ဌေန ဒုက္ခံ အသာရက ဋ္ဌေန အနတ္တာ၊

မေ၊ ငါ၏။ ဣမသ္မိံ ကာယေ၊ အလျားတလံ အနံတတောင် လူယောင်ဆောင်၍နေသော ဤခန္ဓာကိုယ်၌။ အဋ္ဌစတ္တာလီသ ပ(ဘေ)ဒါ၊ လေးဆယ့်ရှစ်ပါး အပြားရှိကုန်သော။ဓာတုကာယာ၊ ဓာတ်အပေါင်းအစုတို့သည်ငှင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ ဓာတုကာယာ အပေါင်းအစုတို့သည်၊

၁။ သင်္ခတာ အကြောင်းလေးအင် အမြဲယှဉ်၍ ပြုပြင် အပ်သော တရားတို့သာတည်း။

၂။ ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ တ ပေါင်း တည်း သာ ဖြစ်ပေါ်လာသော တရားတို့သာတည်း။

၃။ နိဿတ္တာ- ပုဂ္ဂိုလ်သတ္တဝါ သမုတ်သော်လည်း အဟုတ် မရှိကြလေကုန်။

၄။ နိဇ္ဇီဝါ စက္ကန့်မိနစ် နာရီခေတ်မျှ ရှည်နေကြတဲ့ အ သက်ဇီဝရှိကြသော တရားမျိုး မဟုတ်ကုန်။

၅။ တုစ္ဆာ ပုဂ္ဂိုလ်သတ္တဝါ ငါသူထင်ဘွယ် အထည်ဖြပ် ဂုဏ်သကတ်နှင့် မစပ်မနီး အချည်းနှီးတို့သာ တည်း။

၆၊ သုညာ အနိစ္စ သုခ အတ္တ သဘာ ရှာမရတဲ့ အနှစ် သာရတို့မှ ဆိတ်သုဉ်.ကြလေကုန်၏။

၇။ ခယဓမ္မာ ဘာဝတခုမျှ ရှာမရအောင် ခဏခဏကုန်ဆုံး သော သဘောအလေ့ရှိကုန်၏။

၈။ ဝယဓမ္မာ ခဏခြင်း ပေါ်ပေါက်ကြပြီး ကွယ်ပပျောက် ဆုံးခြင်း သဘောအလေ့ရှိကြကုန်၏။

၉။ ဝိရာဂဓမ္မာ ခဏတွင်းဝယ် ဖြစ်ပေါ်လွယ်၍ ပျောက် ပြယ်ခြင်းသဘောအလေ့ရှိကုန်၏။

၁၀။ နိရောဓ ဓမ္မာ ခဏခဏကိန်း ခဏခဏသိမ်း၍ ချုပ်ငြိမ်း ခြင်း သဘောအလေ့ရှိကုန်၏။

(က) ခယဋ္ဌေန ဖြစ်ပေါ်သမျှ မတည်ရဘဲ ခဏခဏ ကုန် ဆုံးခြင်း အနက်သဘောကြောင့်။ အနိစ္စာ၊ ဟောင်းသစ်ပြောင်းလဲ မရပ်စဲဘဲ အမြဲမရှိ သော အနိစ္စမျိုးတို့သာလျှင်တည်း။

(ခ) ဘယဋ္ဌေန ကြောက်လန့်ဘွယ်ဟု ဘေးအစုဟု မှတ်ရှု အပ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ကြိပ်ခြေဆောင်သဲ့ တသဲသဲကြောင့် ဆင်းရဲ မျိုးတို့သာလျှင်တည်း။

(ဂ) အသာရကဌေနေ စက္ကန္နိမိနစ် နာရီခေတ်မှ အနှစ်သာရ
ရှာမရသော အနက်သဘောကြောင့်။ အ
နတ္တာ။ အတ္တခေါ်ရိုး မရှိမျိုးကြောင့် အစိုး
မရသော သဘောတို့သာလျှင်တည်း။

ဣတိ မနသိကာတဗ္ဗာ၊ ဤကဲ့သို့နှလုံးသွင်းဆင်ခြင်အပ်ကုန်၏။

**မှတ်ချက်။** ငါးသူတပါး ယောကျ်ား မိန်းမ မှတ်ထင်ထား
တဲ့ ဤခန္ဓာကိုယ်ကြီး၌သဘာဝအားဖြင့် (၄၈)
ပါး ဓာတ်တရားတို့အား အဟောင်းတွေ ပျက်
အသစ်တွေဆက်ပြီး ပေါ်ထွက်နေသည်ဟု ဉာဏ်
အမြင်ရှင်းအောင် ပါဠိအနက် အာဂုံကျက်ပြီး
နေ့ဆက် ရက်ဆက် သဘောဉာဏ်ပေါက် ခရီး
ရောက်အောင် တွင်တွင်ကြီးသာ ကြိုးစာကြပါ
လေကုန်။

ငင်းဖော်ပြပြီးခဲ့သော သဘာဝဆယ်ချက် လက္ခဏာသုံးနက်
ခဂ်ဉာဏ်တတ်ပညာကို-

၁။ ကောသကာယေ ကဲ့သို့-
လောမကာယေ နခကာယေ ဒန္တကာယေ တစကာ
ယေ မံသကာယေ နှာရုကာယေ အဋ္ဌိကာယေ အဋ္ဌိ
မိဉ္ဇကာယေ ဝက္ကကာယေ။
ဟဒယကာယေ ယကနကာယေ ကိလောမကကာယေ
ပိဟကကာယေ ပပ္ဖာသကာယေ။

အန္တကာယေ အန္တဂုဏကာယေ ဥဒရိယကာယေ ကရီသကာယေ မတ္ထလုင်္ဂကာယေ။
ပထဝီကာယ ၂၀ အတူသာလျှင်တည်း။

၂။ ပိတ္တကာယေကဲ့သို့-
သေမှ်ကာယေ ပုဗ္ဗကာယေ လောဟိတကာယေ သေဒကာယေ မေဒကာယေ၊
အဿုကာယေ ဝသာကာယေ ခေဠကာယေ သိင်္ဃာဏိကကာယေ လသိကကာယေ မုတ္တကာယေ၊
အာပေါကာယ ၁၂-ပါး အတူသာလျှင်တည်း။

၃။ သန္တာပကာယေကဲ့သို့-
ဒါဟကာယေ ပါစကကာယေ ဇီရဏကာယေ
တေဇောကာယ ၄-ပါး အတူသာလျှင်တည်း။

၄။ ဥဒ္ဓင်္ဂမဝါတကာယေကဲ့သို့
အဓောဂမဝါတကာယေ ကုစ္ဆိသယဝါတကာယေ ကောဋ္ဌာသယဝါတကာယေ အင်္ဂမင်္ဂါနုသာရိဝါတကာယေ၊
ဝါယောကာယ ၆-ပါး အတူသာလျှင်တည်း။

၅။ စက္ခုဝိညာဏကာယေကဲ့သို့
သောတဝိညာဏကာယေ ဃာနဝိညာဏကာယေ ဇိဝှါဝိညာဏကာယေ ကာယဝိညာဏကာယေ မနောဝိညာဏကာယေ၊
ဝိညာဏကာယ ၆-ပါး အတူသာလျှင်တည်း။

**မှတ်ချက်**။ ပထဝီကာယ ၂၀၊ အာပေါကာယ ၁၂-ပါး၊ တေဇောကာယ ၄-ပါး၊ ဝါယောကာယ ၆-ပါး၊ ၎င်းဓာတုကာယ ၄၂-ပါးတို့ကို ဓာတ်ကြီးလေးပါး ဓာတ်ငယ် လေးပါး စုပေါင်း တည်နေပုံနှင့် သဘာဝ ဆယ်ချက် လက္ခဏာ သုံးနက် မဂ်ဉာဏ်တတ်ပညာ ဖြင့် အထူး ထင်မြင်အောင် ဆင်ခြင်ရှုတ်ပွား ကြိုးစားကြပါလေကုန်။

ဝိညာဏကာယ ၆-ပါး ၎င်းဓမ္မကာယ ၆-ပါးတို့ကို နာမ်ခန္ဓာ လေးပါး ပြောင်းလဲထည့်သွင်း၍ သဘာဝ ဆယ်ချက် လက္ခဏာသုံးနက် မဂ်ဉာဏ်တက်ရန် ပညာဖြင့် အထူး ထင်မြင်အောင် ဆင်ခြင်ရှုတ်ပွား ကြိုးစားကြပါလေကုန်။

ဤတွင် သဘာဝဆယ်ချက် လက္ခဏာသုံးနက် မဂ်ဉာဏ်တတ် ပညာ ပွားများနည်း ပြီး၏။

ထားတိုင်းမခံ၊ ငြင်းဖိဆန်၊ ဖောက်ပြန် ရုပ်တရား။
ဖောက်ပြန်ခြင်းရှိ၊ သဘောမိ၊ မြင်သိ နာမ်တရား။
ရုပ်တရား နာမ်တရား ရုပ်နာမ်မှ တပါး
ငါမရှိ သူမရှိ လူမရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါ မရှိ၊
မရှိတာသိ၊ မှားမငြိ၊ ဒိဋ္ဌိ ကွာသည်သာ။
ရုပ်နာမ်သာရှိ၊ ပွားတိုင်မိ၊ ဝိစိကွာသည်သာ။
ဥဒ္ဒ ပါဒတလာ အခေါ ကေသမတ္ထကာ တစ

ပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခယျ
ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(သတိပဋ္ဌာန် ပါဠိတော်)

ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားသို့တိုင်အောင်။ ကေသမတ္ထကာ၊အထက်ဆံဖျားမှ။အဓော၊အောက်ခြေဘဝါးသို့တိုင်အောင်။ တစပရိယန္တံ၊ အရေထူ အရေပါး အရေဖျားတို့ဖြင့် ပိုင်းခြားကွယ်ကာ လုံခြုံစွာ ခြုံရုံအပ်သော။ နာနပ္ပကာရဿ၊ ရှိစရာ ထွေစရာ မသတီစရာ ထွေလာ ထူပြား ၃၂-ပါး၊ ၄၂-ပါးရှိသော။ အသုစိနော၊ ယနံ့ ဆိုးယုတ် မစင်ပုတ်ဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝကာယံ၊ နေ့တိုင်း နေ့စဉ်အမှန်းတင်၍ ချိုချဉ်ရသာ လိုရာကိုကျွေး ယုယစွာမွေးရတဲ့ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကိုသာလျှင်။ ပစ္စဝေက္ခယျ၊ ဥဂ္ဂဟကောသလ္လဉာဏ် ၇-ပါး မနသိကောသလ္လဉာဏ် ၁၀-ပါး နိမိတ်သုံးပါး ယင်လာအောင် အနုလုံပဋိလုံ ဈာန်ဟုန်ကသိုဏ်း စိုင်းကာစိုင်းကာ ဆင်ခြင်ရာ၏။ ဂဟဋ္ဌေနဝါ၊ ဃရာဝါသ မှုကိစ္စနှင့် ဒုက္ခမဲ့အောင် လူတို့ဘောင်တွင် အိမ်ထောင်ခြင်း သားမွေးခြင်း လူမင်းဖြစ်သော်၎င်း။ ပဗ္ဗဇိတေနဝါ၊ အိမ်ယာမထောင် ရှာကိုရှောင်ပျက် တောတောင်ဂူပျော် သူတော် ဖိုမ တာပသ နှင့် ပဗ္ဗဇ္ဇ ပေါ် ရဟန်းတော်တို့ပင်ဖြစ်သော်၎င်း။ အဘိဏှံ၊ နေ့ညဉ့်မပြတ် ကိလေသာကြွား မချပ်လေအောင်။ ပစ္စဝေက္ခိတဗ္ဗံ၊ အနုလုံပဋိလုံ အစုန်အဆန် အပြန်အသွား သတိထား၍ ပွားများဆင်ခြင်အပ်လေတော့သတည်း။

(သတိပဋ္ဌာန် အကျိုးပြစကား (ဝ၁) ကိုယ်ကျိုးစီးပွား အလွန်များပြားကြောင်းကို ဆက်လက်၍ပြခြင်း)

ထိုပါရမီမင်္ဂလာ သာသနာဝိရတီ ပဋိသမ္ဘိဒါ လေးပါး မဟာသတိပဋ္ဌာန်တရားကို မိန်းမ ယောကျာ်း ရဟန်း ရှင်လူ မည်သူမဆို မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော သူတို့သည် ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်ကာလမျှ မဟာသတိပဋ္ဌာန် ဒွတ္တိံသ ကမ္မဋ္ဌာန်းတော်မြတ်ကြီးကို အနုလုံပဋိလုံ အစုံအစုံ ဈာန်ဟုန်ဝင်စား အားထုတ်သည်ဖြစ်အံ့၊ မျက်မှောက်ဖြစ်သော ဤဘဝ၌ပင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ဝင်နိုင်ကြောင်းကို (မဟာသတိပဋ္ဌာန် ဝိဘင်းပါဠိတော်) ထင်ရှားစေလိုသော သမ္မာဆန္ဒ ကောင်းမြတ်သော စိတ်မြတ် စိတ်ကောင်းဖြင့် ရေးသားပေအံ့။

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ ဝဿာနိ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ ဝဿာနိ ပဉ္စ ဝဿာနိ စတ္တာရိ ဝဿာနိ တီဏိ ဝဿာနိ ဒွေ ဝဿာနိ ဧကံ ဝဿံ၊ တိဋ္ဌတု ဘိက္ခဝေ ဧကံ ဝဿံ၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ မာသာနိ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ၊

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ မာသာနိ၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ မာသာနိ ပဉ္စ မာသာနိ စတ္တာရိ မာသာနိ တီဏိ မာသာနိ ဒွေ မာသာနိ ဧကံ မာသံ အဍ္ဎမာသံ၊

တိဋ္ဌတု ဘိက္ခဝေ အာဍ္ဎမာသံ၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ၊ အညာ သတိ ဥပါဒိသေသေ အနာဂါမိတာတိ။

ဟူ၍ ဟောတော်မူသည်။

အလွန်နှစ်လို ကြည်ညိုဘွယ် တကယ်အားကိုးစရာ တကယ် ကြိုးစား အားထုတ်စရာ ဤကဲ့သို့သော ကောင်းမြတ်လှစွာ သော နည်းလမ်းကောင်းသည် မရှိလေစွတကား၊ သို့ပါ၍ မတွန့် တိုသော လုလ္လဝီရိယဖြင့် ကြိုးစားအားထုတ် သင့်ပေတကား။

ကေနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌ မျက်စိတမှိတ် လက်ဖြစ် တချက် လျှပ်တပြက်ခန့်မျှပင် ဤမဟာ သတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး ဘုရားတော်ကို စိတ်ပါဝင်စား နှလုံးသွင်းခဲ့သည်ဖြစ်အံ့ ဈာန် မဂ်ဖိုလ်ရိတ် နိမိတ်မကင်းပြီ။

ထိုကြောင့် အပျင်းခြောက်ပါး အရိရှစ်ပါးကို ပယ်ရှား မျှစင်ကျွင်းနိုင်သမျှ ရှောင်ကွင်းကြ၍ အကြိမ်များစွာ အခါခါ ပွားခြင်း ပြု သည်ဖြစ်အံ့ စင်စစ်ကေန် ပစ္စုပ္ပန် ဤဘဝ၌ပင် မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရနိုင်ကြောင်း။

(ကေနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်)

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု စတ္တာရော သတိ

ပဉ္စာနေ ဘာဝေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဈာနော ဝိဟရတိ သတ္ထု သာသနကရော ဩဝါဒပဋိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယော ပန ဗဟုလီကရောတီတိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ မဂ်ဖိုလ်လိုလားကြကုန်သော ချစ်သား ချစ်သမီး တို့....။

အစ္ဆရာသင်္ဃာတ မတ္တမျှ၊ မျက်စိတမှိတ် လက်ဖြစ်တတွက် လျှပ်ပြက်ခန့်မျှသော်လည်း။ ဘိက္ခု၊ သံသရာဘေး လေးပါးကိုရှုစား တတ်သော တကယ့်ရှင်လူ ရဟန်းတို့သည်။ စတ္တာရော သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရားလေးပါးတို့ကို။ ဘာဝေတိ၊ အကယ်၍ ပွားမိသည်ဖြစ်အံ့။ ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ အယံ ဘိက္ခု၊ ထိုရှင်လူရဟန်းတို့ကို။ အရိတ္တဈာနော၊ ဈာန်ရိပ် မဂ်ရိပ် ဖိုလ်ရိပ် မကင်းသည်ဖြစ်၍။ ဝိဟရတိ၊ အထူးသဖြင့် နေထိုင်သည်မည်၏။ သတ္ထုသာသနကရော၊ ကိလေသာဟု အညစ်ကြေးတို့ကို သာသနာနှင့် နာနာကြီးဆုံးမတတ်သော ငါဘုရားသာသနာတော်ကို ရှည်ကြာတည်အောင် မြှင့်တင်ဆောင်သည်မည်၏။ ဩဝါဒပဋိကရော၊ ဒွေးမာတိကာ အာဏာပါတိမောက် ဩဝါဒပါတိမောက် လေးစောင်ကိုထင်ရှားအောင် ရွက်ဆောင်သည်မည်၏။ အမောဃံ မဂ်ဖိုလ်နိဗ္ဗာန်မှ အချည်းနှီးမဟုတ်သော။ ရဋ္ဌပိဏ္ဍ ၊တိုင်းသူပြည်သူ တို့ သဒ္ဓါကြည်ဖြူလှူသောဆွမ်းကို။ ဘုဉ္ဇတိ၊ ဘုဉ်းပေးသည်မည်၏။ ယောပနဘိက္ခု၊ အကြင်ရဟန်းသည်ကား။ ဗဟုလီကရောတိ၊ အကြိမ်များစွာ အခါခါဝတ်ကပ်ဝတ်တက် မပြတ်မလပ် ရွတ်ဘတ်

သရဇ္ဈာယ်ခြင်းကို ပြုပါမူကား။ ကောပန ဝါဒေါ၊ အဘယ်သို့ဆို ဘွယ်ရာ ရှိတော့အံ့နည်း။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏ (ဝါ) ဟောလိုက်၏။

ယခုကဲ့သို့ ဟောတော်မူအပ်သော ပါဠိတော်များမှာ အလွန်ပင်များပြားကျယ်ဝန်းပါပေသည်။

ကေဝမ္ဗော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟာတော သံဝေဂါယ သံဝတ္တတိ မဟာတော အတ္ထာယ သံဝတ္တတိ မဟာတော ယောဂက္ခေမာယ သံဝတ္တတိ မဟာတော သတိသမ္ပဇညာယ သံဝတ္တတိ ဉာဏဒဿနပ္ပဋိလာဘာယ သံဝတ္တတိ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ ဝိဇ္ဇာဝိမုတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ ကတမော ကေဝမ္ဗော ကာယဂတာသတိ ဟူ၍—

ကေန်ပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူသည်။

မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာအကျိုးကို အမှန်တကယ် မလွဲကေန် ပေးစွမ်းနိုင်သော (ဝါ) ကိုယ်ကျိုးစီးပွား အလွန်ပင် များပြားလှသော တခုသောတရား (ဝါ) တခုသော ကမ္မဋ္ဌာန်းသည် အဘယ်သောတရား (ဝါ) ကမ္မဋ္ဌာန်းတရားဖြစ်လေဘိသနည်း။

ဤသို့သော တခုသော တရားကို (ဝါ) ကမ္မဋ္ဌာန်းကို အကြိမ်ပေါင်းများစွာ အခေါက်ခေါက် အခါခါ ပွားများအပ်သည်ရှိသော် သံဝေဂဉာဏ် အမြင့်သန်ခြင်း၊ ပစ္စုပ္ပန်သံသရာ၌ အကျိုးစီးပွား အလွန်ပင်များခြင်း၊ ယောဂတရား လေးပါးကုန်ခြင်း၊ သဘောဉာဏ်ပညာ အလွန်ထက်မြက်ခြင်း၊ ယထာဘူတဉာဏ် ပိုင်ခြင်း၊ ပျော်ရွှင်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာ

နေရခြင်းတို့ရရှိခြင်း၊ ဝိဇ္ဇာဉာဏ်သုံးပါး မဂ်ဖိုလ်နိဗ္ဗာန်သုံးတန် သောချမ်းသာကို မျက်မှောက် ပြုရခြင်း ဤမျှ များပြားသော အကျိုးတရားတို့ကို ဖြစ်စေသော ရစေသော တခုသောတရား ကား ဘယ်တရားပါနည်း၊ အကျိုးစီးပွား အလွန်များသော မဟာသတိပဋ္ဌာန် ကာယဂတာ သတိကမ္မဋ္ဌာန်း တရားပေတည်း။ (၀၂) ကေသာ လောမာ စသော ဒွတ္တိံသကမ္မဋ္ဌာန်းပေတည်း။

ဧ က ဓ မ္မော ဘိက္ခ ဝေ ဘာ ဝိ တော ဗ ဟု လီ က တော သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ သကဒါ ဂါမိ ဖလသစ္ဆိကိရိယာယ သံဝတ္တတိ အနာဂါမိဖလသစ္ဆိ ကိရိယာယ သံဝတ္တတိ အရဟတ္တဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ ကတမော ဧကဓမ္မော ကာယဂတာသတိ။

(အင်္ဂုတ္တိုရ် ပါဠ်တော်)

သောတာပတ္တိဖိုလ်သို့ မျက်မှောက်ပြုရခြင်း၊သကဒါဂါမိဖိုလ် သို့ မျက်မှောက်ပြုရခြင်း၊ အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုရ ခြင်း၊ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုရခြင်းဟူသော အကျိုးထူး တရား များပြားသော (၀၂) နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သော တခုတည်းသောတရားသည် အဘယ် တရားပါနည်းဟူမူကား၊ ကိုယ်ကျိုးစီးပွား အလွန်များသော မဟာသတိပဋ္ဌာန် ကာယ ဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းပေတည်း။၀၂။ ကေသာ လောမာ စသော ဒွတ္တိံသ ကမ္မဋ္ဌာန်းပေတည်း။

ဤင်းမဟာသတိပဋ္ဌာန်တရားလေးပါးတွင် ကာယာနုပဿနာ ကာယဂတာသတိ ကမ္မဋ္ဌာန်းတရားကို ပွားများ ဆင်ခြင် အထူး ထင်မြင်သည်ရှိသော် အခြားသော အာနာပါနပဗ္ဗ, ဣရိယာပထ

ပဗ္ဗ, သမ္ပဇညပဗ္ဗ, ပဋိကူလမနသိကာရပဗ္ဗ, ဓာတုမနသိကာရ ပဗ္ဗစသည့် ကာယာနုပဿနာ အပိုင်းတို့သည် အန္တောဂဓအတွင်း သက်ဝင်ကြဘိသကဲ့သို့ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာစသော သတိပဋ္ဌာန်လေးပါး ကိစ္စသည်လည်း တပြိုင်နက် တချက်တည်း ပြည့်စုံကြောင်းများကိုသိမှတ်နားလည်ရန် အထူးသတိပြုရာ၏။

သို့ကြောင့် သတိပဋ္ဌာန်ကမ္မဋ္ဌာန်း (ဝါ) ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို လက်လှမ်းကာ တက်လမ်းရှာ၍ ရွတ်ပွားကာ ဆောင်ကျင့်ကြကုန်သော ရဟန်း ရှင်လူ များဗိုလ်လူတို့သည် သောတာပတ္တိမဂ်စခန်းမှ အရဟတ္တနန်းသို့ အပြီးတိုင်ရောက်တော်မူကြသော သာဓက အထွေထွေကို ထုတ်ဆောင်ခါပြရပါမူကား နိပါတ်တော်အထောက်အထား အလှန်ပင် များပြားကြပေသည်ဟု ဗုဒ္ဓမတည၊ အဋ္ဌကထာသရာမြွတ်အပေါင်းတို့က မေတ္တာရည်ကရုဏာတော်ထား၍ ပြတော်မူကြသည်မှာလည်း သတ္တဝါအနန္တတို့အတွက်ပင်ဖြစ်ပါသည်။

အဋ္ဌကထာ ဆရာမြွတ် မိန့်မှာတော်မူသည်မှာ

ကေသာဒီသု ဒွေကက ကောဋ္ဌာသေသု အရဟတ္တံ ပတ္တာနံ ဘိက္ခူနံပိ ဘိက္ခုနီနံပိ ဥပါသကာနံပိ ဥပါသိကာနံပိ ပရိစ္ဆေဒေါ နာမ နတ္ထိ။

ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် ဝနဝါသိတိဿ သာမဏေရဝတ္ထုနိပါတ် ၃၆၉ ဘွင် ပြတော်မူလေသည်။

ကောယနော ဒွယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ

ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ
ဉာယဿ အဓိဂမာယ
နိဗ္ဗာနဿ သစ္ဆိကိရိယာယ
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ။

ဟူ၍ သတိပဋ္ဌာန်ပါဠိတော်၌ ဟောတော်မူသည်။

ဘိက္ခဝေ မဂ်ဖိုလ်ကို လိုလားကြကုန်သော၊သတ္တာနံ သတ္တဝါ အပေါင်းတို့၊ ဝိသုဒ္ဓိယာ ၁၅၀၀ ကိလေသာမှ စင်ကြယ်စေခြင်းငှာ၊ သောကပရိဒေဝါနံ စိုးရိမ်ခြင်း ငိုကြွေးခြင်း မြည်တွန်တောက်တီးခြင်းတို့ကို၊ သမတိက္ကမာယ လွန်မြောက်ခြင်းငှာ၊ ဒုက္ခဒေါမနဿာနံ နှလုံးမသာယာခြင်း ကိုယ်၏ဆင်းရဲခြင်းတို့၏၊ အတ္ထင်္ဂမာယ ချုပ်ငြိမ်းခြင်းငှာ၊ ဉာယဿ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို၊ အဓိဂမာယရခြင်းငှာ၊ နိဗ္ဗာနာယ အသင်္ခတမည် နိဗ္ဗာန်ပြည်ကို၊ သစ္ဆိကိရိယာယ မျက်မှောက်ပြုခြင်းငှာ၊ ပဝတ္တော ဖြစ်သော၊ ဧကာယနော တကြောင်းတည်းသော၊ ဧကာယနော အသင်္ခတမည် နိဗ္ဗာန်ပြည်သွား မဂ်ရထားမည်သော၊ ဧကာယနော ဤခရီးလမ်းကောင်းမှတပါး နိဗ္ဗာန်ပြည်သွား အခြားလမ်းကောင်းမရှိသော၊ အယံမဂ္ဂေါ ဤမဂ်ခရီးသည်ကား၊ စတ္တာရော လေးပါးကုန်သော၊ ယဒိဒံယေ ဣမေ သတိပဋ္ဌာနာ ဤသတိပဋ္ဌာန် တရားတို့ပေတည်း။

သတိပဋ္ဌာန်ပါဠိတော်တွင် ဟောမြွက်တော်မူသည်ကို အရေးနှလုံးသွင်းအပ်ပေသည်။

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တ ဝဿာနိ ဒွိန္နံ ဖလာနံ အညတရံ ဖလံ

ပါဠိကခံ ဒိဋ္ဌေ၀ ဓမ္မေ အညာ သတိ ၀ါ ဥပါဒိသေသေ အနာဂါမိတာ။

သတိပဋ္ဌာန်ဝိဘင်း ပါဠိတော်

ဘိက္ခဝေ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော မည်သူမဆို သမန္တစက္ခုသဗ္ဗညုဘုရားရှင်ကြီး ဟောညွှန်ပြသဆိုဆုံးမသည့်အတိုင်း အပျင်းအရိတို့ကိုပယ်၍ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းတော်မြတ်ကြီးကို အလေးတမူဂရုထားပြီး ပွားများအားထုတ်ပါမူကား ပစ္စုပ္ပန် မျက်မှောက်ဌ်ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်လတ္တံ့၊ အကယ်၍ ဥပါဒါန်အကြွင်းရှိခဲ့ငြားလည်း အနာဂါမ် (၀ါ) အနာဂါမိဖိုလ်သည်ကေန်စင်စစ် ဖြစ်ရပေမည်တကားဟု ယုံမှားဘွယ်ရာ မရှိပေ။

ထိုမှတပါး-

သစေ သမ္မာ ဝိဟရေယျုံ၊ သတိပဋ္ဌာနေ ယထာဂတံ။
ပါပုဏေယျုံ ဖလဂ္ဂမ္ပိ၊ အစိရံ ပိဓ သာသနေ။
(သုတ်မဟာ၀ါ ပါဠိတော်)

သတိပဋ္ဌာနေ သတိပဋ္ဌာန်သုတ်၌၊ ယထာဂတံ လာသည့်နည်းတိုင်း၊ သမ္မာကောင်းစွာ၊ သစေဝိဟရေယျုံ အကယ်၍ကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတော်မြတ်ကြီးကို အပျင်းခြောက်ပါး အရိရှစ်ပါးကိုပယ်၍ ပွားများအားထုတ်၍ နေကြကုန်သည်ဖြစ်ငြားအံ့၊ ဣဓသာသနေ ဤဘုရားရှင် သာသနာတော်၌ (၀ါ) ဤဂေါတမဘုရားရှင်ကြီး သာသနာတော်၌၊ အစိရံ မကြာမြင့်လျှင်ပြန်စွာ (၀ါ) အကာလိကဓမ္မော အခါ

မလင့်သာလျှင်၊ ဖလဂ္ဂမ္ဗိ အရတ္တဖိုလ်သို့၊ ပါပုဏေယျုံ ကေန် ရောက်ကြကုန်ရာ၏။

ဤတွင် မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်း (၀၁) ကိုယ်ကျိုး စီးပွားအလွန်များပြားလှသော ကာယဂတာ သတိကမ္မဋ္ဌာန်း အကျိုးပြစကားသည် ယခုဖော်ပြအပ်သော ပါဠိတော်တို့ဖြင့် ပြည့်စုံပြီဟု ထင်မိပေသည်။ ဤပါဠိတော်များကို မည်သည့် အတွက် ဖော်ပြရခြင်းဟု ဝေဖန်ပါမူကား။

ပိဋကတ်သုံးပုံ ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင် ရှင်တော် ဗုဒ္ဓ ဆုံးမ ဟောကြားတော်မူသော ဒေသနာများသည်ကား နည်းကောင်း လမ်းညွှန် (၀၁) နည်းပေးလမ်းပြ ပရိယတ္တိ သာသနာတော်ကြီးပင်ဖြစ်ပေသည်။

ထို့ကြောင့် ယခုကဲ့သို့ ဗုဒ္ဓေါဝါဒအတိုင်း အပိုမပါလိုတာ မရှိ ပါဠိတော် အစုံအစုံ တင်ပြထားချက်များကို သေချာဂန အပ်ချ မတ်ချ မဟာသတိပဋ္ဌာန်ဂိုဏ်း ဆရာတော်ဘုရားကြီးတို့၏ မူအတိုင်း ထပ်ဆင့် တင်ပြ လမ်းကောင်းပြထားသည်တို့ကို အလေးဂရုထား၍ ကြည့်ရှုကြကုန်ရာ၏။

အထူးတိုက်တွန်းချက်

ဤသို့ (သမုဒယသ) တဏှာ မာန ဒိဋ္ဌိ ပပဉ္စတရား ရာဂ ကိလေသာ အကြမ်းအယုတ်ကို ဘုရားကုသိုလ်တော်ပွား ဒါန သီလ နိက္ခမ ဘာဝနာပါရမီ မင်္ဂလာအမြာမြာတို့ဖြင့် အားကြီးစွာ အားကောင်းစွာဖြင့် ပယ်သတ်အပ်ကြောင်း ပြတော်မူသော ပါဠိတော်၌ ဟောတော်မူ၏။

မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြ၍ အလှူဒါနပြုကြလျှင်ကား ဝိရတီသီလ ကိုယ်တွင်း၌ စောင့်ထိန်း တည်စေပြီး၍ သမာဓိအရာ ကိလေသာ ကာမမှ လွတ်ငြိမ်း ချမ်းသာစေသော မဟာသတိပဋ္ဌာန် မဂ္ဂဘာဝနာ အမတဆိုတဲ့ ကာယဂတာ ဒွတ္တိံသ အာယုဝဍ္ဎန မြိုက်သုဒ္ဓါ ဩသဓမန္တန်ဆေးကို တဖြေးဖြေး အနုလောမ ပဋိလောမ ကပြောင်းကပြန် နာစ္စာသန် နာတိဒူရ ပနေးလွန်း မမြန်လွန်း သော ယောနိသော မနသိကာရပညာ မျှော်မြင်ဆင်ခြင်ကာ ဖြင့် ဤဝစသာ မနသာစသော ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းရှိုး ဥဂ္ဂဟကောသလ္လ မနသိကောသလ္လ ဝီရိယဖြင့် မဂ်ဉာဏ်ဖိုလ် ဉာဏ် မပေါက်သ၍ မရသေးသ၍ ကွက်ကွက်ကွင်းကွင်း ချင်း ချင်း လက်လက် နေရောင် လရောင် ထွက်သကဲ့သို့ ၃၂ ပါးသော ကိုယ်အစုတွင် (၀၁) သတိပဋ္ဌာန် ပါဠိတော်လာ ဤစာအုပ် စာမျက်နှာ (၁၂၅) နံပါတ်တွင် ဖော်ပြပြီးဖြစ်သော ဥဒ္ဒံ ပါဒတလာ စသည့် ဒေသနာအတိုင်း ပဋိကူလနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ် တည်းဟူသော သုံးရှာသော နိမိတ်အလိုက် အာဒိမဇ္ဈုံ အဝသာန် မန္ဒမုဒ္ဒဥဂ္ဂပဂ္ဂိုလ်အားလျော်စွာ ပဋိကူလ သညာ ဝဏ္ဏသညာ ဓာတုသညာ သုံးပါးသော သညာ အလျောက် ယင်ရှားအောင် ပေါ်လွင်အောင် ထင်မြင်အောင် ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ အဓိပတိဇော ကိစ္စလေးပါးအား မဆုတ် မနစ်သော လုလ္လဥဿာဟဖြင့် ပွားများ အားထုတ် ကျင့်ကြံ သရဇ္ဈာယ်ကြကုန်ရာ၏။

ဤကဲ့သို့ ပေါ်လွင်ထင်မြင်အောင် အသူးကြည့် ဆင်ခြင်

အားထုတ် ပွားများ သရဇ္ဈာယ်ခြင်းတို့သည် ဝိပဿနာဉာဏ် မည်၏။ အနုလောမ ခန္တီဉာဏ်လည်းမည်၏၊ ဂေါတြဘူဉာဏ် လည်း မည်၏။ ထိုဉာဏ်အထူးဖြင့် လိမ်မာသောသူသည် (ကရဏီယ မတ္ထကသုလ)ကိုယ်ကျိုးစီးပွား၌ အလွန်လိမ်မာသည်ဖြစ်၍ ရှေးဦးစွာ မဂ်၏ရှေ့၌ မြေငွေ့ပြန်သလို မြင်သည်၏ အဖြစ် ကြောင့် အာဒိမဂ်ဖိုလ်နိဗ္ဗာန်၏ အစမူလပင်ဖြစ်ပေသည်။

ဤသို့သော ကျင့်စဉ်အတိုင်းသာ နောက်မဆုတ်ဘဲ အား ကြိုးမာန်တက် တိုးတက်၍ ဆက်လက် ပွားများ အားထုတ် သွားပါမူကား မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို မုချ မသွေ မျက်မှောက်ပြုရ ခံစား စံစား ကြရပေလိမ့်သတည်း။

ဤသည့် အကျိုးပြု ဒေသနာများကား အလွန်များပြား စွာရှိသည်တို့ကို ပြည့်စုံအောင် ကုန်စင်အောင် ရေးသွင်းလျှင် အလွန် ကျယ်ဝန်းရကား သို့အတွက် အထူးအကျယ်တဝင့် သိ လိုသော သမာဆန္ဒဖြင့် သိလိုပါမူ ဒွတ္တိံသလောကဒီပနီကျမ်း ပဋ္ဌိပတ္တိ ပကာသနီကျမ်းနှင့် အခြားသော စတုဘူမိကကျမ်းအ စောင်စောင်တို့တွင် ကြည့်ရှုလေ့လာ ပွားများ နိုင်ကြပါသည်။

(အမှာစကားရပ်)

သမာဓိက္ခန္ဓံ အပူရေတွာ ပညာက္ခန္ဓံ ပရိပူရေဿန္တီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(ပဋ္ဌနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်)

သမာဓိက္ခန္ဓံ၊ သမာဓိက္ခန္ဓကို (ဝါ) သမ္မာဝါယာမ သမ္မာသ တိ သမ္မာသမာဓိ မဂ္ဂင်သုံးပါးကို။ အပူရေတွာ၊ မဖြည့်ကျင့်မူ၍။

ပညာဒကန္ဓံ၊ပညာက္ခန္ဓကို။ ဝါ ဝိပဿနာမဂ်ပညာတို့ကို။ပရိပူရေ-ဿန္တိ၊ ပြည့်ကျင့်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

(ပဉ္စနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်)

သမာဓိက္ခန္ဓ အဓိစိတ္တ ပါရမီလုပ်ငန်းကျင့်စဉ် ဤတွင် ပြီး ပြည့်စုံတော့သည်။

သမာဓိက္ခန္ဓေန လောဘက္ခန္ဓံ ပဒါလေန္တော အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ။

(မူလပဏ္ဏာသ ပါဠိတော်)

သမာဓိက္ခန္ဓေန၊ မြင့်မိုရ်ပမာ တည်ကြည်စွာဘိ သမာဓိဖြင့်။ လောဘက္ခန္ဓံ၊ လိုချင်မိုက်မှား လောဘတရားကို။ ပဒါလေန္တော၊ ဖောက်ခွဲသည်ဖြစ်၍။ အမတံ၊ ထပ်၍မသေ အမြဲနေရသော။ နိဗ္ဗာနံ၊ တဏှာကုန်ခမ်း နိဗ္ဗာန်နန်းသို့။ သစ္ဆိကရောတိ၊ တကယ်ကေန် အမှန်ပင် မျက်မှောက်ပြုရလေတော့သတည်း။

(၂) ဆင်္ကောဋ္ဌာသ။ (၂) ကေန္တရိက။ (၃) ဒွန္တရိက။
(၄) အင်္ဂုသ။ (၅) နဝဘာသိဝ။

ပရိညာငါး ဆောင်ပွားရှုသော်
တဏှာခပင်း ပယ်ရှင်းပြတ်နော်
ငါသူလူပြုတ် နာမ်ရုပ်တွေ့ပေါ်
လောဘခါတ် ခုတ်ဖြတ်ဆင့်ဆင့်ကျော်

**မှတ်ချက်။** အဓိစိတ္တ သမာဓိက္ခန္ဓ မဟာသတိပဋ္ဌာန် ကမ္မ ဋ္ဌာန်း (ဝါ) ဒွတ္တိံသကမ္မဋ္ဌာန်း ပွားနည်းလုပ်

ငန်းများကို ဤကျမ်းတွင် မြန်မာပြန်သက်သက်
အသိဉာဏ် ရင့်ကြက် စေလိုသောကြောင့်(ဝါ)
လိုရင်းသဘောကို လွယ်ကူစွာ တတ်မြောက်၍
အသိအလိမ္မာ ဉာဏ်ပညာ ခဏခြင်းပေါ်ပေါက်
အသိထူးရောက်ကြစေရန် (ဝါ) ပါဠိဘာသာ
ဖြင့် ရေးသားထားသော မဂ္ဂသစ္စာ ပွားနည်း
ညြကာသ ဒီပနီကျမ်းစတုဘုမ္မိကကျင့်စဉ်နှင့်ပါဠိ
မြန်မာ အဓိပ္ပာယ် သဘောသွား အလွန်ဆန်း
ပြားစွာဖြင့် ကမ္မဋ္ဌာနာစရိယ မန္တလေး စတုဘုမ္မိ
ကရိပ်သာ မဟာသတိပဋ္ဌာန်ဂိုဏ်း ဆရာတော်
ဘုရားကြီး ဦးဇာဂရမထေရ်မြတ် စီရင်ရေးသား
တော်မူထားသော ဒွတ္တိံသလောက ဒီပနီကျမ်း
စသည့် ကျမ်းအစောင်စောင်တွင်ရှိပြီး ဖြစ်သည့်
အတွက် မြန်မာပြန် သက်သက်ဖြင့် ဖော်ပြရခြင်း
ဖြစ်ပေသည်။

ပြစ်တင်မစောကြဘဲ သဘောသွားအမှန်ကို စောဘုရားအရဟံ
မိန့်မှာချက် ဒေသနာအလုံးစုံတို့မှ ဝေနေယျာဘုံအရှုပ်မှ အကုန်
လုံးလွတ်ကြစေဘို့ ရွှေမင်းဝံ ဗုဒ္ဓမတ္တာည၊ ကိုယ်စားပြုတဲ့ စတု
ဘုမ္မိကဂိုဏ်းဆရာတော်ဘုရား အကြီးအမှူးတို့၏ နိဿယည်းအမှန်
ကို သိပ်သည်းစွာ နာခံနှလုံးသွင်းကာ ပေါင်းစည်း၍ ဒွတ္တိံသ
ကမ္မဋ္ဌာန်းပွားနည်းကို ဟုတ်တိုင်းမှန်စွာ အပိုအလိုမပါဘဲ ထိုထို

ဒေသနာအစောင်စောင်မှ သေချာစွာထုတ်ဆောင်၍ ပြလိုက်ရပါသည် အဝိယာ သုတ်တော်ကောင်းအပေါင်းတို့။

○

ပညာက္ခန္ဓ အဓိပညာ ပါရမီလုပ်ငန်းကို ဆက်လက်ဖြည့်ဆည်းရမည်။

ဖြည့်ဆည်းရန်အစဉ်ကို ပြပေအံ့။

သမာဓိက္ခန္ဓံ ပရိပူရိတွာ ပညာက္ခန္ဓံ ပရိပူရေဿတီတိ ဌာန ဓမတိ ဝိဇ္ဇတိ။

(ပဉ္စနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်)

သမာဓိက္ခန္ဓံ၊ သမာဓိက္ခန္ဓကို (ဝါ) သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်သုံးပါးကို၊ ပြည့်စုံပြီး၍။ ပညာက္ခန္ဓံ၊ ပညာက္ခန္ဓကို (ဝါ) ဝိပဿနာမဂ်ပညာကို။ ပရိပူရိဿတိ၊ ပြည့်ကျင့်လတ္တံ့။ ဣတိ၊ ဤသို့။ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂။ အနိစ္စာ ဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၃။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၄။ ဒုက္ခာ ဝတ ဘော သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

၅။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၆။ အနတ္တာ ဝတ ဘော ယေ ဓမ္မာ၊ ဥပ္ပာဒဂယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဘော၊ အိုအချင်းတို့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ အကြောင်းသင်္ခါရ အကျိုးသင်္ခါရ အကြောင်းအကျိုးဖြစ်သော သင်္ခါရ တရားအစုတို့သည်။ သင်္ခါရာ၊အကြောင်းလေးတန် ပြုစီမံ၍ ဖြစ်ပြန်ထင်ရှား ၃၂-ပါး ၃၄-ပါး ရုပ်နာမ်သင်္ခါရတရားစုတို့သည်။ အနိစ္စာ၊ ရွှေ့ပြောင်းနေ အတည်မနေ မရပ်စဲသဖြင့် အမြဲမရှိကြလေကုန်။ အနိစ္စာ၊ စက္ကန့်မိနစ် နာရီခေတ်မျှ မိနစ်မတည် ဟောင်းသစ်လည်၍ ရွှေ့ချည်ပျက်ပြုန်း ကုန်ဆုံးတတ်သောကြောင့် အနိစ္စ သဘောတရားတို့ ပါပေတည်း။ ဒုက္ခာ၊ နေ့ညဉ့်ဆက်စပ် ကွက်မလပ်အောင် မပြတ်ဆောင်ဆဲ လွန်ဆင်းရဲ၍နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစု ဒုက္ခအမှုကြီးတို့ ပါပေတည်း။

အနတ္တာ၊ ခဏသာဖြစ် ကိုင်တွယ်ဖမ်ကာ အနှစ်သာရ ရှာမရသော အနတ္တသဘောတရားဟု ပါပေတည်း။ အနတ္တာ၊ သူပိုင်ကိုယ်ပိုင် မဆိုနိုင်ကြ မပိုင်သဘဲ အစိုးမရသော အနတ္တသဘောတရားတို့ ပါပေတည်း။ ဣတိ၊ ဤသို့။ သီလက္ခန္ဓ သမာဓိက္ခန္ဓ ကျကျနန ဆောက်တည် ပွားများပြီးသော အကြင်အခါ၌။

ပညာယ၊ အနုလောမပညာ ပဋိလောမပညာ ဈာနာနုသောမ ပညာ ကသိဏာနုလောမပညာ အနုလောမခန္တပညာ ဂေါတြ ဘူပညာ ဝေါဒါနပညာ ဤမဟာဗောဓိပညာ ခုနစ်ပါးဖြင့် (ပဿတိ)အနိစ္စအချက်ကို ပျက်ပျက်ထင်ထင် သိမြင်လေတော့၏။ အထ၊ထိုသို့ဒုက္ခအချက်တို့ကိုပျက်ပျက်ထင်ထင်သိမြင်သောအခါ၌ (ပဿတိ) အနတ္တအချက်ကို ပျက်ပျက်ထင်ထင် သိမြင်လေတော့ ၏။ အထ၊ ထိုသို့ အနတ္တအချက်ကို ပျက်ပျက်ထင်ထင် သိမြင်သော အခါ၌။ဒုက္ခေ၊ နေ့ညဉ့်ဆက်စပ် ကွက်မလပ်အောင် မပြတ်ဆောင် ဆဲ့ လွန်ဆင်းရဲ၍နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအမှုကြီးတွေကို။ ဒုက္ခေ၊ ဥပါဒ် ဌီ ဘင် မပြတ်နှင်၍ တွင်တွင်ဆင်းရဲ မရပ်စဲဘဲ တသဲသဲ ဖြစ်ပေါ်နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအမှုကြီးတို့၌ နိဗ္ဗိန္ဒတိ ဝင့်ဘုံဝေလ့မပျော်မွေ့ဘဲ ငြီးငွေ့စက်ဆုပ် ရလေတော့ ၏။ သေ ဧသော ဤသို့ ပျက်ပျက်ထင်ထင် သိမြင်လိုက်ရခြင်း သည်၊ ဝိသုဒ္ဓိယာ လောဘစသော ကိလေသာမှစင်ကြယ်ခြင်းငှာ၊ မဂ္ဂေါ နိယျာနိက ဟောတု ဒဿန အဓိပတေယျ မဂ္ဂသစ္စာ သဘောတရားတို့ပါပေတည်း။ မဂ္ဂေါ သံသရာမှ ထွက်မြောက်

လမ်းကောင်း နိယျာနိက ကျင့်ကြံဘို့အကြောင်း ဟောတု အသိကောင်း အမြင်ကောင်း ဒဿန အစိုးရခြင်း အဓိပတေယျ မဂ္ဂသစ္စာ သဘောတရားတို့ပါပေတည်း။

ဘော အိုအချင်းတို့၊သင်္ခါရာ အကြောင်း သင်္ခါရအကျိုးဖြစ် သော သင်္ခါရတရားအစုတို့သည်၊ သင်္ခါရာအကြောင်းလေးတန် ပြုစီမံ၍ ဖြစ်ပြန့်ထင်ရှား ၁၂-ပါး ၄၂-ပါး ရုပ်နာမ် သင်္ခါရ တရားတို့သည် ဝတ စင်စစ် အနိစ္စာ ရွှေ့နေပြောင်းနေ အတည်

မနေ မရပ်စဲသဖြင့် အမြဲမရှိကြလေကုန်။ အနိစ္စာ စက္ကန့် မိနစ် နာရီ ခေတ်မျှ မိနစ်မတည် ဟောင်းသစ်လည်၍ ရွေ့ချီပျက်ပြုန်း ကုန်ဆုံးတတ်သောကြောင့် အနိစ္စသဘောတရားတို့ပါပေတည်း။ ဒုက္ခာ နေ့ညဉ့်ဆက်စပ် ကွက်မလပ်အောင် မပြတ်ဆောင်ဆဲ လွန်ဆင်းရဲ၍နေသော ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအမှုကြီးတို့ပါပေတည်း။ အနတ္တာ ခဏသာဖြစ် ကိုင်တွယ်စစ်က အနှစ်သာရ ရှာမရသော အနတ္တသဘောတရားတို့ပါပေတည်း။ အနတ္တာ သူပိုင် ကိုယ်ပိုင်မဆိုနိုင်ကြ မပိုင်သဘဲ အစိုးမရသော အနတ္တသဘောတရားတို့ပါပေတည်း။ ဥပ္ပါဒဝယဓမ္မိနော ဖြစ်ခြင်း ပျက်ခြင်း အမြင်ရှင်းအောင် ထင်လင်းသော သဘောရှိကြပါကုန်၏။ ဥပ္ပဇ္ဇိတွာ အကြောင်းတိုက်ဆုံ အကျိုးဟုန်တို့ စုဆုံ၍သာဖြစ်ပေါ်လာကြကုန်သည်ဖြစ်၍ နိရုဇ္ဈန္တိ တလှုပ်လှုပ်တဖြုတ်ဖြုတ် ချုပ်ငြိမ်း၍ သာသွားကြလေကုန်တော့၏။ တေသံ ဖြစ်ပြီးမှချ ပျက်စီးရမည် သင်္ခါရသဘောတရားတို့၏ ဝူပသမော ငြိမ်းပျောက်ချုပ်ကွယ်၍ သွားခြင်းသည် သုခေါ နိဿရဏ ဝိဝေက အမတ အသင်္ခတ နိရောဓသစ္စာ ချမ်းသာခြင်းမှန်လှပါပေ၏။ သုခေါ ထွက်မြောက်ခြင်း နိဿရဏ အေးငြိမ်းခြင်း ဝိဝေက အသေကင်းခြင်း အမတ မပြုပြင်ရခြင်း အသင်္ခတ နိရောဓသစ္စာ ချမ်းသာခြင်း မှန်လှပါပေ၏။

အနတ္တာ မေ ပဉ္စက္ခန္ဓာ၊ ကာယမ္ဘုရိဝ ရိတ္တကာ။
တုစ္ဆာ ဒုပ္ပဏ္ဏဆာယာဝ၊ သုညံ ပက္ခိပထော ယထာ။

ဣမေ ပဉ္စက္ခန္ဓာ ဤခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ အနတ္တာ မရင့်စေလို မအိုချင်ပါမသေပါကြောင်း ဆုမွန်တောင်း

လည်း တောင်းတိုင်းမရ တတိုင်းမမြင် အာဏာဘုရင် ကြောင်းလေးအင်တို့ ပြုပြင်သမျှ ဖြစ်ပေါ်ရတဲ့ အနတ္တတရားတို့သာတည်း။

ကသမ္ဗူရိဝ လုံးဝန်းသဏ္ဌာန် တကဲ့ဟန်ဖြင့် ပေါ်ရန်ပြည့်တင်း ဖြူရောင်ဝင်းသည့် အတွင်းဓာတ်လည်း အဆီသွေးသား လွန်ခေါင်းပါးတဲ့ ခရုရောက်သွားကဲ့သို့၊ ရိတ္တကာ ပြင်ပ၌သာ ထယ်ဝါကြီးမား အနေကြွားလျက် တွင်းသားဓာတ်စစ် ရှာဖွေလှစ်မှု အနှစ်သာရ ဟူသမျှနှင့် မြူးစမနီး အချိုးနှိုးသောတရားတို့သာတည်း။ ဒပ္ပဏဆာယာဝါ သွားဟန် လာဟန် ပြုံးရယ်ဟန်နှင့် သဏ္ဌာန်တူစွာ မြင်ရပါလည်း ခေါ်၍မထူး ဦးလည်းမညိမ့် ဓာတ်ရုပ်ပုံသွင် မှန်ထင်အရိပ်ကဲ့သို့၊ တူစွာ သူရောင်ငါရောင် ဟန်ဆောင်သည့်နှယ် ပြင်ကထယ်လည်း အကယ်ဆတ်ဆတ် အတွင်းဓာတ်၌ ကောင်းမြတ် ချမ်းသာ မင်္ဂလာသုခ ဟူသမျှနှင့် မြူစမနီး အချိုးနှိုးသော တရားတို့သာတည်း။ ပဏ္ဍိပထောယထာ ဘေးဒဏ် ရန်မာန် အန္တရာယ်ခပင်း တွေ့ကြုံလျှင်းက မှီတင်းဘို့ငှာ မကွယ်ကာဘဲ ခိုရာမဲ့ထီးကောင်းကင်ကြီးကဲ့သို့ သုညံ ကိုးရာကွယ်ရာ အားထားရာမျိုး တစိုးတစိ မရှိလုံးလုံး အသုံးမကျတဲ့ အနတ္တတရားတို့သာတည်း။

ဤတွင် ပညာခဂ္ဂ မဂ္ဂင်းနှစ်ပါး လုပ်ငန်းစဉ်အကျဉ်းချုပ်ပွားနည်းပြီး၏။ အကျယ်ပွားများနည်း ရှေ့၌ ဆက်လက်ပြအံ့။

ပညာခဂ္ဂေန မောဟက္ခန္ဓံ ပဒါလေတွာ အမတံ နိဗ္ဗာနံ
သစ္ဆိကရောတိ။

ပညာခဂ္ဂေန နေထက်ထွန်းပြောင် ပညာရောင်ဖြင့်၊ မောဟက္ခန္ဓ မောဟပိတ်ဖုံး အဝိဇ္ဇာဘုံးကို၊ ပဒါလေတွာဖေါက်ခွဲသည်

ဖြစ်၍၊ အမတံ ထပ်၍မသေ အမြဲနေရသော၊ နိဗ္ဗာန် တဏှာ ကုန်ခန်း နိဗ္ဗာန်နန်းသို့၊ သစ္စိကရောတိ တကယ်ပင် ကေန် အမှန် ပင် မျက်မှောက်ပြုရလေကုန်တော့ သတည်း။

ပညာကုန္ဒ အဓိပညာ ပါရမီလုပ်ငန်းကျင့်စဉ်အကျဉ်း၌တွင် ပြီး ပြည့်စုံတော့သည်။

(၁) တဏှာသတ်ပညာ၊
(၂) ရာဂသတ်ပညာ၊
(၃) ဒိဋ္ဌိသတ်ပညာ၊
(၄) အနုသယသတ်ပညာ၊
(၅) သဘာဝဆယ်ချက် လက္ခဏာသုံးနက် မဂ်ဉာဏ်တတ် ပညာ။

ပညာငါးရပ် ထပ်ထပ်ဆင်ခြင်
ဒိဋ္ဌိစားစား မြင်မှားလှင့်စင်
သစ္စာကျယ်သိ သတိဉာဏ်ယှဉ်
မောဟယုတ် တိုက်ထုတ်ကုန်အောင်ပင်။

**မှတ်ချက်။** သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဤသုံးဌာန လုပ်ငန်းများကို ဆောက်တည်ပွားများ အား ထုတ်ခြင်းရှိသော သူအပေါင်းသည် ယောဟိ ပဿတိသဒ္ဓမ္မံ သောမံပဿတိပဏ္ဍိတောဟူသော ပါဠိတော်နှင့် အညီ ဘုရားရှင်၏ ဂုဏ်တော် များကို ပွားများကြည်ညိုတိုင်း ဘုရားရှင်ကြီးကို

ဖူးမြင်နိုင်ခွင့်ရှိ၏။ ဖူးမြင်ရတိုင်းအကျိုးများမည်
ဖြစ်ရာ ဘုရားဂုဏ် တရားဂုဏ် သံဃဂုဏ်များ
ဆက်လက် ပွားများ ကြည်ညိုကြရမည် (ဝါ)
ကြည်ညိုကြမှသာလျှင် ဖြစ်ပေမည်။

ဘုရားဂုဏ်တော် ၉ပါး ပါဠိတော်သက်သက်

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

**တရားဂုဏ်တော် ၆-ပါး**

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

**သံဃာဂုဏ်တော် ၉-ပါး**

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဤတွင်ကား အတွင်းဂုဏ် ၄-ပါးတည်း။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော။

အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိ
ကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

ဤကား အပြင်ဂုဏ် ၅-ပါးတည်း။
(သံဃာဂုဏ် အတွင်းအပြင် ၉-ပါးတို့ပင်တည်း)

**မှတ်ချက်။** သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားတို့ ဆောက်တည် ပွားများ ဆင်ခြင်ပြီး၍ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်များကို အောက်မေ့ကြည်ညိုလေ့ရှိသော သူတို့သည် အဝိဇ္ဇာနှင့် တဏှာလက်တွင်း အိပ်ပျော်၍နေခြင်းမှ အကျင့် တန်ခိုး ကြောင့် နိုးကြား ထကြွလာရကြောင်း ဟောတော်မူသော ဒေသနာ ၆-ပါး ဇာဂရိယာနုယောဂ တရားများကို ဆက်လက်ရွတ်ဆို ပွားများရမည်။

၁။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။

၂။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာသတိ။

၃။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာသတိ။

၄။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတောမနော။

၅။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော။
(ဓမ္မပဒပါဠိတော်)

ယေသံ၊ ဘုရားတပည့် တရားရှိသည်ကို အများသိအောင် ရှက်ဆောင်၍ နေကြကုန်သော အကြင်သူတို့အား။ ဒိဝါ စ၊ နေရောင်ထွန်းပြ နေ့ကာလ၌ငင်း။ ရတ္တော စ၊ နေရောင်ကင်းပ ညဉ့်ကာလ၌ငင်း။ နိစ္စံ၊ အမြဲနိစ္စဗဒ်။ ဗုဒ္ဓဂတာသတိ၊ ဘုရားဂုဏ်ကို အာရုံပြု၍ရောက်သော သတိသည်။ ဓမ္မဂတာသတိ၊ တရားဂုဏ်ကို အာရုံပြု၍ရောက်သောသတိသည်။ သံဃဂတာသတိ၊ သံဃာ့ဂုဏ်ကို အာရုံပြု၍ရောက်သော သတိသည်။ ကာယဂတာသတိ၊ ဆံပင် မွေးညှင်းစသော ကောဋ္ဌာသအစု၌ အလေးဂရုပြု၍ ကြည့်ရှုသဖြင့် ရောက်အပ်သော သတိသည်။ အဟိံသာယ၊ သတ္တဝါ ၁ပင်း အပြစ်ကင်းအောင် မညှင်းဆဲခြင်း၌။ ရတော၊ မွေ့လျော်၍နေသော၊ မနော၊ စိတ် စေတနာကောင်းသည်။ ဘာဝနာယ၊ ကာယဂတာ ဘာဝနာကို ကောင်းစွာပွားစီးခြင်း၌။ ဘာဝနာယ၊ ဒွတ္တိံသဟု ကောယန ကမ္မဋ္ဌာန်းကို ကောင်းစွာပွားစီးခြင်း၌၊ ရတော၊ မွေ့လျော်၍ နေသော။ မနော၊ စိတ်စေတနာကောင်းသည်။ အတ္ထိ၊ ထင်ရှားမသွေ ရှိပါပေ၏။ ဂေါတမသာဝကော၊ ဂေါတမမြတ်စွာဘုရား၏ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော်သုံးပါး အသုံးအမစကားကို ထောင်နားစိုက်ကြကုန်သော။ တေ၊ ဘုရားတပည့် တရားရှိသည်ကို အများသိအောင် ရှက်ဆောင်ကြကုန်သော သူတို့အား။ သဒါ၊ အခါခပ်သိမ်း။ သဒါ၊ ဣရိယာပုထ် လေးပါးစလုံး။ သုပ္ပဗုဒ္ဓံ၊ အဝိဇ္ဇာနှင့်

တဏှာလက်တွင်း ဉာဏ်မလင်းဘဲ စင်းစင်းကြီးအိပ်၍ နေခြင်းမှ။ ပဗုဇ္ဇန္တိ၊ ပဋိပတ်တရား လက်ကိုင်ထားသဖြင့် ထကြွနိုးကြားလေတော့၏။

ဓမ္မပဒပါဠိတော်လာ ဇာဂရိယာနုယောဂ ခြောက်ပါးနှင့် ပြည့်စုံနိုးကြားကြကုန်သော သူတို့သည် ဘုရားရှင်ကြီး၏ သာဝကအဖြစ်သို့ ရောက်ကြကုန်သဖြင့် ရုပ်ထူးဝိသေသ ထင်ရှားတော့သည်ဖြစ်၍ တေဘူမိက သင်္ခါရမှ စတုဘူမိက အသင်္ခတသဘောသို့ သက်ဝင်ကြောင်း ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်ကို ဆက်လက်ရွတ်ဆိုပွားများကြရမည်။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော
ဉပ္ပဇ္ဇေယျ ဟေတုပစ္စယာ။
ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော
ဉပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ တယော ခန္ဓေ
ပဋိစ္စ ဧကော ခန္ဓော ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။
(ပဋ္ဌာန်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ (ဝါ) မင်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော အမျိုးကောင်းသားသမီးတို့။ သိယာ၊ ရံခါ (ဝါ) ဘဝမခြား စက်လေးပါးနှင့် တွေ့ကြုံ ကြုံကြိုက်သောအခါ။ ကုသလံဓမ္မံ၊ ဒါန သီလ နိက္ခမ ပါရမီ မင်္ဂလာ မဟာသတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး လောကုတ္တရာ စတုဘူမိက ကုသိုလ်တော်ပွား တရားအထူးကို။ပဋိစ္စ၊စကြာမန္ဒတ်

မင်းနှင့်တူသော ပဋိသန္ဓေနေ(ဝါ)ပစ္စည်းစွဲ၍။ကုသလောဓမ္မော၊ တေဘူမိက သင်္ခါရ ကုသိုလ်ဓမ္မများကို ပယ်ရှား.နိုင်သော စတုဘူမိက အသင်္ခတ ဗောဓိပက္ခိယ ကုသလဓမ္မဝိသေသ တရားအပေါင်းသည်။ ဟေတုပစ္စယာ၊ သီလဖြင့် ဒေါသကိုသတ်၊သမာဓိဖြင့် လောဘကိုသတ်၊ ပညာဖြင့် မောဟကိုသတ်။ ပဝတ္တဉာဏ်(ဝါ) ပဋ္ဌာန ပညောင်ပင်နှင့်တူသော ပဋ္ဌာန်းပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ မြေလတ်ခတ်တီး အပြီးမှချုံဖြစ်ရလေတော့၏။ ကုသလံဓမ္မံ၊ သာသနာ ခါသပယ ဘုရားရှင်ဟောဖေါ်ပြမှ ကျင့်ရကြံရအားထုတ်ရသော ပါရမီမဂ်လာ လောကုတ္တရာ စတုဘူမိကကုသိုလ် ဆိုအပ်သော။ ဧကံခန္ဓံ၊ မဂ်ဉာဏ်ကိုမှီ မဂ်မျိုးစည်အောင် အတည်ပြုအပ် အားထုတ်အပ်သော တခုသော ဝိညာဏက္ခန္ဓာကို။ ပဋိစ္စ၊ သံသရာက လွတ်ကြောင်းဘုရား ကုသိုလ်တော်ပွားအကြောင်းကို အစွဲပြု၍၊ တယောခန္ဓာ၊ သုံးပါးသောစေတသိက်ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ် လာကြကုန်၏။ တယောခန္ဓေ၊ သုံးပါးကုန်သော စေတသိက် ခန္ဓာတို့ကို၊ ပဋိစ္စ၊ ပဋိသမုပ္ပါဒ် ပစ္စည်းစွဲ၍၊ ဧကောခန္ဓော၊ တခုသော ရူပက္ခန္ဓာသည် (ဝါ)ရုပ်ထူးဝိသေသ တရားသည်၊ ဥပ္ပဇ္ဇတိ၊ စတုဘူမိကကုသိုလ်ဇာတ်ပါရမီဝတ်ကြောင့် ကောင်းကောင်းကြီးဖြစ်ပေါ်လာတော့၏။ ဒွေခန္ဓေ၊ မဂ်ဉာဏ်ကိုမှီမဂ်မျိုးစည်အောင် အတည်ပြုအပ် အားထုတ်အပ်သော နှစ်ပါးသော ခန္ဓာတို့ကို၊ ပဋိစ္စ။ ပဋိစ္စသမုပ္ပါဒ် ပစ္စည်းစွဲ၍၊ ဒွေခန္ဓာ၊ နှစ်ပါးကုန်သော ရုပ်နာမ်ခန္ဓာ အထူးတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကြလေကုန်တော့၏။

ရုပ်နာမ်ခန္ဓာကူးပြောင်းပုံ ဟောတော်မူသော ပဋ္ဌာန်း ပါဠိ

တော်အဆုံး၌ အနုဓမ္မအကျင့် အကြောင်းတရားများ ပြည့်စုံတော့သည်ဖြစ်၍ လိုအပ်သော အကျိုးတရားများကို ဆက်လက်၍ သမ္မာ ဆန္ဒ ပတ္ထနာပြုကြရန် အောက်၌ ဖော်ပြသော ပါဠိတော်များကို ရွတ်ဆိုဆုတောင်းရမည်။

ဒါနမေတံ မယှာ ဂတမဂ္ဂေါ
သီလမေတံ မယှာ ဂတမဂ္ဂေါ
နေက္ခမ္မံမယှေဝ ပူရေန္တော နိဗ္ဗာနပစ္စယော ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ အာသဝက္ခယပတ္တံ ဝဟံ ဟောတု။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ပု-ဒိ-အာနှင့် ပြည့်စုံရ၂ါစေသော်။

ဤဆုတောင်း စကားဆုံးလျှင် မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ကိုးပါးသော လောကုတ္တရာ ဓမ္မကို မျက်မှောက်ပြုနိုင်ကြောင်းဖြစ်သော မဂ္ဂင်ကံ ဗောဇ္ဈင်ကံ ပါရမီကံ ဟူသော စတုဘုမ္မိက အနုဓမ္မကျင့်စဉ်တရားများ ပြည့်စုံ ရှက်ဆောင်အားထုတ်ခြင်း ကိစ္စပြီးပြည့်စုံတော့၏။

တော်ဒါနံ၊ ဤဒါန ပါရမီ မင်္ဂလာသုံးပါးသည်။ မဟာဂတမဂ္ဂေါ၊ မဟာဗောဓိ မဏ္ဍိုင်တိုင်အောင် ဖြည့်ကျင့်ဆည်းပူး၍လာသော ငါဘုရား၏ ပါရမီမဂ္ဂင်ခရီးလမ်း အစဉ် ပေတည်း။ တော်သီလံ၊ ဤအာဇီဝဋ္ဌမက သီလ ပါရမီ မင်္ဂလာသုံးပါးသည်။ မယှာဂတမဂ္ဂေါ ငါဘုရား၏ မဟာ ဗောဓိမဏ္ဍိုင်တိုင်အောင် ကျင့်သုံးဆောက်တည်၍ လာခဲ့သော ပါရမီ မဂ္ဂင်

ခရီးလမ်း အစဉ်ပေတည်း။ နေက္ခမ်ယေဝ၊ ဝတ္ထုကာမမှ ထွက်မြောက်ကြောင်းဖြစ်သော နိက္ခမပါရမီ မင်္ဂလာသုံးပါး ကိလေသာ ကာမမှ ထွက်မြောက်ကြောင်း ဖြစ်သော နိက္ခမ ပါရမီ မင်္ဂလာသုံးပါး ဤနိက္ခမ ပါရမီမင်္ဂလာ ခြောက်ပါးကိုသာလျှင်။ ပူရေန္တော၊ ပြည့်စုံစေသည်ဖြစ်၍။ အာဂတော၊ လာတော်မူ၏။နိဗ္ဗာနဿ၊ နိဗ္ဗာန်လေးပါး၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေအမှာက်၊ ဘုရားတပည့်တော်တို့၏၊ ဤဒိပုည်၊ ဤဒါန ပါရမီ မင်္ဂလာသုံးပါး သီလပါရမီ မင်္ဂလာသုံးပါး နိက္ခမ ပါရမီ မင်္ဂလာသုံးပါး ပညာပါရမီ အချုပ်ထား အပ်သော ဤပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိကဘုရား ကုသိုလ်တော်ပွား အထူးတို့ကြောင့်၊ အာသဝက္ခယပစ္စယ်၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟုဆိုအပ်သော အာသဝေါ တရားလေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော အသင်္ခတဓာတ် မအိုရာ မနာရာ မသေရာ ရွှေပြည်နိဗ္ဗာန် ချမ်းသာ မြတ်သို့၊ ဝဟံ ဝဟန္တု၊ အပါအဝင် မရောက်ရောက်အောင် ရှက်ဆောင်နိုင်သည်။ ဟောတု၊ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကြောင့် ထင်ရှားမသွေ ဖြစ်ပါစေသတည်း။

သဒ္ဓမ္မော၊ သဒ္ဓါလေးပါး မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားသည်။ စိရံ၊ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး နိဗ္ဗာန် မွေ့ကိုးပါးရသည့်ကိုင်အောင်။ ဝါ ဌ ၊ ရှပ်နာမ်ဝိုင်းပင် အမြဲယှဉ်၍ မပျက်မပြို အပြဲတည်ပါစေသတည်း။

ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယ ဉာဏ်ဟု ဆိုအပ်သော ဝိဇ္ဇာသုံးတန် အမြင်သန်သည်။ ဟောတု ထင်ရှားမသေချဖြစ်ပါစေသတည်း။

(ဘုရား တရား သံဃာ ရတနာသုံးပါးအား သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ အကျင့်တရား ပြီးပြည့်စုံတော့သည် ဖြစ်၍ ကုသိုလ်ကရား အထူးတိုးပွားစေရန်)

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
(ဦးတကြိမ်ချ)
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
(ဦးတကြိမ်ချ)
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
(ဦးတကြိမ်ချ)

## ကျေးဇူးရှင် နံ့ယော ဆရာတော်ဘုရားကြီးအား ကန်တော့ခန်း

သဒ္ဒါပါလ ဆန္ဒမဟိံ၊ ဒယာညာဏ ကမ္မကရိံ။
ဓမ္မဆေက ဂုဏစယိံ၊ ဝန္ဒာမ အမှမာစေရိံ။

သဒ္ဒါပါလံ၊ သာသနာဝင်အများ ယုံကြည်မှုပွားအောင် အင်အားရှိသလောက် ခရီးပေါက်စေဘို့ စောင့်ရှောက်လေ့ရှိပေ ထသော။ ဆန္ဒမဟိံ၊ စတုဘုမ္မိက သာသနာကို ကမ္ဘာကြီးပြန့် တည်ရှိနိုင်အောင် ခိုင်ခန့်သော သမ္မာဆန္ဒလည်း ရှိပေထသော။ ဒယာညာဏံ၊ ပုဂ္ဂိုလ်တန်းစား မခွဲခြားဘဲ သနားခြင်းအမှန်

စေတနာသန့်လျက် ဝေဘန်သော ဉာဏ်လည်း ရှိပေထသော။ ကမ္မကရိ၊ ကံလေးပါးဝယ် ယုတ်လတ်ပယ်၍ စင်ကြယ်ဖြောင့် မတ် ကံအမြွက်ကိုသာ အထပ်ထပ် ပြုလေ့ ရှိပေထသော။ ဓမ္မဆောက်၊ သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယ ဉာဏ် သဘောမှန်တို့ဖြင့် ကျမ်းဂန်ကန့်သက် ထုံးပုံကပ်လျက် ဆုံးဖြတ်လေ့ ရှိပေထသော။ ဂုဏာစယိ၊ သာဝက တပည့် သဘောကြည့်လျက် ဂုဏ် ရှိသလောက် ခရီး ပေါက် အောင် ချီးမြှောက်လေ့ရှိပေထသော။ အမှ၊ သိက္ခာသုံးလီ ဆောင်ပွား တည်၍ ယောဂီဝေါ်တား တပည့်များ၏။ အာစေရိ၊ဟံသာဝတီ တကြောကျေးရွာတွေ့ပေါ်သော်လဲ နံ့ယောဂါ်မှာ နေထိုင်လာ၍ ကျေညာထင်ပေါ် နံ့ယောဆရာတော်ဘုရားကြီးကို၊ မယံ၊ ဆရာ တော်ကျေးဇူး ဂုဏ်အထူးကို ချီးကျူးထုတ်ဖော် ဘုရားတပည့် တော်တို့သည်။ဝန္ဒာမ၊လောကုတ္တရာတန်ဘိုးအသိဉာဏ်တိုးသဖြင့် ရှိခိုးကန်တော့ပါကုန်၏ အရှင်ဘုရား။

ယခုဖော်ပြသော စကားအစဉ်များကို ဝတ် အသင်းသား အသင်းသူများနှင့် သဒ္ဓါတရား ရှိသူများ အရကျက်၍ ဆက် လက်ရွတ်ဆိုကြရန် ဖော်ပြလိုက်ရပေသည်။

ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါစာပိ လောကဂူ။
ဗုဒ္ဓ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

လောကေ၊ ကာမ ရူပ အရူပဟု လောကသုံးသွင် ဘုံအပြင်၌။ ဗုဒ္ဓေါစ၊ လေးပါးသစ္စာ မြတ်ဓမ္မာကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်ပင် သိမြင်နိုင်ကြား မြတ်စွာဘုရား သည်လည်း။

မင်္ဂလော၊ အမြတ်ပိုင်းခြား မင်္ဂလာတရား တိုးတက်ထင်ရှား မြင့်မြတ်သော မင်္ဂလာကြီး ဖြစ်တော်မူပါပေ၏။ သမ္ဗုဒ္ဓေါ စာပိ၊ တေဘူမိက စတုဘူမိက သင်္ခတ အသင်္ခတ တရားအတန်တန်ကို မကြွင်းမကျန် အမြင်သန်သော သယမ္ဘူဉာဏ် သဗ္ဗညုတဉာဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ လောကဂ္ဂေါ၊ ကာမလောက ရူပလောက အရူပလောက သုံးလောကတို့ထက် ကြီးမြတ်တော် မူပါပေ၏။ ဗုဒ္ဓံ သရဏံ၊ ဂေါတမနွယ်ဘွား မြတ်စွာဘုရား တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ သဒ္ဓါထန်သဲ မပြောင်းလဲဘဲ အစွဲပြုကြ၍။ သတ္တာ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ အပါဒါန်ခြောက်ပါး အပါဒည် ရှစ်ပါး ခပ်သိမ်းသော ဆင်းရဲဒုက္ခကြွားမှ။ ပမုစ္စရေပမုစ္စန္တိ၊ မချဉ်းမစွပ် ဆင့်ဆင့်ကျွတ်၍ ကင် လွှာကြရကုန်၏။

ဓမ္မော စ မင်္ဂလော လောကေ၊
ဂမ္ဘီရော ဟောတိ ဒုဒ္ဒသော။
ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

လောကေ၊ ကာမ ရူပ အရူပဟု လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မောစ၊ မဂ်လေးတန် ဖိုလ်လေးတန် မြိုက်နိဗ္ဗာန်နှင့် တဖန်ပရိယတ် ဆယ်ပါးသော တရားတော် မြတ်သည်လည်း။ မင်္ဂလော၊ အမြတ်ပိုင်းခြား မင်္ဂလာတရားတို့ထက် ထင်ရှားမြင့်မြတ်သော မင်္ဂလာကြီး ဖြစ်ပါပေ၏။ ဂမ္ဘီရော၊ ပါဠိ၏နက်နဲခြင်း အနက်၏ နက်နဲခြင်း ဒေသနာ၏နက်နဲခြင်း အသိဉာဏ်၏ နက်နဲခြင်း သဘောရင့်ခြင်း တို့ကြောင့် ထိုးထွင်းမရ အလွန်

နက်နဲလှပေ၏။ ဒုဒ္ဒသော၊ အကျင့်မသန့် ပုထုဇန်တို့ အလွန်သိနိုင် မြင်နိုင်ခဲသည်။ ဟောတိ၊ဖြစ်၏။ဓမ္မံသရဏံ၊ပါရမီကံ မဂ္ဂင်ကံ ဗောဇ္ဈင်ကံ စတုဘုမ္မိက တရားမှန်တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ သဒ္ဓါထန်သဲ မပြောင်းလွဲဘဲ အစွဲပြုကြ၍။ သတ္တာ၊ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ အပါဒါန် ခြောက်ပါး အပါဒ်ဆည်ရှစ်ပါး ခပ်သိမ်းသော ဆင်းရဲဒုက္ခ အပေါင်းမှ။ ပမုစ္စရေ ပမုစ္စန္တိ၊ မချွင်းမချပ် သင့်သင့်ကျွတ်၍ ကင်းလွတ်ကြရကုန်၏။

သံဃော စ မင်္ဂလော လောကေ၊
ဒက္ခိဏေယျော သဒါ ဘဝေ။
သံဃံ သရဏံ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

လောကေ၊ ကာမ ရူပ အရူပဟု လောကသုံးခွင် ဘုံအပြင်၌၊ သံဃောစ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာ မဟာပဋိပဋ္ဌာန်ဂိုဏ်းဝင် သံဃာတော်အစစ် တရာ့ရှစ်ပါးသည်လည်း၊ မင်္ဂလော၊ အမြွတ်ပိုင်းခြား မင်္ဂလာတရားတို့ထက် ထင်ရှားမြင့်မြတ်သော မင်္ဂလာကြီးဖြစ်တော်မူပါပေ၏။ သဒါ၊ နေ့ရောညဉ့်ပါ အခါ ခပ်သိမ်း၊ ဒက္ခိဏေယျော၊ သဒ္ဓါကြည်ဖြူ မြတ်သောအလှူကိုခံယူတော်မူထိုက်သည်။ ဘဝေ၊ ဖြစ်၏။ သံဃံသရဏံ၊ မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာ မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် သံဃာတော် အစစ် တရာ့ရှစ်ပါး တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ သဒ္ဓါထန်သဲ မပြောင်းလွဲဘဲ အစွဲပြုကြ၍၊ သတ္တာ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်။

**သမ္ဗ**ဒုက္ခာ၊ အပါဒါန်ခြောက်ပါး အပါဒည်ရှစ်ပါး ခပ်သိမ်းသော ဆင်းရဲဒုက္ခများမှ၊ ပမုစ္စရေ ပမုစ္စန္တိ၊ မချဉ်းမစွပ်ဆင့်ဆင့် ကျွတ်၍ ကင်းလွတ်ကြရကုန်တော့ သတည်း။

## **စတုဘုမ္မိကရိပ်သာမေတ္တာပို့**

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ။
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။
သံဃာနုဘာဝေန ဝိနာသမေန္တု။

**ဣဓ**ဂေဟော၊ တရားသဘင် ဆင်ယင်ခင်းကျင်း ဤအိမ်တွင်းသို့၊ အာဂတာနံ၊ ကြည်ရွှင်ဟာဒယ ရောက်လာကြကုန်သော၊ ဝေါတုမှာကံ၊ သင်တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၏၊ အဇ္ဈတ္တိကဗာဟိရေသု၊ ဝင်းပြင်တွင်းပ နှစ်ဌာနတို့၌ (ဝါ) ကိုယ်တွင်းကိုယ်ပ အိမ်တွင်းအိမ်ပ ခြံတွင်းခြံပ မိမိတို့၏ နေထိုင်သွားလာရာ ဒေသဟူသမျှတို့၌၊ ယံဒုန္နိမိတ္တဉ္စ၊ အကြင်စနီးတပေါင် စိုးသက်ရောင်နှင့် ချကောင်များဝတ် ဖွတ်ငှင်းတချို့ ဆိုးသမျှငှက် တောနက်တိရစ္ဆာန် ဝင်ပြန်ခိုအိပ် မကောင်းသောအတိတ်

နိမိတ်တို့သည်ရှင်း၊ ယံအ၀မင်္ဂလဉ္စ၊ အကြင် မင်္ဂလာမရှိသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ စသော ငါးပါးသော ကာမဂုဏ် တို့သည်ရှင်း၊ အမနာပေါ၊ မနှစ်သက်ဘွယ်သော၊ သကုဏာသ၊ ကျယ်ကျယ်လောင်လောင် ထက်ခေါင်အိမ်မိုး ဝင်တိုးကျော်သန်း ငှက်သရမ်း၏၊ ယောသဒ္ဒေါစ၊ အကြင်အသံတို့သည်ရှင်း။ ယောပါပဂ္ဂဟောစ၊ အကြင်ဂြိုဟ်နှိပ် ဂြိုဟ်ပန်းဝန်းလက်ကျန်နှင့် သိုးနှမ်းဆိုးယုတ် ဂုံးဘုတ်တစ္ဆေ ကဝေမှင်စာ ပဒရာရက္ခိုက် အတိုက်ပဂြိုဟ် အနှုတ်အဖွဲ့ အစွဲအလမ်း အကြမ်းအနု ပြုပြုသမျှ မကောင်းသော လုလ္လ ပယောဂတို့သည်ရှင်း။ ယံဒုဿုပိနဉ္စ၊ အကြင်ကြောက်လန့် ထိတ်ဘွယ်နှိပ်နှယ် ညှင်းပန်း အကြမ်းအယုတ် ဘန်းကုတ်ဘုပ်ဆွဲ အသဲအူနှုတ် ရိုက်ပုတ် ချိန်ချောင် ဂချောင်ဂတန်း ရောင်ရမ်းငိုကြွေး ပူဆွေးသူပွက် မကောင်းသော အိပ်မက်တို့သည်၊ ဗုဒ္ဓါနုဘာဝေန၊ ဘုရားသခင်၏ မေတ္တာရေစေါ် တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်ကြောင့်ရှင်း၊ ဓမ္မာနုဘာဝေန၊ တရားတော်မြတ်၏ မေတ္တာရေစေါ် တန်ခိုးတေဇော်မေတ္တာတော် အာနုဘော်တော်ကြောင့်ရှင်း၊ သံဃာနုဘာဝေန၊ သံဃာတော်မြတ် အပေါင်းတို့၏ မေတ္တာရေစေါ် တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်ရှင်း၊ သဗ္ဗဘယေဟိ၊ အလုံးစုံသော ဘေးအန္တရာယ် ရန်စွယ်ဟူသမျှတို့သည်၊ ဝိနာသံ၊ ပိန်းကြားဖက်ပေါ်တွင် ရေမတင် ကင်းစင် လွင့်ပျောက်ကျခြင်းသို့၊ ဧန္တုပါပုဏန္တု၊ ယနေ့ကာ ယခုကစ၍ နိဗ္ဗာန်ကျအောင် ဒိဋ္ဌပုံသေ ကျန်းမာ ချမ်းသာတော်မူကြပါစေကုန်သတည်း။

## စတုဘုမ္မိကရိပ်သာ အမျှဝေ

ဤသို့ယနေ့ ယခု ပွားများ အားထုတ်ရသော စတုဘုမ္မိက ကုသိုလ်ကောင်းမှု၏အဘို့ကို မွေးသမိခင် ကျေးသဖခင် ဆရာ သမား ဘိုးဘွား ဉာတိ အဆွေအမျိုးတို့မှစ၍ ရေမြေသနင်း မင်းမိဖုရားနှင့် ပြည်သူလူအပေါင်းတို့၏ ကိုယ်ကာယစောင့်ကြပ် နတ်ပါ ဆယ့်နှစ်ဖြာမကြွင်း အိမ်စောင့်နတ် တောစောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် ကျောင်းစောင့်နတ် ရုက္ခစိုး ဘုမ္မစိုး အာကာသစိုး မိုးနတ်သားတထွေ လေနတ်သား တဝ လနတ်သားတဖြာ စတုလောကပါလ မကြွင်း သိကြားမင်း အစုံ ခြောက်ဘုံတဖြာ ဗြဟ္မာနှစ်ဆယ် အောက်ဝယ်တာဝ တေရဠ ဝိရူဠက ဝိရူပက္ခ ကုဝေရနှင့် နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗနှင့် မြေ ရေ လေ မကြွင်းရသည့် ဇာတိခေတ် အာဏာခေတ် ဝိသယခေတ် စက္ကဝါဠသို့ ကုဋေတသိန်း မှီတင်းနေမျိုး သိဉ္စိုး ကာဠသုတ် သင်္ဃာတ ရောရုဝ မဟာရောရုဝ တာပန မဟာ တာပနအထိ အဝီစိအဆုံး ဘုံသုံးဆယ့်တစ်ဖြစ်ဖြစ်သမျှ သတ္တဝါ သ ဘာဇေမ အမျှပေးဝေပါ၏။ဤကောင်းမှုကို သောင်းထိုက် ဇမ္ဗူ နတ်နှင့်လူ ကြည်ဖြူ သာဓု သာဓု သာဓု ခေါ်စေသော်ဝ်။

အမျှ....အမျှ... အမျှ ယူတော်မူကြပါကုန်လော့။

(သုံးကြိမ်ဆိုပါလေ)

## အမျှဝေတမျိုး

သုံးလူ့ထွဋ်ယား မြတ်တရားနှင့် ရှစ်ပါးသံဃာ အရိယာ အား ရတနာမိုး ရွာသွန်းဖြိုး၍ ကိုးပါးခြောက်စုံ ကိုးဖြာဂုဏ်ကို

အာရုံကြည်နူး နှုတ်လျှာမြူး၍ ကြည်နူးဆွဆွ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ပါရမီကုသိုလ် အဘိုကိုလည်း မွေးမိခင် နှင့် ဖခင်ဆရာ ညာတကာအား သတ္တဝါများ နတ်တို့အားလဲ ဝေပါစေ ပေးမျှဝေသည် ကောင်းစေ သာဓု - သာဓု - သာဓု ခေါ်စေ သော်ဝ်။

အမျှ....အမျှ....အမျှ
ယူတော်မူကြကုန်လော့ (သုံးကြိမ်ဆိုပါလေ)

**စတုဘုမ္မိကရိပ်သာ မေတ္တာပို့**

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေ ပိပါဏိနော။

ဒုက္ခပ္ပတ္တာ၊ ကိုယ်စိတ်နှစ်ဖြာမချမ်းသာဘဲ လွန်စွာ ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်ကြကုန်သော၊ သဗ္ဗေပိ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော၀၊ ကံ ပို့ဆောင်ကြ ဘုံဘဝ၌ တည်ကြများစွာ သတ္တဝါတို့သည်လည်း၊ နိဒ္ဒုက္ခာ၊ ဆင်းရဲပင်း လွန်မြောက်ကင်း၍ ကပ်ငြင်းသုခ ချမ်းသာမြ ကြကုန်သည်။ ဟောန္တု၊ မေတ္တာစေတ်ရေ အလှဲမသွေဘဲဖြစ်ကြ စေကုန်သတည်း။

ဘယပ္ပတ္တာ၊ ကြောက်လန့်ဘွယ်ရာ အဖြာဖြာနှင့် များစွာ ရှုပ်ထွေး တွင်းပြင်ဘေးသို့ ပြေးဝင်ရောက်ကြကုန်သော။သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနော၀၊ ကံပို့

ဆောင်ချ ဘုံဘဝ၌ တည်ကြမျ◌ားစွာ သတ္တဝါတို့သည်လည်း၊ နိဿောကာ၊ စိုးရိမ်ခြင်းမှ လွတ်ကင်းပ၍ မြေချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ မေတ္တာစေတ်ရေ မလွဲမသွေဘဲ ဖြစ်ကြစေကုန်သတည်း။

ဝေတ္တာဝတာ စ အမေဟိ၊ သမ္မတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

ဝေတ္တာဝတာစ၊ ဤမျှ အတိုင်းအရှည်ရှိသော ဝိသုဒ္ဓိ အစဉ်ပဋိပတ်မဂ္ဂင် အနုဓမ္မကျင့်စဉ်ဖြင့်၊ အမေဟိ၊ လောကုတ္တရာ စတုဘုမ္မိက အနုဓမ္မကို ကျင့်ကြံ အားထုတ်ကြကုန်သော အကျွန်ုပ်တို့သည်၊ သမ္မတံ၊ အခါကောင်းသင့် မင်္ဂလာဏ်ပွင့်အောင် ဖြည့်ကျင့် ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ပါရမီ သမ္ဘာရ မြတ်ပုည၏ လုံးဝဥဿုံ ခေတ်ကောင်းကြုံ၍ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ အပေါင်းမျ◌ားစွာ နတ်ဒေဝါတို့သည်၊ အနုမောဒန္တု၊ နှစ်သက် ရွှင်ပျ ဝမ်းမြောက်ကြ၍ အနုမောဒနာပြုကြပါစေကုန်သတည်း။ သဗ္ဗသမ္ပတ္တိသဒ္ဓိယာ၊ လောကီလောကုတ္တရာ ကျိုးနှစ်ဖြာကို လိုရာဆန္ဒ ကြံတိုင်းရ၍ လုံးဝဥဿုံ တိုက်ဆိုင်ကြုံလျက် ပြည့်စုံပြီးစီးခြင်းအကျိုးငှာ။ သဒ္ဓာယ၊ အမြတ်ကို အားကိုး ကံ,ကံ၏အကျိုး၌ အုပ်စိုး၍တည် ပါရမီဟု ယုံကြည်သော သဒ္ဓါတရားဖြင့်။သဒ္ဓါယ၊သဒ္ဓါနှင့်ပညာ ဝိရိယနှင့်သမာဓိ သတိနှင့် ဣန္ဒြေ ငါးထွေကို ခွဲဝေပိုင်းခြား သဒ္ဓါတရားဖြင့်။ ဒါနံ၊

နှစ်ဆယ်သောအစု ဒါနဝတ္ထုတို့ကို။ ဒါနံ၊ ဒါနပါရမီ မင်္ဂလာသုံးပါးကို။ ဒ ဒန္တု၊ နှစ်သက်ရွှင်ပျ ပေးလှူနိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘေးကင်းကွာအောင် အခါခပ်သိမ်း၊ သီလံ၊ အဓိသီလ ပါရမီမင်္ဂလာသုံးပါးကို (ဝါ) သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟု ဆိုအပ်သော အာဒိဗြဟ္မစရိယက အာဇီဝဋ္ဌမက ဂရုဓမ္မသီလတော်မြတ်ကို။ ရက္ခန္တု၊ မကျိုးမပေါက် မကြားမပျောက်ရအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေကုန် သတည်း။ ဘာဝနာ၊ ကာယဂတာဒွတ္တိံသာဟု ကောယန ကမ္မဋ္ဌာန်းကို ရွတ်ပွားစီးဖြန်းခြင်း၌။ အဘိရတာ၊ ပျင်းရိမပေါ် ရွှင်လန်းပျော်၍ မွေ့လျော်နိုင်ကြကုန်သည်။ ဟောန္တု၊ ကုသိုလ်ဖြိုးဝေ မင်္ဂအခြေ၌ ဖြစ်ကြစေကုန်သတည်း။ အာဂတာ၊ ပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက မဟာပတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး ဘုရားကုသိုလ်တော် ပွားတရားတော်မြတ်ကြီးကို နာကြားခြင်းငှာ ရောက်လာကြကုန်သော။ ဒေဝတာ၊ ထင်ရှားသော နတ်ဗြဟ္မာ ပရိသတ်အပေါင်းသူတော်ကောင်းတို့သည်။ ဂစ္ဆန္တု၊ သင်တို့နေရာ သင်တို့ပြန်ကြ၍ ကာယာနုပဿနာ မဟာသတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး ကမ္မဋ္ဌာန်းတော်မြတ်ကြီးကို အဖန်ဖန် အထပ်ထပ် မပြတ်ဆင်ခြင်နှလုံးသွင်း အားထုတ်ကြပါကုန်လော့။

## သာသနာ အာသီသဂါထာ

သာသနဿစ လောကဿ၊ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနသဿစ၊ မိုက်မှောင်ခွင်းပျောက် အလင်းရောက်အောင် ထွန်းတောက်လျှံညီး သုံးရပ်သော စတုဘုမ္မိက သာသနာတော် မြတ်ကြီး၏၎င်း၊ လောကဿစ၊ လူအပေါင်းတို့၏၎င်း၊ သဗ္ဗဒါ၊ နေ့ညမပြတ် မလပ်ဗီဇနာ ပြန်ခရာဖြင့် မှန်စွာမတိမ်း အခါခပ်သိမ်း၊ ဝုဍ္ဎိ၊ တနေ့တမျိုး ကြက်သရေတက်နေတိုးသလို ပြည့်ဖြိုး ထင်လင်း ကြီးပွားခြင်းသည်၊ ဘဝတု၊ အရောင်မမှိန် ရောင်ရှိန် ထွန်းသစ် အမှန်ပင် ဖြစ်ပါစေသတည်း။ သာသနံပိစ၊ အလင်း ရောင်ရှိန် တထိန်ထိန်နှင့် သာဂိန်ဥက္ကဋ္ဌ စောနေနတ်၏ သုံးရပ် ထင်ပေါ် စတုဘုမ္မိက သာသနာတော်မြတ်ကြီး၏၎င်း၊ လောကဉ္စ လူအပေါင်းတို့၏၎င်း၊ လောကဉ္စ၊ သာသနာအတွက် ကိုယ့် အသက်ကို တက်မြက်စေတနာ သဒ္ဓါရင့်ညောင်း လူအပေါင်း တို့၏၎င်း (ဝါ) သာသနာ အလင်းရောင်မှာ ဝင်းပြောင်ကာ အရှိန်တိုးစေဘို့ အမျိုးမျိုး ဆောင်ရွက် စောင့်ရှောက်ကြကုန် သော လူအပေါင်းတို့၏၎င်း၊ ဒေဝါ၊ သာသနာစောင့် ကမ္ဘာ စောင့်နှင့် မြို့စောင့်ပြည်ရွာ အာသာသဋ္ဌ ဘုမ္မရုက္ခာ အစဖြာ၍ သမ္မာဒေဝ မည်နာမဖြင့် ခေါ်ကြထင်ရှား နတ်အများတို့သည်၊ သဗ္ဗဒါ၊ ပါဒ်ဗီဇနာ ပြန်ခရာဖြင့် မြန်စွာမတိမ်း အခါခပ်သိမ်း၊ ရက္ခန္တု၊ မိစ္ဆာမှောင်ပယ်ချိုး ဒို့သာသနာအရောင်တိုးစေဘို့အမျိုး မျိုးဆောင်ရွက် စောင့်ရှောက်ကြကုန်လော၊ ရက္ခန္တု သာသနံ့ အလင်းရောင်မှ ဝင်းပြောင်ကာ အမှောင်မကပ်ရအောင် သမ္မာ ခေါ်အပ် အရှင်နတ်အပေါင်းတို့က လောကီ လောကုတ္တရာ ခရီးရောက်အောင် ကောင်းကောင်းကြီးသာ စောင့်ရှောက်ကြ ပါကုန်လော့။

**အမှာစကားရပ်။** ယခု ဖော်ပြ ထားရှိသော မေတ္တာပို့များ ဆုတောင်း စကားများသည် ဗုဒ္ဓ၏ အလို တော်ကျများ ဖြစ်သည့်အတွက် သဒ္ဓါတရား ရှိသူများ အရကျက်၍ ရွတ်ပွားကြရန်ဖြစ် ပေသည်။

## အဝိဇ္ဇာ ဝိပဿနာ ရှင်းတမ်း

မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ်ရလို ရောက်လို၍ ကောင်းမြတ်သောတရားတို့ကို အားထုတ်လိုသော ပုဂ္ဂိုလ်သူတော်ကောင်းတို့သည် အကြောင်းဖြစ်သော ပဋိပတ် ကျင့်စဉ်တရားများကို ရှေးဦးစွာ အားထုတ်ရာ၏၊ အဘယ်သို့ အားထုတ်ရာသနည်း ဟူမူကား....

မဂ်လေးပါးတို့၏ အခြေကား. ဝိပဿနာ ဉာဏ်ဆယ်ပါး တည်း၊ ဝိပဿနာဉာဏ်ဆယ်ပါး၏ အခြေကား သမာဓိနှစ်ပါး တည်း။ သမာဓိနှစ်ပါးတို့၏ အခြေကား ကာယသုခ စိတ္တသုခ နှစ်ပါးတည်း။ ကာယသုခ စိတ္တသုခနှစ်ပါးတို့၏ အခြေကား သီလနှစ်ပါးတည်း၊ သီလနှစ်ပါးတို့၏အခြေကား ဟိရီဩတ္တပ္ပ တရားနှစ်ပါးတည်း၊ ထိုပဋိပတ်ကျင့်စဉ် တရားအပေါင်းတို့ထွင် မကောင်းမှုကိုရှက်တတ်သော ဟိရိတရား မကောင်းမှုကို လန့် တတ်သော ဩတ္တပ္ပတရား ဤနှစ်ပါးပြည့်စုံသော ပုဂ္ဂိုလ်သည် သာလျှင် စင်ကြယ်စွာသော သီလနှစ်ပါးကို စောင့်ရှောက်နိုင် ကုန်ရာသည်။ စင်ကြယ်စွာသော သီလနှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သာလျှင် ကာယသုခ စိတ္တသုခနှစ်ပါးကို ရနိုင်ကုန်ရာ

သည်။ ကာယသုခ စိတ္တသုခနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သာလျှင် လောကုတ္တရာ ကမ္မဋ္ဌာန်း ၄၀တို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကို အာရုံပြုသည်၏ အစွမ်းအားဖြင့် သမာဓိတရားနှစ်ပါးကို ရနိုင်ရာသည်။ သမာဓိတရားနှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သာလျှင် 'ဝိပဿနာဉာဏ်ဆယ်ပါး' ကို ရနိုင်ကုန်ရာသည်။ဝိပဿနာ ဉာဏ်ဆယ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်သာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ နိဗ္ဗာန်ကိုရောက်နိုင်ရာကုန်သည်။

**မှတ်ချက်။** ။ဉာဏ်စဉ်များကို ဆက်လက်၍ မပြမီ တရားအားထုတ်ခြင်းတရားအားထုတ်သည်တရားအားထုတ်မှု စသည်ဖြင့် ဆိုရိုးစကား ရှိပေသည်။ တရားအားထုတ်သည်ဟုဆိုရာ၌ မတရားသော ကာယကံ ဝစီကံ မနောကံတို့ကို ပယ်စွန့်၍ တရားသော ကာယကံ ဝစီကံ မနောကံတို့ကို ဗုဒ္ဓအလိုတော်ကျ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟု စောင့်ရှောက်စောင့်ဆည်းခြင်းကိုသာလျှင် တရားအားထုတ်သည်ဟု ခေါ်ဆိုရာ၏။ ထို့ကြောင့်-

တရားကျင့်စဉ်မှာ-ကာယကံ, ဝစီကံ, မနောကံ, ကံသုံးပါး ဒုစရိုက်ဆယ်ပါး (၁၀) တဆယ့်နှစ်ပါးတို့ကို ပယ်စွန့် ဆောက်တည် ရှောင်ကြဉ်ခြင်း ဟူသော ပါတိမောက္ခသံဝရ သီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသံနိဿိတ သီလအားဖြင့် သီလကြီးလေးပါး။

၁။ ကံသုံးပါး အထူးစင်ကြယ်ခြင်း ပါတိမောက္ခသံဝရ သီလ၊

၂။ ဣန္ဒြေငါးပါး ခြောက်ပါးကို လုံခြုံအောင်စောင့်ထိန်းမှု ဣန္ဒြိယသံဝရသီလ၊

၃။ အသက်မွေး စင်ကြယ်မှု အာဇီဝပါရိ သုဒ္ဓိသီလ၊

၄။ ပစ္စည်းလေးပါးကိုပစ္စဝေက္ခဏာဆင်ခြင်ကာသုံးဆောင်မှု ပစ္စယသံ နိဿိတသီလ၊

၎င်းသီလလေးပါးနှင့်ပြည့်စုံလျှင် သီလဝိသုဒ္ဓိ ခေါ်ဆိုရပါသည်။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ အစ၏ကောင်းခြင်းဖြစ်သော သီလက္ခန္ဓဖြစ်၍ ၎င်းအကျင့်တရားနှင့်ပြည့်စုံလျှင် အနုပုဗ္ဗဇဉ်အနွယ်ပြတ်၍ ကလျာဏသေက္ခအရိယာ အဖြစ်သို့ရောက်ကြောင်း ပုဂ္ဂလပညတ်ပါဠိတော်၌ ဟောတော်မူသည်။

ကတမော စ ပုဂ္ဂလော ကလျာဏော ကလျာဏတရော ဣဓေကစ္စော ပုဂ္ဂလော အတ္တနာစ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ ပရဉ္စ ပါဏာတိပါတာ ဝေရမဏီ သမာဒပေတိ၊ အတ္တနာစ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ ပရဉ္စ အဒိန္နာဒါနာ ဝေရမဏိယာ သမာဒပေတိ၊ အတ္တနာစ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ ကာမေသုမိစ္ဆာစာရာ ဝေရမဏိယာ သမာဒပေတိ၊ အတ္တနာစ မုသာဝါဒါ ပဋိဝိရတော ဟောတိ ပရဉ္စမုသာဝါဒါ ဝေရမဏိယာ သမာဒပေတိ၊ အတ္တနာစ ပိသုဏာဝါစာယ ပဋိဝိရတော ဟောတိ ပရဉ္စ ပိသုဏာဝါစာဝေ

ရမဏီယာ သမာဒပေတိ၊ အတ္တနာစ ဖရုသာယ ဝါစာယ ပဋိဝိရတော ဟောတိ ပရဉ္စ ဖရုသာဝါစာ ဝေရမဏီယာ သမာဒပေတိ၊အတ္တနာစ သမ္ဖပ္ပလာပါ ပဋိဝိရတော ဟောတိ ပရဉ္စ သမ္ဖပ္ပလာပါ ဝေရမဏီယာ သမာဒပေတိ၊ အတ္တနာစ အနဘိဇ္ဈာလု ဟောတိ ပရဉ္စအနဘိဇ္ဈာ သမာဒပေတိ၊ အတ္တနာစ အဗျာပန္နစိတ္တော ဟောတိ ပရဉ္စ အဗျာပါဒေ သမာဒပေတိ၊ အတ္တနာစ သမ္မာဒိဋ္ဌိ ပရဉ္စ သမ္မာဒိဋ္ဌိယာ သမာဒပေတိ၊အယံ ဝုစ္စတိ ပုဂ္ဂလော ကလျာဏေန ကလျာဏတရော။

(ပုဂ္ဂလပညတ် ပါဠိတော်)

ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
တံ ဝေ ကလျာဏ သီလောတိ၊ အာဟု ဘိက္ခုံ ဟိရိမနံ။

(ဣတိဝုတ်ပါဠိတော်)

ကိုယ်ဖြင့် မကောင်းမှု၊ နှုတ်ဖြင့် မကောင်းမှု၊ စိတ်ဖြင့် မကောင်းမှု၊ မကောင်းသဖြင့် ပြစ်မှား လွန်ကျူးခြင်းမရှိ၊ မကောင်းမှု ဒုစရိုက် အဖြာဖြာတို့ကို ရှက်ကြောက်တတ်သော စိတ်နှလုံးရှိသောသူအား အကျင့်သီလနှင့် ပြည့်စုံသော သူဟူ၍ ပညာရှိတို့ မိန့်ဆိုကုန်၏။

ကာယေန သံဝရော သာဓု၊
သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊
သာဓု သဗ္ဗတ္ထ သံဝရော။

(ဓမ္မပဒ ပါဠိတော်)

ကိုယ်ဖြင့် ဒုစရိုက်မကောင်းမှု(၀ါ)သတ်မှု၊ ခိုးမှု၊ လွန်ကျူးမှု၊ သောက်စားမှုတို့ကို စောင့်ရှောက် စောင့်ထိန်းဆောက်တည်နိုင်ခြင်းသည် သာဓု ကောင်းမြတ်လှပေ၏ဟု သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု ဘုရားရှင်ကြီး သာဓုခေါ်တော်မူ၏။

နှုတ်ဖြင့် (၀ါ) ပါးစပ်ဖြင့် ဒုစရိုက်တရား မဖြစ်ပွားရအောင် (၀ါ) လိမ်မှု၊ ဂုံးတိုက်မှု၊ ဆဲဆိုမှု၊ ပိန်ဖျင်းပြောမှုတို့ကို စောင့်ထိန်း စောင့်စည်းနိုင်ခြင်းသည် သာဓုကောင်းမြတ်လှပေ၏ဟု သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားရှင်ကြီး သာဓုခေါ်တော်မူ၏။

စိတ်ဖြင့် ဒုစရိုက်တရား မဖြစ်ပွားရအောင် (၀ါ) သူ့စည်းစိမ် မတရားကြံမှု၊ ရန်ညှိုးထားမှု၊ အယူမှားမှု၊ အသက်မွေးမှားမှုတို့ကို စောင့်ရှောက်စောင့်ထိန်း စောင့်စည်း နိုင်ခြင်းသည် သာဓုကောင်းမြတ်လှပေ၏ဟု သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု ဘုရားရှင်ကြီး သာဓုခေါ်တော်မူ၏။

ကိုယ် နှုတ် နှလုံး သုံးပါးဖြင့် ဒုစရိုက်တရား မဖြစ်ပွားရအောင် စောင့်ရှောက် စောင့်ထိန်း စောင့်စည်း နိုင်ခြင်းသည် သာဓုကောင်းမြတ် လှပေ၏ဟု သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု ဘုရားရှင်ကြီး သာဓုလေးကြိမ် ခေါ်တော်မူ၏။

ကာယဒုစ္စရိတံ ပဟာယ ကာယသုစရိတံ ဘာဝေဝသော၊
ဝစီဒုစ္စရိတံ ပဟာယ ဝစီသုစရိတံ ဘာဝေဝသော၊
မနော ဒုစ္စရိတံ ပဟာယ မနောသုစရိတံ ဘာဝေဝသော၊

တတော တွံ ဘိက္ခု သီလံ နိဿာယ သီလေ ပတိဋ္ဌာယ
စတ္တာရော သတိပဋ္ဌာနေ ဘာဝေဿတိ။
(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်တရားကို။ ပဟာယ၊ ရှောင်ရှား ပယ်ခွာ၍။ ကာယသုစရိတံ၊ ကာယသုစရိုက်တရားကို။ ဘာဝေ- ဿတိ၊ ပွားများလော့ (ဝါ) ပွားများလတ္တံ့။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်တရားကို။ ပဟာယ၊ ရှောင်ရှားပယ်ခွာ၍။ ဝစီသုစရိတံ၊ ဝစီသုစရိုက်ကို။ ဘာဝေဿတိ၊ ပွားများလော့ (ဝါ) ပွား များလတ္တံ့။

မနောဒုစ္စရိတံ၊ မနောဒုစရိုက်တရားကို။ ပဟာယ၊ ရှောင် ရှားပယ်ခွာ၍။ မနောသုစရိတံ၊ မနောသုစရိုက်တရားကို။ ဘာ ဝေဿတိ၊ ပွားများလော့ (ဝါ) ပွားလတ္တံ့။ ဘိက္ခု၊ သံသရာ ဘေးကိုတွေ့၍ ရှုတတ်သော။ တွံ၊ သင်သည်။ သီလံ၊ ကာယ သုစရိုက် ဝစီသုစရိုက် မနောသုစရိုက်နှင့် ပြည့်စုံသောသီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ မလွန်ကြူးသော အားဖြင့် တည်ပြီး၍။ တတော၊ ထိုသုစရိုက်သီလ၌ တည်ပြီး သည်မှ။ ပရံ၊ နောက်၌။ စတ္တာရော၊ လေးပါး ကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရားတို့ကို။ ဘာဝေဿတိ၊ ပွားများ လော့ဟု ဟောတော်မူသည်။

ဤသည်ကား အဓိသီလသိက္ခာ သီလက္ခန္ဓမည်၏။

ဥပစာရသမာဓိ အပ္ပနာသမာဓိ နှစ်ပါးတို့ကို ပြည့်စုံစေ တတ်သော ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ စသော

ကာယဂတာသတိ ကာယာနုပဿနာသတိပဋ္ဌာန် သမ္မပ္ပဓာန် မဂ္ဂသစ္စာ ဘာဝနာပွားများမှု စိတ္တဝိသုဒ္ဓိ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ အလယ်၏ကောင်းခြင်းဖြစ်သော သမာဓိကန္။

ကာယာနုပဿနာ သတိပဋ္ဌာန် တရားနှင့် ရုပ်ကို ရှုဆင်ခြင်ခြင်း၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်တရား စိတ္တာနုပဿနာ သတိပဋ္ဌာန်တရား ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား ၎င်းသတိပဋ္ဌာန်တရားသုံးပါးဖြင့် နာမ်ကို ရှုဆင်ခြင်ခြင်း၊ ဤကဲ့သို့ ရုပ်နာမ်တရားကို ပိုင်းခြား၍ (ဝါ) ရုပ်တရားကို ပိုင်းခြား၍သိသော ရူပပရိစ္ဆေဒ နာမ်တရားကိုပိုင်းခြား၍သိသော နာမပရိစ္ဆေဒ နာမရူပ ပရိစ္ဆေဒ ရုပ်နာမ်နှစ်ပါး ခွဲခြား၍သိသော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်ဆိုသည်။

ငါကိုယ် ငါ့သား ငါလင်ဟု စွဲလမ်း၍ယူသော သက္ကာယဒိဋ္ဌိ ၂၀ ကွာ၍ စင်ကြယ်သည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ခေါ်သည်၊ ရှုဥ္စသောတာပန် အနုဖြစ်၏။

အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ
ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ နတ္ထိ၊
ကေန္တံ နိရယသ္မိံ ယေဝ နိမုဇ္ဇာပေတိ။
(တိကာ အင်္ဂုတ္တိုရ်ပါဠိတော်)

အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဝီသတိဝတ္ထုကံ၊ ၂၀ သော ဝတ္ထုကံသည် (ဝါ) ၂၀ သော သက္ကာယဒိဋ္ဌိသည်။ သက္ကာယဒိဋ္ဌိဖြစ်ကြောင်းကို။ ဥပါဒါယ၊ အစပြု၍။

ဒိဋ္ဌိနာမ၊ ဒိဋ္ဌိမည်၏။ သဂ္ဂံ၊ နတ်ပြည်ကို၊ ဥပနေတုံ၊ ဆောင်ခြင်းငှာ၊ နတ္ထိ၊ မရှိ။ ကေန္တံ၊ စင်စစ်။ နိရယသ္မိံ ယေဝ၊ ငရဲအပါယ်လေးဘုံထဲ၌သာလျှင် (ဝါ) ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံထဲ၌သာလျှင်။ နိမုဇ္ဇာပေတိ၊ နစ်မြုပ်မြောပါစေရာ၏။

ဤဒေသနာတော်အရကား ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူ၍ ခန္ဓာငါးပါး အလိုက်အသိမှား အမြင်မှား အမှတ်မှားမှ လွတ်ကင်းလွတ်မြောက်ရန် (ဝါ) မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော အမျိုးကောင်း သားသမီးတို့သည် ဤသက္ကာယ ဒိဋ္ဌိ (၂၀)မှ လွတ်ကင်းအောင် မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်း (ဝါ) မဟာ သတိပဋ္ဌာန် [illegible]ရှစ်ပါး ကမ္မဋ္ဌာန်း (ဝါ) ကိုယ်ကျိုးစီးပွား အလွန်များသည့် ဒွတ္တိံသကာယဂတာ သတိ ကမ္မဋ္ဌာန်းကို အပျင်းအရိကို ခွာ၍ မမေ့ မလျော့သော လုလ္လ ဝီရိယဖြင့် အနုလောမ ပဋိလောမ ပွားများရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ မဂ်ဖိုလ်လိုလားကြကုန်သော ချစ်သား ချစ်သမီးတို့။ သတ္တိယာ၊ အသွားထက်၍ ချွန်လှစွာသော လှံ ခရင်းခွကြီးဖြင့် ဩမဋ္ဌောဝိယ၊ ရင်လည်တည့်တည့် အသဲနှလုံးခြား၍ စူးစိုက်၍နေသောသူကဲ့သို့။ မတ္ထကေ၊ ဦးခေါင်းထက်၌ ဒယှမာနေ၁၀ မိုးကြိုးလောင်မီး စွဲနေသောသူကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိ ငါ့လင် ငါ့သား ငါ့မယားဟု အထင်အမြင် လွဲ၍(ဝါ) ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျာ်း မိန်းမဟု အယူစွဲနေကြကုန်သော (ဝါ) ဒုစရိုက်ဆယ်ပါး အပြားနှစ်ဆယ်တို့ကို ပြုလုပ်၍ နေကြကုန်သော သက္ကာယဒိဋ္ဌိ အယူမှားကြီးကို၊ ပဟာနာယ၊ ပယ်ရှား စွန့်ပြစ်စေခြင်းငှာ (ဝါ) လွတ်ကင်း လွတ်မြောက်စေခြင်းငှာ။ သတော၊ မဟာသတိပဋ္ဌာန်မဂ္ဂင်ရှစ်ပါး ကာယဂတာသတိကမ္မဋ္ဌာန်းကို မမေ့မလျော့ မပေါ့ဘဲ မြဲသော သတိရှိသည်ဖြစ်၍၊ ဘိက္ခူ၊ သံသရာဘေး လာမည့်ရေးကို တွေး၍ကြောက်တတ်သော ငါ၏ချစ်သားချစ်သမီးတို့သည်။ ပရိဗ္ဗဇေ၊ ကာယာနုပဿနာ မဟာသတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါးတရား မပြတ်ပွားလျက် ကြိုးစားအားထုတ်၍ နေရာသတည်း။

ပြဆိုခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒဉာဏ်အမြင် သန်ပါက ရုပ်နာမ်ခန္ဓာတရားတို့သည် မည်သူပြုပြင်၍မျှ ဖြစ်ရသည်မဟုတ်၊ မိမိတို့အတိတ်က အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဤအကြောင်း ငါးပါးတို့ ပြုလုပ်ခဲ့၍ ယခုပစ္စုပ္ပန်၌ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဤအကျိုးတရားငါးပါး ပေါ်ပေါက် တည်ရှိရသည့်အတွက် ဇာတိ ဇရာ ဗျာဓိ မရဏ ဤ

ဘေးဆိုးကြီးကို မတွေ့လို မရလို မဖြစ်လိုသော်လည်းဘဲ တွေ့ကြုံကြရလေသည်။ ယခုတဖန် ပစ္စုပ္ပန်၌ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ အကြောင်းတရား ၅ ပါးကို အသစ်တဖန် ပြုလုပ်ပြန်လျှင် နောင်အနာဂတ်၌တဖန် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ စသည်အကျိုးတရား တဖန်ဖြစ်ရဦးမည်ဟု ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးခြင်းရာ ၂၀ သုံးသွယ်သော အစပ် လေးထပ်သောအလွှာ သုံးဖြာသော ဝဋ် နှစ်ပါးသော သံသရာရေသောက်မြစ်တို့ကို ဆင်ခြင်၍သိသော ဉာဏ်ကိုပစ္စယပရိဂ္ဂဟ ဉာဏ်ခေါ်သည်။ (၈)ပါး (၁၆) ပါးသော ယုံမှားခြင်းမှ ကင်း၍ စင်ကြယ်သောကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ စူဠသောတာပန် အရင့်ဖြစ်၏။

ဤဉာဏ်နှစ်ပါးကို ပိုင်ပါမှ ဝိပဿနာဉာဏ် ထင်ရှားဖြစ်ပေါ်နိုင်ခွင့်ရှိပေမည်။ ဝိပဿနာဉာဏ် ထင်ရှားဖြစ်ပေါ်ပါမှ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ကေန်မုချ မျက်မှောက် ပြုနိုင်ပေမည်။

ဝိပဿနာဟု ဆိုရာ၌ ဘာဝနာ၏ အစွမ်းဖြင့် သမထဖြစ်၏။ ဘာဝနာ သမထအစွမ်းဖြင့် ဝိပဿနာဉာဏ်ဖြစ်၏။ ဖြစ်ပေါ်ပုံကား—

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော စသည့် ကာယဂတာ သတိ ဒွတ္တိံသ ကမ္မဋ္ဌာန်းကို ပွားများခြင်းသည် ဘာဝနာမည်၏။

နိဝရဏကိလေသာ ထကြွခြင်းမရှိ ငြိမ်နေခြင်းသည် သမထ မည်၏။

အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေဟု ထင်မြင်ခြင်းသည် ဝိပဿနာမည်၏။

ဘာဝေတီတိ ဘာဝနာ၊ နီဝရဏကိလေသေ သမေတီတိ သမထော၊ အနိစ္စာဒိ တိလက္ခဏော ဝိဝိဓ ကာလေသု သုဒ္ဓေန ပဿတီတိ ဝိပဿနာ၊ အလုပ်တခြား ထင်မှတ်တတ်၏။ သတိ အထူးပြုဘွယ်တည်း။

ဘာဝေတိ၊ ကေသာ လောမာ နခါဒန္တာ တစောဟု အနု လောမ ပဋိလောမ ကေန္တရိက ဒွန္တရိက အင်္ဂသနဝဗ္ဗာသိဝ အဝတ္ထာဟာရသင်္ခလိကဗဒ္ဓ ဈာနာနုလောမ ကသိဏာနုလောမ အနုလောမခန္တိ ဂေါတြဘူတိုင်အောင် ပွားများတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်၊ ဘာဝနာ၊ ဘာဝနာမည်၏။

နီဝရဏကိလေသေ၊ နီဝရဏငါးပါး၊ ခြောက်ပါး၊ ရှစ်ပါး၊ တထောင့်ငါးရာ ကိလေသာတွေကို၊ သမေတိ၊ ထကြွ သောင်း ကျန်း ဘီလူးဖမ်းသကဲ့သို့ ကတန်းကရန်းမရှိ ပိပိပြားပြား ငြိမ် ဝပ်၍ သွားစေတတ်၏။ ဣတိတသ္မာ ထို့ကြောင့်၊ သမထော သမထမည်၏။

မှတ်ချက်။ ။ပွားတုန်းပွားဆဲ၊ ဆင်ခြင်ဆဲ၊ ဤသတိတရား အစဉ် နားဆဲကာလ ကိလေသာ ငြိမ်ဝပ်နေ သည်၊ သမထအတွက် အလုပ်တမျိုး မရရှာ။

အနိစ္စာဒီ တိလက္ခဏော၊ အနိစ္စ အစရှိသော လက္ခဏာရေး သုံးပါးတို့ကို၊ ဝိဝိဓကာလေသု၊ အထူးထူးသော ကာလတို့၌၊ သုဒ္ဓေနှ၊ နီဝရဏငါးပါး၊ ခြောက်ပါး၊ ရှစ်ပါး၊ တထောင့်ငါးရာ ကိလေသာမဝင် ချေးညှော်ကတ္တစင်၍နေသော သမထကြောင့် ပဿတိ၊ ထင်ထင်ရှားရှား များများကြီး တွေ့မြင်ရ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်၊ ဝိပဿနာ၊ ဝိပဿနာ မည်၏။

(သတိ) ဘာဝနာ သမထရှိမှ ဝိပဿနာ ဖြစ်နိုင်သည်၊ ဝိပဿနာကမ္မဋ္ဌာန်း အလုပ်တမျိုးမရှာရ။

ဤကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် အခြေခံဉာဏ်နှစ်ပါး ထင်ရှားစွာ ပေါ်ပေါက်ပြီး အမြင်သန် ပါက-

ဝိပဿနာဉာဏ် ဆယ်ပါးဟူသော်ကား-

(၁) သမ္မသနဉာဏ်၊ (၂) ဥဒယဗ္ဗယဉာဏ်၊ (၃) ဘင်္ဂဉာဏ်၊ (၄) ဘယဉာဏ်၊ (၅) အာဒီနဝဉာဏ်၊ (၆) နိဗ္ဗိန္ဒဉာဏ်၊ (၇) မုဉ္စိတုကမျတာ ဉာဏ်၊(၈) ပဋိသင်္ခါဉာဏ်၊ (၉) သင်္ခါရုပေက္ခာဉာဏ်၊ (၁၀) အနုလောမဉာဏ်အားဖြင့် ဆယ်ပါး အပြားရှိ၏။

ထိုဆယ်ပါးတို့တွင် သမ္မသနဉာဏ်ဟူသည်ကား ကာမဂုဏ် ငါးပါး၊ အာရုံခြောက်ပါး၊ ဒွာရခြောက်ပါးတို့၏ အစွမ်းအားဖြင့် ပြုပြင်၍ဖြစ်သော တေဘုမ္မိက သင်္ခါရတရားတို့သည် အဖန် တလဲလဲ မငြိမ်းချုပ် တိမ်းယိမ်းခြင်းမရှိဘဲ ဇာတိပင်္ကိသန္တေနေခြင်း

မစဲ၊ ဇရာ အိုခြင်းမစဲ၊ ဗျာဓိ နာခြင်းမစဲ၊ မရဏ သေခြင်းမစဲ၊ သောက စိုးရိမ်ခြင်းမစဲ၊ ပရိဒေဝ ငိုကြွေးခြင်းမစဲ၊ ဒုက္ခ ကိုယ်၏ ဆင်းရဲခြင်းမစဲ၊ ဒေါမနဿ စိတ်နှလုံးမသာယာခြင်းမစဲ၊ ဥပါယာသ သက်ကြီးရှိုက်ငင် ပင်ပန်းခြင်းမစဲ၊ အမြဲအနိစ္စ သခ်ိတသဘော အာသဝေါ ရေအယာဉ်သည် အစဉ်မပြတ် ဆက်ခါ ဆက်ခါသံသရာဝယ် မခြားမလပ်ဖြစ်တတ်သည်၏ သတ္တိကြောင်း ပြင်းစွာကပ်၍ နှိပ်စက်ခြင်း ဆင်းရဲကြီးစွာ ဝေဒနာဟု ဆိုအပ် သော ဒေါမနဿစိတ်နှင့်တကွကပ်၍ဖြစ်ခြင်း၏ အကြောင်းသည် ဒုက္ခမည်၏။

၁။ ရုပ်နာမ် ခန္ဓာ ၃၂-ပါး ၄၂-ပါးတို့ကို (ဝါ) ကေသာ လောမာ နခါ ဒန္တာ တစော အစရှိသော ကမ္မကရဏ ဒွတ္တိံသတို့၏ အရေအတွက် အစုတို့ကြောင့် ကိုယ်ဟု မှတ်တင် ခြင်း၊ ရုပ်ဇီဝိတ နာမ်ဇီဝိတ နှစ်ပါးတို့ကို ထင်ရှားစွာ ကိုယ် ဟူ၍ မှတ်ဆင်ပါမူကား သက္ကာယဒိဋ္ဌိမည်၏။ ထို့ကြောင့် အတ္တ ဘောမေမရဏာ အနိစ္စ အမြဲမရှိရာ ဒုက္ခဆင်းရဲကြီးစွာ အနတ္တ ကိုယ်မဟုတ်ခြေတကားဟု လက္ခဏာရေးသုံးပါးတင်၍ ရှုဆင် ခြင်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။

၂။ အဝိဇ္ဇာတဏှာ ကမ္မ အာဟာရတို့ကြောင့် ဖြစ်ပေါ် လာသော ရုပ်နာမ်ခန္ဓာတရားတို့သည် မမြဲခြင်းသဘော ဖောက် ပြန်ပျက်စီး ရွေ့လျောရသည်ဟု ဆင်ခြင်ခြင်း (ဝါ) ဝိညာဉ် ခြောက်ပါး သတ္တိ၏ စွမ်းအားဖြင့် ပိုပြင်၍ ဖြစ်သော ကာ မာဝစရ ကုသိုလ်စိတ် ရှစ်ခု၊ ရူပါဝစရ ကုသိုလ်စိတ် ငါးခု

ပေါင်းသော် တဆယ့်သုံးခုရ၏။ ထိုတဆယ့်သုံးခု၌ ရှိသော စေတနာ တဆယ့်သုံးခုသည် ပုညာဘိသင်္ခါရမည်၏။ လောဘမူစိတ် ရှစ်ခု၊ ဒေါသမူစိတ် နှစ်ခု၊ မောဟမူစိတ် နှစ်ခုအားဖြင့် ပေါင်းတဆယ့်နှစ်ပါး၌ရှိသော စေတနာ တဆယ့် နှစ်ပါးသည် အပုညာဘိ သင်္ခါရမည်၏။ အရူပကုသိုလ် လေးခု၌ရှိသော စေတနာလေးခုသည် အနဥ္ဇာဘိသင်္ခါရမည်၏။ ဤသင်္ခါရ တရားသုံးပါး၊ စေတနာ ၂၉-ပါး တို့သည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကဲ့သို့ အဆက်မပြတ် လည်စေတတ် ဖြစ်စေ တတ်သော တရားသည် ပရိစ္ဆေဒအားဖြင့် ပိုင်းခြား၍ သိတတ်သော ဉာဏသမ္မယုတ်ဇောဟူသော ဉာဏ်လက်နက်ဖြင့် လက္ခဏာသုံးပါးသို့ တင်၍ ရှုဆင်ခြင်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။ ၎င်း ဉာဏ်နှစ်ပါးကိုဆင်ခြင်နေရာ ဩဘာသပီတိပဿဒ္ဓိ အဓိမောက္ခ ပဂ္ဂဟ သုခ ဉာဏ ဥပဋ္ဌာန ဥပေက္ခာ နိကန္တိ မဂ္ဂန္တရာယ်ဆယ်ပါးပေါ်လာ၏။ မဂ်ဟုတ်သည်မဟုတ်သည်ကို သိသောဉာဏ်၏ စင်ကြယ်ခြင်းကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ခေါ်သည်။ တရုဏသောတာပန်အနုဖြစ်၏။

အထက်၌ ပြဆိုခဲ့သော မဂ္ဂန္တရာယ်ဆယ်ပါးကို ဖျက်ဆီးရန် ဝိပဿနာဉာဏ် ကိုးပါး၏ အားပင်ဖြစ်သည်။ ကိုးပါးကား- ၁။ ဥဒယဗ္ဗယဉာဏ်။ ၂။ ဘင်ဉာဏ်။ ၃။ ဘယဉာဏ်။ ၄။ အာဒီနဝဉာဏ်။ ၅။ နိဗ္ဗိန္ဒဉာဏ်။ ၆ မုဉ္စိတုကမျတာဉာဏ်။ ၇။ ပဋိသင်္ခါဉာဏ်။ ၈။ သင်္ခါရုပေက္ခာဉာဏ်။ ၉။ အနုလောမဉာဏ်။ ဤဉာဏ် ကိုးပါး ကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်သည်။ တရုဏသောတာပန်အရင့်ဖြစ်၏။

12

ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဒုက္ခသစ္စာကို ပိုင်းခြား၍သိ သမုဒယသစ္စာကိုပယ် နိရောဓသစ္စာကိုမျက်မှောက်ပြု မဂ္ဂသစ္စာကိုပွား သစ္စာလေးပါး ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေလျက် မဂ်စိတ်တကြိမ်ကြ၍ ချုပ်လေ၏။ ထိုနောက် ဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်လေ၏။ အရိယာအစစ်ဖြစ်၏ လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိခေါ်သည်။

ပရိကံဆိုသည်ကား မဂ်ကိုပြုပြင်ပေးတတ်ခြင်း ဥပစာကား မဂ်၏အနီး၌ဖြစ်ခြင်း အနုလုံကား မဂ်အားလျော်ခြင်း ဂေါတြဘူကား ပုထုဇန်အနွယ်ကို နှိပ်စက်လျက် အရိယာအနွယ်ကို ပွားစေတတ်ခြင်း။

၃။ ဘင်္ဂဉာဏ်ဆိုသည်ကား ကောင်းကင်က လျှပ်စစ်ကို မျှော်၍ကြည့်လိုက်သောအခါ လျှပ်စစ်၏အဖြစ်ကို ကောင်းစွာမမြင် အပျက်ကိုသာ မြင်သကဲ့သို့ ဒွတ္တိံသ အသုဘယောင်သင်္ခါရတုံးကြီး၏ အသုံးမကျ နိစ္စမဘက် တပျက်ထဲ ပျက်၍နေသည်ကို ရှုမြင်ခြင်းသည် ဘင်္ဂဉာဏ်မည်၏။

၄။ ဘယဉာဏ်ကား လွန်လေသမျှ ရှေးရှေး ဘဝက ဒွတ္တိံသ အသုဘကောင်ကြီး၏ အနည်းနည်း ပျက်စီးခဲ့ရသည်ကိုငင်း ယခုဘဝရရှိသော အသုဘကောင်ကြီး၏ ပဌမ အရွယ်ထက် ဒုတိယအရွယ် ဒုတိယအရွယ်ထက် တတိယအရွယ် ၁၀နှစ်ထက် ၂၀ ရွယ် ၂၀-ထက် ၃၀ ရွယ် ၃၀-ထက် ၄၀ ရွယ် ၄၀-ထက် ၅၀ ရွယ်စသည်ဖြင့် ပျက်ဆဲပျက်ပျက် နေသည်ကို ငင်း နောင်ရလတ္တံ့သော ဆိုးကောင်း ယုတ်မြတ် အရပ်ရပ်ဘဝ

တို့၌ ကေန်မုချ ဒုတ္တိံသ အသုဘ ကောင်ကြီး၏ ပျက်စီးလတ္တံ့သည်ကိုရင်း အဖန်ဖန် အထပ်ထပ် ဆုံးဖြတ်ထင်ထင် ဟုတ်တိုင်းမြင်၍ မရှင်စိတ်နေဘက် ဘုံသုံးပါးတို့၌ ဖြစ်ကြရသော သတ္တဝါတို့၏ ခဏခဏ ပျက်၍ပျက်၍ အချက်ချက်သော ဘေးဘယာတို့ကို အဝေးမှ မြင်သကဲ့သို့ တမြင်ထဲမြင်နေခြင်းသည် ဘယဉာဏ်မည်၏။

၅။ အာဒီနဝဉာဏ်ကား ဘုံသုံးပါးတို့၌ သတ္တဝါသခ်ါရတို့၏ ပျက်စီးခြင်းမှ ထုတ်ဆောင် ကယ်တင်နိုင်သော အဖြစ်ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာကိုမမြင် ထိတ်လန့်ကြောက်ရွံ့လျက် သားစားကြူးသော ဘီလူးတွေဝိုင်းနေသည်ကို မြင်သကဲ့သို့ရင်း၊ ခိုးကားခေးပြရှိသော ခရီး သားရဲပြိတ္တာရှိသော သင်းချိုင်း အဆိပ်ထည့်ထားသော ထမင်းဟင်းလျာတို့ ကဲ့သို့ အချင်းခပ်သိမ်း မတိမ်းရှောင်သာ သံသရာဘုံ ဘဝ၌ အပြစ်တွေကိုသာ တမြင်ထဲမြင်နေသည်ကိုပင် အာဒီနဝဉာဏ်မည်၏။

၆။ နိဗ္ဗိဒါနုဉာဏ်ကား ဒုတ္တိံသကာယ၏ အပြစ်ဇာတ ဘေးဘယကို အထပ်ထပ်အခါခါ ဘာဝနာ သုံးသပ်ဆင်ခြင်ပြန်သဖြင့် အောက်မေ့တိုင်း ငြီးငွေ့ မမွေ့လျော် မပျော်ပါးနိုင် တမှိုင်မှိုင်နေ၍ ဟိမဝန္တာတောတွင် မွေ့လျော်ပျော်ပါးကာ နေရသော ကေသရာဇာ ခြင်္သေ့မင်းသည် ရွှေနန်းတော်ဥယျာဉ်တွင်း၌ ဆန်းကျယ်လှပသော ရွှေကွန်ရက် ရွှေချိုင့် အတွင်းသို့ သွင်းထားပါသော်လည်း ရန်သူဘေးသဘွယ် လူသူတို့နှင့် နီး၍ အလွန်ကြောက်ရွံ့ ငြီးငွေ့သကဲ့သို့ ထို့အတူ အလွန်ပင်ဆန်ပြား

တင့်တယ်သော လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ သံသရာဘုံ အရှုပ်၌ မမွေ့မလျော် မပျော်မွေ့ မပျော်ပါး နိုင်တော့ဘဲ ဘေးမျိုး စုံလှသော သံသရာမှာ(ဝါ) အိုဘေးနာဘေး သေဘေးတို့သာ အတိပြီး၍ နှစ်မြို့ခြင်းမရှိ ဖြစ်သမျှပျက်ရဦးမည်ဟု လက္ခဏာ ရေး သုံးပါးသို့ တင်ခါ ငြီးငြီးငွေ့ငွေ့ တမြေ့မြေ့ နေခြင်း သည်ပင် နိဗ္ဗိန္ဒဉာဏ်မည်၏။

၇။ မုဉ္စိတုကမျတာ ဉာဏ်ကား ဒွတ္တိံသကာယ အသုဘ ကောင်ကြီးကို အပြီးတိုင်စွန့်လွှတ်လျက် ဘေးပေါင်း ငြိမ်းရာ (ဝါ)မအိုရာ မနာရာ မသေရာ အသင်္ခါတဓာတ် မြတ်နိဗ္ဗာန်သို့ လျှင်မြန်ခဏ မျက်မှောက် ပြုရစေကြောင်းကို သံသရာဝဋ်မှ ဘယ်သို့ လွတ်မြောက် နိုင်ပါမည်နည်းဟု(ဝါ) လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ သံသရာမှ ဒွတ္တိံသ အသုဘခန္ဓာဝဋ်မှ အဘယ်ကဲ့သို့ ပြုလုပ်အားထုတ်မှ လွတ်မြောက်ချမ်းသာပါမည်နည်းဟု ထွက် ရမည့်လမ်းကို ရည်မှန်းလျက် မဟာသတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး ဒွတ္တိံသ ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုသာ အားကိုးလျက် အားတိုက် ကြံစည်ဆင်ခြင်ပွားများ အားထုတ်၍ လက္ခဏာရေး ဖြင့်သုံးသပ်ခါ နေခြင်းသည် မုဉ္စိတုကမျတာဉာဏ်မည်၏။

၈။ ပဋိသင်္ခါဉာဏ် ဟူသည်ကား နှောင်အိမ်နှင့် တူသော လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ တို့ကို မီးပုံကြီးကဲ့သို့ ထင်မှတ်၍ ပင် လယ်ရေကြော၌ လင်းယဉ်တိုင် ထွင်မှ လွတ်၍ ပြန်လိုသော သမုဒ္ဒရာဇင်ယော်ငှက်သည် ကမ်းကို မမြင်သေး၍ ကြာနေရသ ကဲ့သို့ ကာယဝိဝေက သား မယား ကျေး ကျွန် တို့နှင့် ကြင်

လည်း၍ရှင်း ဥပသိကဝိဝေက သင်္ခါရတရားတို့၌သာ ဆျင်လည်း၍ရှင်း နေရသည်သာဟု ထပ်ခါထပ်ခါ ဝိပဿနာဘာဝနာဖြင့် (ဝါ) အသုဘသညာ ဘာဝနာဖြင့် ခန္ဓာငါးပါးတို့ကို လက္ခဏာရေးသုံးပါးတင်ခါ ရှုဆင်ခြင်သော ဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

၉။ သင်္ခါရုပေက္ခာဉာဏ်ဟူသည်ကား တပ်ခြင်းကင်းသော ဝတ္ထုကို မလိုချင် မနှစ်သက်. မစုံမက်မှု၍ လျစ်လျူရှုသကဲ့သို့ ထို့အတူ တောဘုမ္မိက သင်္ခါရတရားတို့ကို လုဇ္ဇတိ ပဇ္ဇလုတီတိ လောကော ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်ခြင်း ပျက်ခြင်း မကင်းသော သဘောပါတကားဟု (ဝါ) သားမယား ကျေးကျွန်နှင့်တကွ မိမိကိုယ်ကိုပင် မစင်ထည့်သောဂူကဲ့သို့ ထင်မှတ်၍ တပ်ချင်ဘွယ်မရှိတကားဟု လက္ခဏာရေးသုံးပါးတင်၍ ရှုဆင်ခြင်သောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

၁၀။ အနုလောမဉာဏ် ဟူသည်ကား ဖော်ပြပြီးခဲ့သော ဝိပဿနာဉာဏ်ကိုးပါးတို့ကို ဆင်ခြင်ပြီးမှ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးသို့ ရောက်သဖြင့် သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားဝေဖန်၍ စတ္တာနိ သစ္စာနိ အစရှိသော ပါဠိနှင့် အညီ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ တည်းဟူသော ဤသစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား၍ သိပြီးလျှင် အနိစ္စသာ ဒုက္ခသာ အနတ္တသာ တကားဟု လက္ခဏာရေးသုံးပါးတင်၍ ရှုဆင်ခြင်သောဉာဏ်သည် အနုလောမဉာဏ်မည်၏။

ဝိပဿနာဉာဏ်ဆယ်ပါး ဤတွင်ပြီး၏။

ဝိပဿနာရှင်းတမ်း ပြည့်စုံ လုံလောက် ပြီဟု ထင်ပေသည်။ အထူးသဖြင့် အသိဉာဏ် ရင့်လိုပါမူကား ဒွတ္တိံသလောကဒီပနီကျမ်း မဂ္ဂသစ္စာပွားနည်း မဂ်ဖိုလ်ကိစ္စ အမေးအဖြေ ပဋိပတ္တိပကာသနီကျမ်း စသောကျမ်းများတွင် ကြည့်ရှုလေ့လာနိုင်ကြပေသည်။

**မှတ်ချက်။** စတုဘုမ္မိက သာသနာတွင်း ကျမ်းများကို ညွှန်းသည်။

○

သမန္တစက္ခု သဗ္ဗညု ဘုရားရှင်၏ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဒသာသနာ သာသနာတော် သုံးပါး အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါး သာသနာတော်၏ အသုံးအခွစကားတော်သည်ကား' မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတို့ပေတည်း။

၎င်းမဂ္ဂင်ရှစ်ပါး ဘာဝနာပွားရာ၌ တရားအစဉ်ကောက်ယူသော် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊သမ္မာစိတ္တ ကောင်းသော ပါရမီဆယ်ပါး ဤတရားအစု အားလုံးပါဝင်သည်။

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ သဲတ္တေ
စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု စ
အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော။

ယထာနုသိဋ္ဌံ၊ သမန္တစက္ခု သဗ္ဗညု ဘုရားရှင်၏ ဆုံးမသြဝါဒ

ပေးတော်မူတိုင်း ပဋိပတ္တိမာနေ၊ နာယူမှတ်သား လိုက်နာကျင့်ကြံ အားထုတ်ကြကုန်သော၊ သတ္တေသတ္တဝါတို့ကို၊ စတုသုအပါယေ သုစ၊ အပါယ်လေးဘုံတို့၌ရင်း၊ ဝဋ္ဋဒုက္ခေသုစ၊ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟု ဆိုအပ်သော ဝဋ္ဋဆင်းရဲတို့၌ရင်း၊ အပတမာနေ၊မကျမရောက်စေသည်တို့ကို၊ကတ္ထာပြု၍၊ ဓာရေတိ၊ သဘောအတိုင်း ထုတ်ဆောင် ကယ်တင်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ဓမ္မော တရားတော်ပါပေတည်း။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓ၏ အဆုံးအမတရားတော်ကို တိကျ မှန်ကန်စွာ သိမှသာလျှာဖြစ်ကြပေမည်။

ဗုဒ္ဓဘာသာ အလင်းပြစကား (ဝါ) ဗုဒ္ဓဘာသာဟု နုတ်မြွက် အသံထွက်ထားသော်လဲဘဲ သဘောနက် ခက်ခဲလေသည်၊ သတိ ပြုရန် အထူးကား–

သဗ္ဗေ ဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ

သဗ္ဗေ၊ အလုံးစုံကုန်သော၊ ဓမ္မေ၊ တရားအပေါင်းတို့ကို(ဝါ) သင်္ခတ အသင်္ခတ တရားအပေါင်းတို့ကို (ဝါ) ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္ဇာဘိ သင်္ခါရ တေဘူမိကာ သင်္ခါရတရား စတုဘူမိက မဂ္ဂင်ရှစ်ပါး အသင်္ခတ တရားတော်တို့ကို ဗုဇ္ဈတိ၊ သယမ္ဘူဉာဏ် သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍သိ၏၊ ဣတိ၊ ထို့ကြောင့်၊ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်ပါပေ၏။

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။
(ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်)

ဘိက္ခဝေ၊ အဆွေတော် ရဟန်းတို့၊ ပဗ္ဗဇိတေန၊

မုတ်ဆိတ် ဆံ လု၍ ဖန်ဝတ်ဆည်း၍ ကိုယ်တည်း ခပျော်မှု လောကုတ္တရာလမ်း လွန်ကြိုးပမ်းလျက် ရဟန်းပြုသောသူသည် (ဝါ) မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိ၍ လောကုတ္တရာလမ်း လွန်စွာ ကြိုးပမ်းသောသူသည်၊ ဒွေ၊ နှစ်ပါးကုန်သော၊ ဣမေအန္တာ၊ ဤအစွန်းနှစ်ဘက် ထွက်သော အယုတ်တရားနှစ်ပါးတို့ကို (ဝါ) လျော့လျှင် မိစ္ဆာသာ လျှင်ဒိဋ္ဌိ အစွန်းနှစ်ဘက်ငြိသော(သဿတဥစ္ဆေဒ)တရားနှစ်ပါး တို့ကို၊ နသေဝိတဗ္ဗာ၊ ဘယ်သောအခါမျှ မပြုလုပ်အပ်ကုန် မကျင့် အပ်ကြကုန်။

ကျင့်အပ် အားထုတ်သော တရားတော်သည်ကား-

ကတာမာစ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

(ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်)

ဘိက္ခဝေ၊ ခန္ဓာဝန်ဘေး အလွန်လေးသည်ကို မြင်တွေး မျှော်မြင်သော အဆွေသီတင်းသုံးဖော် ရဟန်းမြတ်တို့။ တထာ ဂတေန၊ သမန္တစက္ခု သဗ္ဗညု အနန္တတို့နှင့် မပျက်တူစွာ အသိ ဉာဏ်လာသော သင်တို့ဆရာ ငါဘုရားသည်။ယာ မဇ္ဈိမာ ပဋိပ ဒါ၊ အကြင် ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂ

အစွန်းသမုတ် အကျင့်ယုတ်တရား နှစ်ပါးတို့မှ လွတ်သော အလယ်အလတ် အကျင့်မြတ်ကို။ အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတဉာဏ် အလင်းရောင်ဖြင့် ထွင်းဖေါက်၍ ရှေးဦးစွာ မြင်အပ်ပြီ။ သာမဇ္ဈိမာပဋိပဒါ အစွန်းသမုတ် အကျင့်ယုတ်တရား နှစ်ပါးတို့မှ လွတ်သော အလယ်အလတ် အကျင့်မြတ်တရားသည်။ စက္ခုကရဏီ၊ သစ္စာလေးပါးမြင်မှု ဉာဏ်စက္ခုကိုလည်း ပြုတတ်ပေ၏။ ဉာဏကရဏီ၊ သစ္စာဉာဏ်ပွင့်လင်း၍ သိခြင်းကိုလည်းပြုတတ်ပေ၏။ ဥပသမာယ၊ ပစ္စုပ္ပန်ခန္ဓာ၌ ကိလေသာဟောင်းသစ် မဖြစ်ဘဲ ချုပ်ငြိမ်းသော သဥပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းအကျိုးငှာ။ အဘိညာယ၊ သစ္စာလေးတန် အမြင်မှန်ကို အထူးသဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ကောန်တိတ် ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဇာတ်သိမ်း၍ လက်စသိမ်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်တည်းဟူသော အကျိုးငှာ။ သံဝတ္တတိ၊ သယမ္ဘူဉာဏ်ဖြင့် သံမှိုနှက်သလို မပျက်မစီး အပြီးတိုင် ကောန်အမှန်ဖြစ်၏။

အရိယော၊ ကိလေသာဖြူစင် အရိယာသူတော်စင်တို့၏ အမြဲလက်သုံး ဖြစ်သော။ အဋ္ဌင်္ဂိကော၊ အာဇီဝဋ္ဌမက အဓိသီလ အဘိသမာစာရိက အင်္ဂါ ရှစ်ဌာနဖြင့် ပိုင်းခြား အပ်သော။ အယမေဝမဂ္ဂေါ၊ ဤနိဗ္ဗာန် ရောက်ကြောင်း မဂ်လမ်းခရီး ဟောင်းကြီးသည်။ အတ္ထိ၊ စင်စစ်ကောန် အမှန်ရှိ၏။ ဣဒံမဂ္ဂင်္ဂ၊ ကိလေသာ ဆယ်ပါးကို ပယ်နိုင်ခြင်း အကြောင်း ဖြစ်သော နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တရားသည်။ သေယျထာကတမံ၊ အဘယ်တရားတို့ပါနည်း။

၁။ သမ္မာဒိဋ္ဌိ။ ၂။ သမ္မာသင်္ကပ္ပ။ ၃။ သမ္မာဝါစာ။ ၄။ သမ္မာကမ္မန္တ၊ ၅။ သမ္မာအာဇီဝ။ ၆။ သမ္မာဝါယမ။ ၇။ သမ္မာသတိ။ သမ္မာသမာဓိ ဤရှစ်ပါးပင်တည်း။

ဤကား အစွန်းသမုတ် အယုတ်ခေါ်ဆို အပ်သော ကာမသုခလ္လိက အတ္တကိလမထ၊ မြောမြုတ်၍ သံသရာတခွင့် ကုန်စင်အောင် အကျိုးပေး သန်လှသည့် ပုညကံဟု သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး၏ မဟာကရုဏာတော်ဖြင့် ပွင့်လင်းစွာ ဟောညွှန်ပြသည့်အတိုင်း သိရှိရခြင်း။

ဤကား အစွန်းသမုတ် အယုတ်ခေါ်ဆို အပ်သော ကာမသုခလ္လိက အတ္တကိလမထ မြောမြုတ်သော သခ်ါရတရားတို့မှ လွတ်သော(ဝါ)မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ကေန်ရစေတတ်သော။ (ဝါ) နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော။ (ဝါ) ကိလေသာဆယ်ပါးကို ပယ်နိုင်ခြင်းအကြောင်းဖြစ်သော မဇ္ဈိမပဋိပဒါ ပါရမီ မဂ္ဂင်ကံဟု သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး၏ မဟာကရုဏာတော်ဖြင့် ပွင့်လင်းစွာ ဟောညွှန်ပြသည့်အတိုင်း သိရှိရခြင်း။

ယခုကဲ့သို့ သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး ဟောညွှန်ပြ၍ ဟုတ်တိုင်းမှန်စွာ သေချာဃန အပ်ချမတ်ချ တိတိကျကျ အပါဒါန် သမ္ပဒါန် လောကီလောကုတ္တရာ ပယ်ရမည့်တရား သယ်ရမည့်တရားတို့၏ သဘောသွားကို မိမိကိုယ်တိုင် သဘောပေါက် ဉာဏ်ရောက်၍ သိရှိရသည်အတွက် ယုံကြည်ခြင်း လေးစားခြင်း အားကိုးခြင်း အားထုတ်ခြင်း (ဝါ) ဘုရားရှင်ကြီးသည် ယခု

ကဲ့သို့ သတ္တဝါတွေအား သွားနိုင့်ရန်သူကို အတူအမျှ သနား
တော်မူကာ ဟောကြားတော်မူပါပေသည်ဟု ယုံကြည်သည့်
ဘုရားစကားတော်အတိုင်း လိုက်နာကျင့်ဆောင် ပွားကြမှသာ
လျှင် ဗုဒ္ဓဘာသာစစ် ကေန်ဖြစ်ကြပေမည်။ (ဝ၁) ဗုဒ္ဓ၏ဩဝါဒ
အတိုင်း နားထောင်မှသာလျှင် ဗုဒ္ဓဘာသာစစ်စစ် ကေန်ဖြစ်ကြ
ပေမည်။

## အစွန်းသမုတ် အယုတ်တရား ရှင်းလင်းချက်

အကုသလာဘိသင်္ခါရော ကောအန္ဓော
ကုသလာဘိသင်္ခါရော ကောအန္ဓော
အကုသလာဘိသင်္ခါရေန သံတိဌန္ဓော သံသိဒတိနာမ
ကုသလာဘိသင်္ခါရေန အရူပာန္ဓော နိဝုယှတိနာမ။
(ဩဃတရဏသုတ် သံယုတ်ပါဠိတော်)

အကုသလာဘိ သင်္ခါရော၊ အပုညာဘိ သင်္ခါရ မည်သော
အကုသိုလ်စိတ်စေတနာ (၁၂)ပါး၊ ဒုစရိုက်ကိလေသာ ဆယ်
ပါး၊ အပြား (၂၀) (၃၀)ဟု ဆိုအပ်သော အကုသလာဘိ
သင်္ခါရသည်။ (ဝ၁) ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ
အပြစ်ရှိကုန်သော အပုံကြီးမကောင်းသော အကုသိုလ်တရားစု
သည်။ ကောအန္ဓော၊ တဘက်သို့ အစွန်းသမုတ် အယုတ်တရား
မည်၏။

ကုသလာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ
မည်သော ကာမပုည စိတ်စေတနာ (၈)ပါး ရူပပုည စိတ်စေ

တနာ (၅)ပါး အရူပပုည စိတ်စေတနာ (၄)ပါး ပုည စိတ်စေတနာပေါင်း(၁၇)ပါး၊ ပုညကြိယာ၀တ္ထု ဆယ်ပါး အပြား(၃၀)ဟု ဆိုအပ်သော ကုသလာဘိသင်္ခါရ (ဝါ) ကာမဘုံ ရူပဘုံ အရူပဘုံသို့ရောက်စေတတ်သော သင်္ခါရကုသိုလ်တရားစုသည်၊ ခေကာအဋ္ဌော၊ အဘက်သော အစွန်းသမုတ် အယုတ်တရားမည်၏။

ထို့ကြောင့် "ဒွေ မေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေနနသေဝိတဗ္ဗာ"ဟု ဓမ္မစကြာ ပါဠိတော်၌ ဟောတော်မူပေသည်။

အကုသလကမ္မံ ဘိက္ခဝေ ကရောန္တော
နိရယံ ဥပ္ပါဒေတိ ထပေတိ။

ဘိက္ခဝေ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိ၍ ဝါစာ ပြေပြစ် ကျစ်လစ်လိမ်မာ ပညာမျှော်မြင် ကြည်လင်စေတနာဖြင့် တရားရှာကြကုန်သော ချစ်သား ချစ်သမီးတို့။ အကုသလကမ္မံ အကုသိုလ်ဆယ်တန် ဒုစရိုက် အမိုက်ညစ်ဆိုး အပြစ်မျိုးကို။ ကရောန္တော၊ မိုက်မိုက်မဲမဲ ပြုကျင့်ရဲသော သူတို့သည်။ နိရယံ၊ တကယ်မလွဲ ပါယ်ငရဲသို့။ (ဝါ) ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်အပါယ်လေးဆုံသို့။ဥပ္ပါဒေတိ ထပေတိ ဆွေးရိမသေ့ ဖြစ်ရရောက်ရချေ၏။

ဒသဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော
ယထာဘတံ နိက္ခိတ္တော ဧဝံနိရယေ။
(ဒသအင်္ဂုတ္တရ ပါဠိတော်)

မကောင်းမသင့် ပြုကျင့်မှောက်မှား ဆယ်ပါးသော ဒုစရိုက်

တရားတို့နှင့် (ဝါ) ကာယဒုစရိုက် ဝစီဒုစရိုက် မနော ဒုစရိုက် တို့ဖြင့် ငြိတွယ်ကာ မပယ်နိုင်ဘဲ ကိုယ်တွင်းစွဲခြုံ အမြဲထုံသော သူသည် ချမ်းသာကင်းစဲ ပါယ်ငရဲသို့ ဒုစရိုက်ပါပ ဟူသမျှတို့က မုချကေန် ပြစ်ချလေ၏။

ယခုကဲ့သို့ သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး ဆုံးမဩဝါဒ ပေးတော်မူသည့် အတိုင်း ဤအစွန်း အယုတ်တရား (ဝါ) အပါယ်လေးဘုံ မြုတ်စေတတ်သော တရားသည် လောကီ အပုညာဘိ သင်္ခါရ ပါယ်စွန့်အပ်သော တရားဟု ယုံကြည်လေး စား အားကိုး အားထုတ်ခြင်းသည် ဗုဒ္ဓဘာသာစစ် ကေန်ဖြစ် ကြပေမည်။

ဖော်ပြထောက်ထား ကိုးကားရန် ပါဠိတော် မြောက်မြား စွာ ရှိသော်လည်း လုံလောက်ပြီဟု ထင်မိပေသည်။

အကုသလာဘိ သင်္ခါရော အပုညာဘိ သင်္ခါရ အကုသိုလ် အစွန်း အယုတ်တရား ရှင်းလင်းချက်ပြီး၏။

ကာမာဝစရ ကုသိုလ် ရူပါဝစရကုသိုလ် ပုညာဘိ သင်္ခါရ အရူပါဝစရကုသိုလ် အာနဉ္ဇာဘိသင်္ခါရ အစွန်း အယုတ်တရား သည် သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ရကြောင်းကား-

ကတမေ ဓမ္မာ ပရိယာပန္နာ သာသဝ ၊ ကုသလာ ကုသလာ ဗျာကတာ ဓမ္မာ။

ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ

ရူပက္ခန္ဓော ဝေဒနာ က္ခန္ဓော သညာ က္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော ဣမေ ဓမ္မာ ပရိယာပန္နာ။

(ဓမ္မသင်္ဂဏီ ပါဠိတော်)

ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရ အရူပါဝစရကုသိုလ် အာနေဉ္ဇာဘိသင်္ခါရ အစွန်း အယုတ်တရားသည် အာသဝေါတရားနှင့်တကွ ဖြစ်သောကြောင့် သံသရာဝဋ်ဆင်းရဲမှ မထုတ်ဆောင်တတ်သော တရားသာ မည်ကြောင်းကား-

ကတမေ ဓမ္မာ အနိယျာနိကာ တေ ဓမ္မေ ထပေတွာ
အဝသေသာ ကုသလာ ကုသလာဗျာ ကတာ ဓမ္မာ
ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ အပရိယာပန္နာ
ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော
ဝိညာဏက္ခန္ဓော **သဗ္ဗဉ္စ** ရူပံ အသင်္ခတာ စ ဓာတု
ဣမေဓမ္မာ အနိယျာနိကာ။

(ဓမ္မသင်္ဂဏီ ပါဠိတော်)

ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် **ပု**ညာဘိသင်္ခါရ အရူပါဝစရကုသိုလ် အနေဉ္ဇာဘိသင်္ခါရအစွန်းအယုတ်တရားသည် အာသဝေါတရားနှင့်တကွ ဖြစ်သောကြောင့် မှားသောအားဖြင့် မသုံးသပ်အပ်၊ မပြုကျင့်အပ်၊ အားမထုတ်အပ်သော တရားသာ မည်ကြောင်းကား-

ကတမေ ဓမ္မာ ပရာမ**ဋ္ဌာ** သာသဝါ ကုသလာ ကုသလာ
ဗျာကတာ ဓမ္မာ။
ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ ရူပက္ခန္ဓော
ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာ
ဏက္ခန္ဓော။ ဣမေ ဓမ္မာ ပရာမဋ္ဌာ။

(ဓမ္မသင်္ဂဏီပါဠိတော်)

ကာမရူပ အရူပ ဟုဆိုအပ်သော သင်္ခါရသုံးပါး တေဘူမိက တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ရဟန်း ရှင်လူတို့သည် မြတ်စွာဘုရားရှင်ကြီးအား ကဲ့ရဲ့စွပ်စွဲ ဆဲရေးရာ ရောက်သဖြင့် အပါယ်လေးပါး သံသရာဝဋ်ဆင်းရဲအပေါင်းကို ခံစားရကြောင်းကား–

အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခတိ
အတ္တာနဉ္စ ခဏတိ ဗဟုံစ အပုညံ ပသဝတိ
ဒိဋ္ဌိဗျသနဟေတုဝ သီလဗျသနဟေတု ဝါ
ကာယဿ ဘေဒါ ပရမ္မရဏာ ဥပဂစ္ဆန္တိ။
(အင်္ဂုတ္တိုရ်ပါဠိတော်)

ယခု ဖော်ပြအပ်သော ပါဠိတော်များ၏ အနက်အဓိပ္ပါယ် အကျယ်တို့ကို ပဋိပတ္တိ ပကာသနီ ကျမ်းတွင် ကြည့်ရှု လေ့လာ ပွားများနိုင်ပါသည်။

ဘိက္ခဝေ ပုညာဘိ သင်္ခါရေ အပုညာဘိသင်္ခါရေ
အာနေဉ္စာဘိသင်္ခါရေ။
မတမတာ မာ ရုစိတ္ထ။

ဘိက္ခဝေ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို အမှန် တကယ် အလိုရှိကြကုန်သော ရဟန်းတို့။ (ဝါ) ချစ်သား ချစ်သမီးတို့။ ပုညာဘိသင်္ခါရေ၊ ပုညာဘိသင်္ခါရ တို့ကို၎င်း။ အာနေဉ္စာဘိသင်္ခါရေ၊ အာနေဉ္စာဘိ သင်္ခါရတို့ကို၎င်း။ မတမတာ၊ မကြာမကြာ အို–နာ–သေရေး ဒုက္ခဘေးကို ဖြစ်စေတတ်သော၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္စာဘိသင်္ခါရ တရား

တို့ကို။ တုမ့ေ၊ သင်တို့သည်။ မာရစိတ္တ၊ မနှစ်သက်ကြကုန်လင့် (ဝါ) မပြုလုပ် အားမထုတ်ကြလေကုန်လင့်။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမ ရူပ ဂတိံ ဂတာ။
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။
(ဓမ္မဟာဒယဝိဘင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ (ဝါ) မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော ချစ်သားချစ်သမီးတို့။ ပုညတေဇေန၊ပုညကြိယာ သင်္ခါရကုသိုလ်ဆယ်ပါးအပြားသုံးဆယ် တန်ခိုးသည်။ ဥက္ခိတ္တာ၊ မြှောက်စားအပ်ကုန်သည်ဖြစ်၍။ ကာမ ရူပဂတိံ၊ ကာမသုဂတိ ခုနစ်ဘုံ (သုဒ္ဓါဝါသ ငါးဘုံ ကြဉ်သော)ရူပတဆယ့်တဘုံသို့။ဂတာပိ၊ ပဋ္ဌ ဝေါကာရ ပဋိသန္ဓေ ကေ ဝေါကာရပဋိသန္ဓေ တည်နေတွယ်တာမိကြကုန်သော ပုဂ္ဂိုလ် သတ္တဝါတို့သည်ငင်း။ဘဝဂ္ဂတံ၊ ဘဝဂ်ဟုဆိုအပ်သော အရူပ လေးဘုံသို့၊ သမ္ပတ္တာပိ၊ စတုဝေါကာရ ပဋိသန္ဓေ တည်နေတွယ်တာမိကြသော ပုဂ္ဂိုလ် သတ္တဝါတို့သည် ငင်း။ ပုန၊ တဘန် (ဝါ) မိမိတို့ဖြစ်ရာ ဘုံဘဝမှ ကုသိုလ်အဟုန် အာယု ကပ်ကုန်သောအခါ၌၊ဒုဂ္ဂတိံ၊မကောင်းသူတို့၏ သွားရာအပါယ်လေးဘုံသို့၊ အာဂစ္ဆန္တိ၊ အဝိဇ္ဇာသင်္ခါရ တဏှာဆွဲ၍ရောက်ကြပြန်လေကုန်၏။

တာဝဒီဃာယုကာ သတ္တာ၊ စဝန္တိ အာယုသင်္ခယာ။
နတ္ထိ ကောစိ ဘဝေါ နိစ္စော၊ ဣတိ ဝုတ္တံ မဟေသိနာ။
ဒီဃာယုကာ၊ အသက်တာရှည် တည်နေကြ ကုန် သော။

သတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်။ ယာဝ အကြင်မျှ လောက်၊ တိဋ္ဌန္တိ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်၌ တည်နေကြကုန်၏။ တာဝ ထိုမျှလောက် ဌတွာ တည်နေကြကုန်သော်လည်း အာယုသင်္ခါယာ မိမိတို့ဖြစ်ရာဘုံ အာယုကပ် အသက်ကုန်ခြင်းကြောင့် စဝန္တိ အမြဲမနေ ရွေ့လျော စုတေ သေရလေကုန်၏။ နိစ္စော၊ အမြဲတည်သော ကောစိ တစုံတခုသော ဘဝေါ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ဘဝသည် နတ္ထိ၊ မရှိ။ဣတိ ဤသို့ မဟေသိနာ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးကို ရှာမှီးတော်မူသော မြတ်စွာဘုရားသည်။ ယာသ္မာ၊ အကြင့်ကြောင့် ဝုတ္တံ၊ သတ္တဝါဝေနေ များဗိုလ်ခြေတို့အား လွန်သနားသဖြင့် ထင်ရှားစွာ ဟောတော်မူ၏။

ဆက်လက်၍ ထင်ရှားစွာ အသိဉာဏ်ထူး ပေါ်ပေါက်စေခြင်းငှာ ပြပါဦးအံ့။

နိရယံ ပါပကမ္မန္တာ၊ ပုညကမ္မာ စ သုဂတိံ။
အပရေ စ မဂ္ဂံ ဘာဝိတွာ၊ ပရိနိဗ္ဗန္တိနာသဝါ။

(နေတ္တိ ပါဠိတော်)

ဘိက္ခဝေ၊ မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် လိုလားကြကုန်သော ချစ်သား ချစ်သမီးတို့။ ပါပကမ္မန္တာ၊ မကောင်းသော အကုသလကမ္မပထ ဆယ်ပါး အပြား (၂၀) (၃၀)သော တရားတို့ကို ပြုကျင့်ကြသောသူတို့သည်။ နိရယံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် လေးဘုံသို့ ဘယ်လိုပင်မသွားချင် မရောက်ချင်သော်လည်းဘဲ။

ဂမိဿန္တိ၊ လားရောက်ရကုန်၏။ ပုညကမ္မာစ ကာမ ရူပ အရူပ လောကီခမ္မကုသိုလ် ပြုကျင့်ကြသောသူတို့သည်လည်း သုဂတိံ ကာမကံက ကာမဘုံ ရူပကံက ရူပဘုံ အရူပကံက အရူပဘုံသို့ ဂမိဿန္တိ လားရောက်ရကုန်၏။ အပရေစ လောကီကုသိုလ် အကုသိုလ် သင်္ခါရတရားတို့မှ (၀၁) ပုညာဘိ သင်္ခါရ အပုညာဘိ သင်္ခါရအာနေဉ္ဇာဘိသင်္ခါရတရားတို့မှ တပါးလည်းဖြစ်ကုန်သော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို။ ဘာဝိတွာ၊ ရဟန်းရှင် လူများဗိုလ်လူတို့သည် ကျင့်ကြံကြိုးကုတ်ပွားများ အားထုတ်ကြ ကုန်သည်ဖြစ်၍။ အနာသဝါ၊ ကိလေသာ အာသဝေါတရား ကင်းကြကုန်သည်ဖြစ်၍၊ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန် ပြုကြရကုန်၏။ (၀၁) တထောင့်ငါးရာ ကိလေသာ ချုပ်ငြိမ်းသဖြင့် သံသရာ ဇာတ်သိမ်းကြကုန်၏။

ယခုကဲ့သို့ သမန္တစက္ခုသဗ္ဗညု ဘုရားရှင်ကြီး ဆုံးမဩဝါဒ ပေးသည့်အတိုင်း ဤအစွန်းသမုတ် အယုတ်တရား(၀၁) ကာမ ရူပ အရူပဘုံဘဝသို့ ရောက်စေတတ်သော တရားသည် လောကီ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ပတ်စွန်းအပ်သော တရားဟု ယုံကြည်လေးစားအားကိုး အားကုတ်ခြင်းသည် ဗုဒ္ဓဘာသာစစ် ကောန်ဖြစ်ပေသည်။

ဤမျှနှင့် ပြည့်စုံလုံလောက်ပြီဟု ထင်မိပေသည်။ အကျယ် ကိုကား ပဋ္ဌိပတ္တိ ပကာသနီကျမ်း ဒုတ္တိံသလောက ဒီပနီကျမ်း တို့တွင် ကြည့်ရှုလေ့လာပွားများ နိုင်ကြပါသည်။

ကုသလာဘိ သင်္ခါရော ပုညာဘိသင်္ခါရ အာနဉ္စာဘိ သင်္ခါရ ကုသိုလ် ကောအန္တော တဖက်သောအစွန်း အယုတ်တရား ရှင်းလင်းချက်ပြီး၏။

## အထူးတိုက်တွန်းချက်

ဩဝါဒပါတိမောက်ကထာ ဒေသနာကို သေချာစွာ နှလုံးထား၍ သင်္ခါရတရား ကံ ကတ္တားတို့ကို ဝေးဝေးကြီးအပါဒါန် ပဟာန်ကိစ္စပြုပြီးလျှင် အသင်္ခတ စတုဘုမ္မိက တရားတို့ကို နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်းကို ပြုသော သူမှသာလျှင် ရဟန်းရှင် လူ မည်သူမဆို ဘုရားရှင်ကြီး၏ တပည့်သာဝက အစစ်ကေန်မုချ ဖြစ်ရပေမည်ကား ယုံမှားဘွယ်မရှိပေ။

ထို့ကြောင့်–

သမန္တစက္ခု သဗ္ဗညုဘုရားရှင်ကြီး ဆုံးမ ဟောကြားတော်မူသည်မှာ–

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။
(ဩဝါဒ ပါတိမောက်ကထာ ဒေသနာတော်)

ဘိက္ခဝေ၊ ချမ်းသားချစ်သမီးတို့။ ပါပဿ ဘဝသုံးပါးလုံးပါးလိုက်သလို ရိုက်မိစေတတ်သော၊ သဗ္ဗ အလုံးစုံသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရ ပရမတ္ထ

ကံကတ္တား ၅၀၊ ၆၀ တို့ကို။ အကရဏံ မပြုမလုပ် အားမထုတ်ခြင်းသည်။ သာဓု ကောင်းလှစွာ၏၊ ဧတံ၊ ဤကုသလာ ကုသလံ ဇဟံ တဒင်္ဂပဟာန် အပါဒါန်နှင့် ကုံထုတ်လိုက်ရခြင်းသည် (ဝါ) ပယ်စွန့်လိုက်ရခြင်းသည်၊ ဗုဒ္ဓါနံ၊ ဘုရားအဆူဆူ သယမ္ဘူသဗ္ဗညုတို့၏၊ သာသနံ အာဒိကလျာဏ အစ၏ ကောင်းခြင်းဖြစ်သော ပရိယတ္တိ သာသနာတော်ကြီး ပေတည်း။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ကုသလဿ ပါရမိမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်တော်ပွား တရားတော်အထူးကို၊ ဥပသမ္ပဒါ၊ ပြည့်စုံအောင် ဖြည့်ဆည်းပုံးရခြင်းသည်။ သာဓု၊ ကောင်းလှစွာ၏၊ ဧတံ၊ ဤပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက တရားအထူးကို ငါဘုရားကဲ့သို့ အတုအပကောင်းမွန်စွာ ဆည်းပူးရခြင်းသည်။ဗုဒ္ဓါနံ၊ ဘုရားအဆူဆူ သယမ္ဘူသဗ္ဗညုတို့၏၊ သာသနံ၊ မဇ္ဈေကလျာဏ အလယ်၏ကောင်းခြင်းဖြစ်သော ပဋိပတ္တိ သာသနာတော်ကြီးပေတည်း။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ကို မိမိစိတ်ပုတီးဖြင့် အရိယာ သူတော်ကောင်းတို့ဓလေ့ တရွေ့ရွေ့ တမြေ့မြေ့ ဆုံးမသွန်သင် ကမြစ်ရခြင်းသည်။သာဓု၊ ကောင်းလှစွာ၏။ ဧတံ၊ ဤသို့ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား ကိုယ့်တရားကိုယ်ဆင်ခြင် နှစ်ယောက်မတန် ဒွန်မဆန် ကိုယ့်နိဗ္ဗာန်ကိုယ် ဝင်ရခြင်းသည်။ဗုဒ္ဓါနံ၊ဘုရားအဆူဆူ သယမ္ဘူသဗ္ဗညုတို့၏၊ ပရိယောသာနကလျာဏ်၊ အဆုံးတိုင်ကောင်းခြင်းဖြစ်သော ပဋိဝေဓသာသနာတော်ကြီးပေတည်း။

မဇ္ဈိမပဏ္ဏာသပါဠိ အစွန်းအယုတ်တရားနှစ်ပါးမှ လွတ်သော မဂ္ဂင်တရား ရှင်းလင်းချက်။

၁။ တသ္မာ ဟိ စိရာ နိပကာ၊ နိပုဏာ အတ္တစိန္တကာ။
ဇရာမရဏမောက္ခာယ၊ ဘာဝေန္တိ မဂ္ဂမုတ္တမံ။

၂။ ဘာဝယိတွာ သုစိံ မဂ္ဂံ၊ နိဗ္ဗာနောဂဓဂါမိနံ။
သဗ္ဗာသဝေ ပရိညာယ၊ ပရိနိဗ္ဗန္တိနာသဝါ။

(ဝိဘင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာဟိ တသ္မာဝေ၊ ထိုထိုသို့သော တေဘုမ္မိက ကာမ ရူပ အရူပ သခ်ါရကုသိုလ်အမျိုးမျိုးတို့သည် နိဗ္ဗာန်သို့ မရောက်နိုင်သော အကြောင်းကြောင့် သာ လျှင်။ နိပကာ၊ ရင့်ကျက်သော ပညာရှိကုန်သော။ နိပုဏာ၊ သိမ်မွေ့သော ပညာရှိကုန်သော။ အတ္တစိန္တကာ၊ ကိုယ်ကျိုး ကိုယ်စီးပွား ကိုသာ ကြံစည်လေ့ရှိကြကုန်သော။ ဓီရာ၊ ကြောင်းကျိုးမြော်မြင် ပညာရှင်တို့သည်။ ဇရာ မရဏ မောက္ခာယ၊ အိုနာသေရေး ဒုက္ခဘေးမှ ကင်းဝေးစေခြင်းငှာ ကင်းလွတ်စေခြင်းငှာ။ ဥတ္တမံ၊ မြတ်လှစွာသော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို။ ဘာဝေန္တိ။ ပွားများအားထုတ်ကြကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ နိဗ္ဗာနောဂဓဂါမိနံ၊ နိဗ္ဗာန်သို့ရောက်ခြင်း၏အကြောင်းဖြစ်သော။ သုစိံ၊ သန့်ရှင်းစင်ကြယ် အပြစ်

ကင်းလွှစွာသော။ မဂ္ဂံ၊ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို။ ဘာဝယိတွာ၊ ရဟန်းရှင်လူ များဗိုလ်လူတို့သည် ကျင့်ကြံ ကြိုးကုတ် ပွားများ အားထုတ်ကြကုန်သည် ဖြစ်၍။ သဗ္ဗာသဝေ၊ ခပ်သိမ်းကုန်သော အာသဝေါတရားတို့ကို။ ပရိညာယ၊ ပိုင်းခြား၍ သိကြကုန်သည်ဖြစ်၍။ နာသဝါ၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟု ဆိုအပ်သော အယုတ်တရားတို့သည် မရှိကင်းကွာကြကုန်သည်ဖြစ်၍။ ပရိနိဗ္ဗုန္တိ၊ သံသရာဇာတ်ပွဲမှ ပြတ်စဲ လွတ်ကင်းကြကုန်၏။

သီလံ သမာဓိ ပညာ စ၊ ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတိ။

(ဣတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ယဿ၊ ယောကျ်ား မိန်းမ ရဟန်း ရှင်လူ မည်သူမဆို အကြင်သို့သောသူအား။ သီလဥ္စ၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလက္ခန္ဓသုံးပါး အဓိသီလ သိက္ခာကိုရင်း။သမာဓိစ၊သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ သမာဓိက္ခန္ဓ သုံးပါး အဓိစိတ္တ သိက္ခာကိုရင်း။ ပညာစ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ပညာက္ခန္ဓာ နှစ်ပါး အဓိပညာ သိက္ခာကိုရင်း။ ဧတေ၊ ဤသိက္ခာသုံးထပ် အကျင့်မြတ်တို့ကို။ သုဘာဝိတာ၊ ကောင်းစွာပွားများ အားထုတ်အပ်ကုန်၏။ သော၊ ထိုပွားများ အားထုတ်သော ယောကျ်ား မိန်းမ ရဟန်း ရှင်လူတို့သည်။ မာရဓေယျံ၊ မာရ်မင်း၏နိုင်ငံကို။ အတိက္ကမ္မ၊ လွှတ်မြောက်၍။

အာဒိစ္စော၀၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင်ကင်းစင် တောက်ပ တင့်တယ်လှသော နေမင်းကဲ့သို့။ ဝိရောစတိ၊ ထွန်းလင်းတင့်တယ်ပေ၏။

၁။ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။

၂။ ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉ္ဟိ တုမှေ ပဋိပဇ္ဇထ မာရဿေတံ ပမောဟနံ။

၃။ ဧတဉ္ဟိ တုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လကန္တနံ။

၄။ တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။
(ဓမ္မပဒပါဠိတော်)

မဂ္ဂါနံ၊ မဂ်တို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော မဂ်သည်။ သေဋ္ဌော၊ မြတ်၏။ သစ္စာနံ၊ သစ္စာတို့တွင်။ စတုရော ပဒါ၊ လေးပါးသောပုဒ်ဌရှိသော သစ္စာသည်။ သေဋ္ဌော၊ မြတ်၏။ ဓမ္မာနံ၊ တရားအပေါင်းတို့တွင်၊ ဝိရာဂေါ၊ ရာဂကင်းသော တရား ဖြစ်သော နိဗ္ဗာန်ပရိယတ္တိမေ့ ကိုးပါး ဆယ်ပါးသည်။ သေဋ္ဌော၊ မြတ်၏။ ဒွိပဒါနံ၊ အခြေနှစ်ချောင်းရှိသော သူတို့တွင်။ စက္ခုမာ၊ စက္ခုငါးပါးရှိသော မြတ်စွာဘုရားသည်။ သေဋ္ဌော၊ မြတ်၏။ ဒဿနဿ၊ အယူဝါဒ၏။ ဝိသုဒ္ဓိယာ၊ တထောင့်ငါးရာ ကိလေသာမှ စင်ကြယ်စေခြင်းငှာ။ ဧသေဝ၊

ဤမဂ္ဂင်ရှစ်ပါးသည်သာလျှင်၊ မဂ္ဂေါ၊ နိဗ္ဗာန်သွားရာ ခရီးမည်၏။ အညော၊ မဂ္ဂင်ရှစ်ပါးမှ တပါးသော ခရီးသည်။ နတ္ထိ၊ မရှိချေ။ တေဒ္ဓ တေံဝေ ၊ ဤနိဗ္ဗာန်ကိုမှီး မင်္ဂခရီးကိုသာလျှင်။ တုမှေ၊ သင်အမျိုးကောင်း သမီးသားတစုတို့သည်။ ပဋိပဇ္ဇထ၊ ဖြောင့်ဖြောင့်ကြီး သွားလိုက်ကြပါကုန်လော့။ တေံ၊ ဤမဂ္ဂင်ခရီး စက်ယာဉ်ကြီးသည်။ မာရဿ၊ မာရ်မင်းဘေးမှ။ ပမောဟနံ၊ ဖမ်းမမိနိုင် ငေးမှိုင်မျှော်ကာ တွေဝေရာတည်း။ တုမှေ၊ သင်တို့သည်။ တေံ၊ ဤအရိယာ မဂ်ခရီးထက်သို့။ ပဋိပန္နာ၊ အကျင့်ပြည့်စုံ စီးသွားကုန်သည်ရှိသော်။ ဒုက္ခဿ၊ ဇာတိ ဇရာ ဗျာဓိ မရဏဘေးဒုက္ခ၏။ အန္တံ၊ အဆုံးရောက်သည် ဖြစ်၍။ ကရိဿထ၊ ပြုကျင့်ကြပါကုန်လော့။ သလ္လကန္တနံ၊ ရာဂစူးဝင် ညောင့်တသင်ဟု နုတ်တွင်ပယ်အပ် နိဗ္ဗာန်ရပ်သို့။ အညာယ၊ အနာညာ တည အညတာဝိ အညိန္ဒြေသုံးထွေဉာဏ် ရှိသည်ဖြစ်၍၊ မဂ္ဂေါ၊ အရိယာမြန်း ဤသည့်လမ်းကို၊ ဝေါ၊ သစ် ချစ်သား ချစ်သမီးတို့အား။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ အက္ခာတော၊ ဟောတော်မူအပ်ပြီ။ တုမှေဟိ၊ သင်တို့သည်။ အာတပ္ပံ။ အားသွန်လုံ့လ ဝီရိယကို။ ကိစ္စံ၊ ကိစ္စကုန်အောင် ပြုအပ်၏။ တထာဂတာ၊ ရှေးလာခြင်း ကောင်းတော်မူသော ဂဂ်ါဝါဠု သဲစုအပေါင်း ထောင်သောင်းမက သမ္မာသမ္ဗုဒ္ဓတို့သည်။ အက္ခတာရော၊ သဘောတူမျှ ဟောတော်မူကြကုန်၏။ ပဋိပန္နာ၊ ဟောတော်မူတိုင်း ပဆိုင်းမတွ ကျင့်ကြကုန်သော။ ဈာယိနော၊ သတိပဋ္ဌာန် ပရိကံကို သုံးတန်လက္ခဏာ ဤခန္ဓာတွင် တွယ်တာနေ့ည ဈာန်ကမ္မဋ္ဌာန်း ရှုကြကုန်သောသူတို့သည်။

မာရဗန္ဓနာ၊ မာရ်နတ်ချည်နှောင် ၁၅၀၀ ကိလေသာတည်းဟူသော သံခြေကျဉ်းမှ။ မောက္ခန္တိ၊ အကွင်းကျွတ်၍ အရှင်းလွတ်နိုင်ကြကုန်၏။

ယေ စ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ယေစခေါ၊ အကြင်ပုဂ္ဂိုလ်တို့သည်၊ သမ္မဒက္ခာတေ၊ ကောင်းစွာ ဟောကြားတော်မူအပ်သော၊ဓမ္မေ၊ မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါး အကျင့်မြတ်တရားကို၊ ဓမ္မာနုဝတ္တိနော၊ မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါး အကျင့်မြတ်တရားတော်ကြီးကို တိမ်းမငိုက် အတုလိုက်၍ စိုက်စိုက်လိုက်ခါ ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ တေဇနာ၊ ထိုမဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါးအကျင့်မြတ်တရားကို ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ကြကုန်သော ယောကျ်ား၊ မိန်းမ၊ ရဟန်း၊ ရှင်လူတို့သည်။ သုဒုတ္တရံ၊ အလွန်ကူးမြောက် ကျော်ထွက်နိုင်ခဲလှစွာသော။ မစ္စုဓေယျံ၊ သေမင်းနိုင်ငံ ဘုံသုံးတန်ကို။ တရန္တွာန၊ ကူးသန်းကျော်သွားကြကုန်လျက်၊ ပရံ၊ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့။ ဧဿန္တိ၊ လွယ်ကာထုတ်ချောက် ကူးမြောက်နိုင်ချေ၏။

ယခုကဲ့သို့ သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး ဆုံးမသြဝါဒပေးသည့်အတိုင်း ပယ်စွန့်အပ်သော သင်္ခါရ တရားတို့ကို တကယ်အဟုတ် တိတိကျကျပယ်၍ သယ်ရမည့် အသင်္ခတ တရားတို့ကို

တကယ်အဟုတ် တိတိကျကျ သယ်ရမည်ဟု ယုံကြည် လေးစား အားကိုး အားထုတ်ခြင်းသည် ဗုဒ္ဓဘာသာစစ် ကေန်ဖြစ်ပေမည်။

တင်ပြရန် ဒေသနာ မြောက်မြားစွာရှိသော်လည်း ကျမ်း ကျယ်လွန်းမည်စိုး၍ (၀၁) တရားတော်မှာ အလွန် ကျယ်ဝန်း များပြားလှသဖြင့် ဆုံးနိုင်အံ့မထင် ငါးသိုင်းများတော့ ဟင်းဟုန် မည်ဖြစ်၍ ရပ်လိုက်ရပေသည်။

အသိထူး ဉာဏ်ထူး ရှာမှီးလိုပါမူကား ဒွတ္တိံသလောက ဒီပနီကျမ်း၊ ပဋ္ဌိပတ္တိပကာသနီကျမ်း၊ သြကာသ ဒီပနီကျမ်း စသည်စတုဘုမ္မိက မဟာသတိပဋ္ဌာန် ဆရာတော်ဘုရားကြီးတို့၏ ကျမ်းများတွင် ကြည့်ရှုလေ့လာ ပွားများနိုင်ကြပါပေသည်။

ဤတွင် ဗုဒ္ဓဘာသာ အလင်းပြစကားပြီး၏။

## ဗုဒ္ဓမိန့်မှာ ဆင်ခြင်စရာ

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န ဉာယရေ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဇီဝိတဉ္စ၊အသက်အပိုင်းအခြားကိုရင်း၊ ဗျာဓိစ၊ အနာကိုရင်း၊ ကာလောစ၊ စုတိကျကြွေ သေသော ကာလကိုရင်း၊ ဒေဟနိပေက္ခနံ၊ အသေကောင်၏ ပစ်ချရာ အရပ်ကိုရင်း၊ ဂတိစ၊ သေ၍တဖြစ်လားရာ ဂတိကိုရင်း၊ ဣတိ၊ ဤသို့၊ ပဉ္စ၊ ငါးပါးတို့ကို၊ အနိမိတ္တာ၊ ပိုင်းခြား၍ မမှတ်နိုင်အပ်သော၊ ဧတေဓမ္မာ၊ ထိုတရား အဋိုက်အတန့်တို့ကို၊ ဇီဝလောကသ္မိံ၊ အသက်ရှင်သော ကာလ၌၊ န ဉာယရေ န ဉာယန္တိ၊ အတပ်ကေန် မသိနိုင်ကြကုန်။

အစိရံ ဝတာယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဘိက္ခဝေ၊ ရဟန်းတို့၊ အယံကာယော၊ ဒွတ္တိံသ ကမ္မကရဏာ အသုစိဇေကုဋ္ဌာသဖြစ်သော ဤကိုယ်ကောင်းကြီးသည်၊ ဝတ၊ စင်စစ်၊ အစိရံ၊ အပုံကြီးမကြာခင်ပင်၊ အပေတဝိညာဏော၊ ကမ္မဇ ရုပ်ဝိညာဉ် ချုပ်သည်ဖြစ်၍၊ နိရတ္ထံ၊ အသုံးမကျသော၊

ကလိင်္ဂရိုဝ၊ ထင်းဖွဲ့တို့ကဲ့သို့၊ ဆုဒ္ဓေါ၊ ဆုတ်ကြဟဲ့(ဝါ)နောက်ဆုတ်ကြဟဲ့ နောက်ဆုတ်ကြဟဲ့ဟု အရွဲ့တမဲ့ စွန့်ပစ်ကြလျက်၊ ပထဝိ၊ ရွံဘွယ် တွံဘွယ်ရှိသော သင်းချိုင်းမြေကြီး၌၊ အဓိသေဿတိ၊ မထသောအိပ်ခြင်းဖြင့် ရွံညှန်ဖြစ်အောင် အိပ်ရလတ္တံ့(ဝါ)အိပ်ရမည်ကား မလွဲတည်း။

အစ္ဆေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
နဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။

ဘိက္ခဝေ၊ ရဟန်းတို့၊ (ဝါ) ခန္ဓာဝန်ဘေး လွန်ရှုပ်ထွေးသည်ကို တွေးရှုမျှော်မြင် ဆင်ခြင် တတ်ကုန်သော ချစ်သား ချစ်သမီးအပေါင်းတို့။ အဇ္ဇေဝအဓိဝေ၊ အဓိပတိ ဣန္ဒြိယ ါဒ်လေးပါး ထင်ရှား ဖြစ်ကောင်းသော ယနေ့ပင်လျှင်၊ ကိစ္စံ၊ ပြုသင့်ပြုထိုက်အပ်လှသော မဟာသတိပဋ္ဌာန်ကိစ္စ ကရဏီယကြီးလေးပါးကို၊ အာတပ္ပံ၊ သမ္မပ္ပဓာန် အားသွန်လုံ့လ ကိုယ့်ကိစ္စကို မှုမှုကြီး ကြေလောက်အောင် သမ္မာဝါစာစသော မဂ္ဂင်ရှစ်ပါးသမ္မာပတ်ကို အထပ်ထပ် (ဝါ) အထင်တရာ ကိုးဆယ်လောက် ရအောင် ပွားများအားထုတ် ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။ ကော၊ အဘယ်မည်သောသူသည်၊ သုဝေ၊ နက်ဖန်သဘက် တရက်နှစ်ရက်အတွင်း၌၊ မရဏံ၊ ရုတ်တရက် ဖုတ်တပြိုက် သေခြင်းကို၊ ဇညာ၊ သိပါချိမ့်မည်နည်း။ မဟာ သေနေန၊ ကိုးဆယ်ခြောက်ဖြာဝေဒနာအပေါင်းတို့ ထောင်သောင်းမကသော စစ်သည်ဗိုလ်ပါလက်နက်ကိုင် အပေါင်းနှင့် ပြည့်စုံသော၊ တေနမစ္စုနာ၊ထိုမရဏာသန္တ သေမင်းနှင့်၊ နော၊ ဆရာတကာ မင်းမှာင ါတို့တစု

အား၊ သက်ရှိ၊ လက်မောင်းဆိုင်၍ စစ်ပြိုင် စစ်ထိုးခြင်းငှါ၊ နဟိယုဒ္ဓံ၊ မလုပ်တန်း ပေါက်ပန်းဈေး အရေးအရာ ဖြစ်ခဲ့သည် သာလျှင်တည်း။

ထို့ကြောင့်—

သီလံ သမာဓိံ ပညဉ္စ၊ မဂ္ဂံ ဗောဓာယ သိက္ခနံ။
အတ္တကိစ္စန္တိ ဝိညေယျံ၊ နာညံ ကာမဂဝေသနံ။

ရေ၊ သံသရာလမ်း ခန္ဓာထမ်း၍ မောပန်းအောင်သာ သွား ကြရှာသည့် သံသရာခရီးသွား မိန်းမ ယောကျ်ား အို သူတော် ကောင်းများတို့၊ သီလဉ္စ၊ ဝါစာကမ္မန္တ အာဇီဝ တည်းဟူသော သီလဝိသုဒ္ဓိကိုရင်း၊ သမာဓိံစ၊ ဝါယမ သတိသမာဓိ တည်းဟူ သော စိတ္တဝိသုဒ္ဓိကိုရင်း၊ ပညဉ္စ၊ ဒိဋ္ဌိသင်္ကပ္ပ တည်းဟူသော သုဒ္ဓိငါးရပ် ဉာဏ် ၂၁ကိုရင်း။ မဂ္ဂံ အင်္ဂါရှစ်ပါး မဂ္ဂင်တရားကို ဗောဓာယ၊ သစ္စာလေးပါး တရားကို သိခြင်းငှါ။ သိက္ခနံ၊ သင် ခြင်း ကျင့်ခြင်း အားထုတ်ခြင်းသည်၊ အတ္တကိစ္စံ၊ မိမိကိစ္စကြီး မည်ပေ၏။ အညံ၊ သီလ သမာဓိ ပညာမှတပါးသော ကာမ ဂုဏ် တိုးပွားရုံမျှ ရှာဖွေအားထုတ်ကြသော ကိစ္စသည်၊ န အတ္တ ကိစ္စ၊ မိမိကိစ္စမဟုတ်ပါပေ။ ဣတိ၊ ဤသို့ ဝိညေယျံ၊ သောတ မန နှစ်ဒွါရဖြင့် ဝါယမစိုက်ခါ သိလိုက်ရာတော့သတည်း။

**မှတ်ချက်**၊ ကောဇညာမရဏံသုဝေ သဘောအရစဉ်ကနဲ့မိနစ် ရက်ပိုင်းအဘွင်း သေမည်ကို ဘယ်သူမျှ မသိ နိုင်ကြသည် ဖြစ်သောကြောင့် မသေခင် မနာ

ခင် မအိုခင်မှာပင် မိမိကိစ္စဖြစ်သော မဂ္ဂင်ရှစ်
ပါး အသင်္ခတ စဟုဘုမ္မိက တရားတော်မြတ်ကို
ဆောလျင်စွာ ကျင့်ကြံကြိုးကုတ်ပွားများ အား
ထုတ်သင့်ပေသည်။

မဂ္ဂင်ရှစ်ပါး တရားတော်မြတ်ကြီးကို မဆိုင်းမလင့် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်အပ်ကြောင်းကို ဗုဒ္ဓမတညု အင္ဂကထာ ဆရာမြတ်တို့ တိုက်တွန်းတော်မူသည်မှာ-

၁။ သုဒုလ္လဘံ လဘိတွာန၊ နရတ္တံ ဇိနသာသနေ။
သီလာဒိသင်္ဂဟံ ခေမံ၊ ဥဇုံ မဂ္ဂံ ဝိမုတ္တိယာ။

၂။ ယထာဘူတံ အဇာနန္တာ၊ မုတ္တိကာမာပိ ယေ ဇနာ။
ဝိမုတ္တိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

၃။ တေသံ ပါမောဇ္ဇကရဏံ၊ သုဝိသုဒ္ဓဝိနိစ္ဆယံ။
ဝိမုတ္တိရသကံ ရမ္မံ၊ နိစ္စံ သုဏန္တု သာဓဝေါ။

ဇိနသာသနေ၊ ကိလေသာကို အောင်ရာ အောင်ကြောင်း ကောင်းမွန်စွာ ဆုံးမအပ်သော သာသနာတော် သုံးပါးအတွင်း၌။ သုဒုလ္လဘံ၊ အလွန်ကြုံကြိုက်ခဲလှစွာသော၊ နရတ္တံ၊ ဗုဒ္ဓဘာသာ လူမျိုးအဖြစ်ကို။ လဘိတွာန၊ ရပါသော်လည်း။ ဝိမုတ္တိယာ၊ ကိလေသာမှလွတ်သော မင်္ဂဖိုလ်နိဗ္ဗာန်၊ သီလာဒိသင်္ဂဟံ၊ အာဇီဝဋ္ဌမက သီလက္ခန္ဓအစ သမာဓိက္ခန္ဓအလယ် ပညာက္ခန္ဓအဆုံးထား၍ ရေတွက်အပ်သော။ ခေမံ၊ ကာမသုခလ္လိက အတ္တကိလမထ ဘေးရန်အစွန်း နှစ်ပါးလည်းကင်းသော။ ဥဇုံ၊ ဖြောင့်မတ်သော ဒါန သီလ နိက္ခမပါရမီမင်္ဂလာ မဟာပတိပဋ္ဌာန် မဂ္ဂင် ရှစ်ပါး မူလသမ္မာပတ်တို့ကို။ ဇနာ၊ ဤသာသနာ တည်ဆဲသော

ကာလဍ္ဍ။ ယေ ယောဂိနော၊ အကြင်အား ထုတ်လုပ်ဆောင်ကြသောပုဂ္ဂိုလ်တို့သည်။ ယထာဘူတံ၊ ဟုတ်မှန်လှစွာသော ပါရမီမင်္ဂလာကံ ကတ္တားကို။ အဇာနန္တာ၊ အသေအချာ မသိကြကုန်သောကြောင့်။ မုတ္တိကာမာ၊ သံသရာမှ လွတ်ခြင်းကို အလိုရှိကြကုန်၍။ ဝါယမန္တာပိ၊ လုံ့လကြိုးကုတ် အားထုတ်သော်လည်း။ ဝိမုတ္တိ၊ မင်္ဂဖိုလ်နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မရောက်နိုင်ကြကုန်။ တေသံ၊ ထိုလိုချင်ရက်နှင့်မရနိုင်သောသူတော်ကောင်းတို့၏။ပါမောဇ္ဇကရဏံ၊ ဝမ်းမြောက်ခြင်းနှစ်သက်ခြင်းကိုပြုတတ်သော။ သုဝိသုဒ္ဓိဝိနိစ္ဆယံ၊ ကိလေသာမှ စင်ကြယ်သော ကံ ကတ္တားအဆုံးအဖြတ်ဆယ်ပါးရှိသော။ ရမ္မံ၊ နာခံတိုင်းနှလုံးမွေ့လျော်ဘွယ် ရှိသော။ ဝိမုတ္တိရသကံ၊ ကိလေသာမှ လွတ်သော ပါရမီ မင်္ဂလာကို။ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ နိစ္စံ၊အမြဲ။ သုဏန္တု၊နာခံမှတ်သား ကျင့်ကြံစေကုန်တော့သတည်း။

နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး အလုပ်သက်သေ သာဓက ထုတ်၍ပြဆိုသောအခဏ်းပြီး၏။

○

အပါဒါန် သမ္ပဒါန် ရှင်းလင်းချက်။ (၁) လောကီလောကုတ္တရာ ရှင်းလင်းချက်။ (၁) ပယ်တရား သယ်တရား ရှင်းလင်းချက်။

စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ မယာ သယံ
အဘိညာ သစ္ဆိကတွာ ပဝေဒိတာနိ၊ ကတမာနိ စတ္တာရိ

အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှံ ကဏှဝိပါကံ။ (ပထမသုတ်)
အတ္ထိ ဘိက္ခဝေ ကမ္မံ သုက္ကံ သုက္ကဝိပါကံ(ဒုတိယသုတ်)
အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှသုက္ကံ ကဏှသုက္ကဝိပါကံ။
(တတိယသုတ်)

အတ္ထိ ဘိက္ခဝေ ကမ္မံ အကဏှအသုက္ကံ
အကဏှ အသုက္ကဝိပါကံ။ (စတုတ္ထသုတ်)
(စတုက္ကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ ကမ္မာနိ၊ ဤသတ္တဝါအနန္တတို့၌ ဖြစ်ထိုက် ဖြစ်ကောင်းသော ကံလေးခုတို့ကို။ မယာ၊ ငါဘုရားသည်။ သယံ၊ ကိုယ်တိုင်။ အဘိညာယ၊ အသိဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက် ပြု၍။ ပဝေဒိတာနိ၊ သူတပါးတို့ကို သိစေအပ်ကုန်ပြီ။ စတ္တာရိ၊ ပရမတ္ထ တရား ကံလေးပါးတို့ မည်သည်။ ကတမာနိ၊ အဘယ် သည်တို့နည်းဟူမူကား။

ဘိက္ခဝေ၊ ရဟန်းတို့။ (၀၁) မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော ချစ်သားချစ် သမီးတို့။ ကဏှံ၊ မည်းညစ်သော အကျိုးဝိပါက်ရှိသော။ ကမ္မံ၊ ဒုစရိုက် ကိလေသာဆယ်ပါး အပြားနှစ်ဆယ်ခန့်ရှိသော ကံ ကတ္တားသည်။ အတ္ထိ၊ ရှိ၏။ (၀၁) ပရမတ္ထ ဓမ္မနိယာမအားဖြင့် ဖြစ်ရိုးဖြစ်စဉ်ရှိ၏။ ကဏှကမ္မံပရမတ္ထဓမ္မံ။
(ပထမသုတ်ပါဠိတော်အနက်)

ဘိက္ခဝေ၊ ရဟန်းတို့။ (၀၁) မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် အလိုရှိကြကုန်သော ချစ်သား ချစ်သမီးတို့။ သုက္က၊ သောကာ၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း မြည်တန်းရခြင်းမကင်းသော အကျိုးဝိပါက်ရှိသော၊ ကမ္မ၊ ဒါနသီလ ကာမာဝစရ ဘာဝနာ ပစာယနစသော လောကဓမ္မတာ ပုညကြိယာ သင်္ခါရကုသိုလ် ဆယ်ပါး အပြား သုံးဆယ်ခန့်ရှိသောကံ ကတ္တားသည်။ အတ္ထိ၊ ပရမတ္ထ ဓမ္မနိယာမအားဖြင့် ဖြစ်ရိုးဖြစ်စဉ်ရှိ၏။ သောက ပရမတ္ထဓမ္မ (ဒုတိယသုတ် ပါဠိတော်အနက်)။

ဘိက္ခဝေ၊ ရဟန်းတို့။ ကဏှသုက္က ကဏှသောကာ၊ ဒုစရိုက် သုစရိုက် အမိုက်မိုက် အရောရော ကုသိုလ် အကုသိုလ် သင်္ခါရ နှစ်ပါး ရောနှောသော သဘောရှိသော၊ ကဏှသုက္ကဝိပါကံ၊ အဆိုးအကောင်း သောင်းပြောင်းရောယှက် မိဿက ဝိပါက်ရှိသော၊ ကမ္မ၊ ပုညာဘိသင်္ခါရ အဓမ္မိက ကာမဒါန ဆယ်ပါး ကံ ကတ္တားသည်၊ အတ္ထိ၊ ပရမတ္ထဓမ္မနိယာမ ပုညာဘိ သင်္ခါရအားဖြင့် ဖြစ်ရိုးဖြစ်စဉ်ရှိ၏။(ကဏှသုတ္တကမ္မ ပရမတ္ထဓမ္မ တတိယသုတ် ပါဠိတော်အနက်)။

ဘိက္ခဝေ၊ ရဟန်းတို့။ အကဏှအသုက္က၊ ပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက မဟာသတိပဋ္ဌာန အနန္တသဗ္ဗညု ဘုရားရှင်တို့၏ ကုသိုလ်တော်ပွားဖြစ်သော အကဏှအသုက္က ဝိပါက် ပါရမီမင်္ဂလာ သာသနာဝိရတီ ပဋိသမ္ဘိဒါ ပတ္တမဂ္ဂဖလ အကျိုးရှိသော။ ယံကမ္မ၊ အကြင် အာဇီဝဋ္ဌမက သီလ နိက္ခမ အစရှိသော ပါရမီဆယ်ပါး အပြားသုံးဆယ်ကျော်မက များစွာ

သော ဘုရားကုသိုလ်တော်ပွား ပါရမီမင်္ဂလာ ကံကတ္တားသည်၊ အတ္ထိ၊ စတုဘူမ္မိက ပရမတ္ထဓမ္မနိယာမအားဖြင့် ဖြစ်ရိုးဖြစ်စဉ်ရှိ၏။ တံ ကမ္မံ၊ ထိုပါရမီမင်္ဂလာ လောကုတ္တရာ စတုဘူမ္မိက စသော ကုသိုလ်တော်ပွား ကံကတ္တားသည်။ (၀၁) ဒသပါရမီမင်္ဂလာ ဒသဉပ ပါရမီမင်္ဂလာ ဒသပရမတ္ထ ပါရမီမင်္ဂလာ သမတိံသ ပါရမီမင်္ဂလာ အဋ္ဌာရသ နှစ်ထပ် ဆတ္တိံသ ပါရမီမင်္ဂလာ အဋ္ဌတိံသ ပါရမီမင်္ဂလာ နှစ်ထပ် ဒွါစတ္တာလီသာကာရ တုဏ္ဍိဖလ သမ္မာပတ် သုံးတပ်ပြည့်အောင် ပွားစေအပ်သော ပရမတ္ထ ကံ ကတ္တားသည်၊ကမ္မက္ခယာယ၊ သိုအပ်ပြီးသော တေဘူမ္မိက ကုသိုလ် အကုသိုလ် သင်္ခါရတရား ကံ ကတ္တား အပြား ခြောက်ဆယ် ကုန်ခန်းစေခြင်းငှာ။ သံဝတ္တတိ၊ သန့်သန့်မာမာ အင်္ဂါရှိသော သဒ္ဒါတရားဖြင့် သစ္စာလေးပါးကိုသိလိုကြကုန်သောသူအပေါင်း တို့အတွက် ကောင်းစွာဖြစ်၏။ အကဏ္ဍ အသုက္က ပရမတ္ထဓမ္မ။

(စတုတ္ထသုတ်ပါဠိတော် အနက်)။

ယခု ပြဆိုအပ်သော ပြဆိုပြီးသော စတုက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်သည် သမ္မာသမ္ဗုဒ္ဓသမန္တ စက္ခုသဗ္ဗညုတ မဟာပညာ မဟာကရုဏာတော်ဉာဏ်နှစ်ပါးဖြင့် ရှေးထောက် နောက်မျှော် ဟောတော်မူအပ်သော ပရမတ္ထ ဓမ္မနိယာမ သုတ္တန် ပိဋကတ် ဖြစ်ရကား ပါရမီမင်္ဂလာ သာသနာဝိရတီ ပဋိသမ္ဘိဒါ လေးပါး ကြိုပ်၍ စိတ်စေတသိက် နိဗ္ဗာန် ခန္ဓာ အာယတနဓာတ် သစ္စာ မဟာသတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ် လေး ပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး

မဟာသညာ ခြောက်ပါး ဤတေစတ္တာလီသ မဟာဗောဓိပက္ခိယ နိယာမ ထင်ရှားအောင် အနက် ယောဇနာ သမ္ဗန်စာထုတ် လိုက်ပေ၏။

**မှတ်ချက်။** ကဏ္ဍကံ အကုသလကမ္မ ပထဆယ်ပါး အပြား နှစ်ဆယ် အကျဉ်းချုပ်ဖော်ပြချက်။

၁။ ပါဏာတိပါတာ....
အသက်ရှိသောသတ္တဝါကို သတ်ခြင်း။

၂။ အဒိန္နာဒါနာ....
သူ့ဥစ္စာကို ခိုးယူခြင်း။

၃။ အကာလမိစ္ဆာ....
ရောဂါကိုယ်ဝန်ရှိသောအခါ၌ သွားလာခြင်း။

၄။ အဒေသမိစ္ဆာ....
မိဘဆရာသူတကာမြင်သာသောအရပ်၌သွားလာခြင်း။

၅။ အနင်္ဂမိစ္ဆာ....
ဆေးဝါးမှီဝဲ ရှိမြဲအင်္ဂါထက်လွန်သဖြင့် သွားလာခြင်း။

၆။ အဓမ္မမိစ္ဆာ....
ကျင့်ရိုးမဟုတ် တိရစ္ဆာန်တို့ကဲ့သို့ သွားလာခြင်း။
(ကာယဒုစရိုက် ကိလေသာခြောက်ပါး)

၁၊ မုသာဝါဒ ...
မဟုတ်မမှန်သောစကားကိုပြောခြင်း။

၂။ ပိသုဏဝါစာ....
သူနှစ်ဦးကြား ကွဲအောင် ဂုံးချောတိုက်ခြင်း။

၃။ ဖရုသဝါစာ....
ကြမ်းတမ်းယုတ်မာသော စကားကိုပြောဆိုခြင်း။

၄။ သမ္ဖပ္ပလာပဝါစာ....
အနက်ဒြပ်ကင်း သိမ်ဖျင်းသောစကားကို ပြောဆိုခြင်း။
(ဝစီဒုစရိုက် ကိုးလေးသာလေးပါး)

၁။ အဘိဇ္ဈာ....
သူ့စည်းစိမ်ကိုကိုယ့်စည်းစိမ်ဖြစ်အောင်မတရားကြံခြင်း

၂။ ဗျာပါဒ....
မျက်ကြုတ်ကိုးတန် မျက်ကြုတ်ဆယ်တန်ဖြင့် ရန်ညိုးဖွဲ့ခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ....
မှားသောအယူကို ယူခြင်း။

၄။ မိစ္ဆာသင်္ကပ္ပ....
မှားသော အကြံကိုကြံခြင်း။

၅။ မိစ္ဆာဝါစာ....
မှားသောစကားကိုပြောခြင်း။

၆။ မိစ္ဆာကမ္မန္တ....
မှားသောအမှုကိုပြုခြင်း။

၇။ မိစ္ဆာအာဇီဝ....
မှားသောအသက်မွေးခြင်း။
၈။ မိစ္ဆာဝါယမ....
မှားသောလုလ္လပြုခြင်း။
၉။ မိစ္ဆာသတိ....
မှားသောသတိပြုခြင်း။
၁၀။ မိစ္ဆာသမာဓိ....
မှားသောတည်ကြည်ခြင်း။
ပေါင်း ဒုစရိုက်ဆယ်ပါး အပြားနှစ်ဆယ် ပြဆိုချက် အကျဉ်းပြီး၏။
ကဏ္ဍသုက္ကကံ အဓမ္မိက မိဿကဒါနဆယ်ပါးအကျဉ်း။
မောဟ ဦးစီးသော လောဘပြဋ္ဌာန်းသော အဓမ္မိက ကာမဒါန ငါးပါး။
၁။ နဋကာမဒါနံ....
ပွဲလမ်းသဘင် ဇာတ် ရုပ်သေးတို့ဖြင့် လှူခြင်း။
၂။ မဇ္ဇပမာဒဒါနံ....
သေရည်သေရက် ပေးလှူခြင်း။
၃။ စိတ္တကာမဒါနံ....
အဖို-အမတို့ မြင်သူ စိတ်ကလက်အောင် ခေတ်ပုံဆွဲ၍ ပေးလှူခြင်း။
၄။ ဥသဘဒါနံ....
ကျွဲ နွား စသော တိုးပွားရန် မိတ်ဆင်းလိုက် လှူခြင်း။

၅။ ရတ္တိပုရိသဒါန်....
အဖို–အမတို့ မင်္ဂလာဆောင် အိမ်ထောင်ပေးစားခြင်း။
မောဟဦးစီး ဒေါသပြဋ္ဌာန်းသော မိဿကဒါနငါးပါး

၆။ သတ္ထဒါန်....
အသက်သေစေတတ်သော ဓား လှံ သေနတ်ပေးလှူခြင်း။

၇။ ဝိသဒါန်....
သေစေတတ်သောအဆိပ် ပေးလှူခြင်း။

၈။ သင်္ခလိကဒါန်....
သံခြေကျဉ်း လက်ထိပ်စသည်ကို လှူခြင်း။

၉။ တုလာကူဋမာသကူဋ....
ချိန်စဉ်းလဲ တင်းစဉ်းလဲအလှူ။

၁၀။ ကုက္ကုဋသူကရဒါန်....
ကြက် ဝမ်းဘဲ ငှက်စသည်ကို အရှင်လတ်လတ်သတ်စားရန် ပေးလှူခြင်း။

ယခု ပြဆိုပြီးသော ဤအခမ္မိကမိဿက ဒါန ဆယ်ပါးသည် အပုံကြီးမကောင်းမှုကို ဖြစ်ပွားစေတတ်သော လောကုတ္တရာတရားနှင့်မလျော်သော အပုညာဘိ သင်္ခါရတရားမည်၏။ ဤအပုညာဘိသင်္ခါရ ပရမတ္ထကို ကတ္တား အပြားသုံးဆယ်ကို မိလိန္ဒပဉှာပရိဝါပါဠိတော် ခုဒ္ဒကနိကာယ်ကျမ်းများ၌ ဟောတော်မူသည်။

ဤကား အပုညာဘိသင်္ခါရ ကဏှကံ မဲညစ်သော အပုံကြီး မကောင်းသော အကုသိုလ်ဒုစရိုက် ကိလေသာဆယ်ပါး အပြား နှစ်ဆယ်နှင့် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ ကဏှသုက္ကကံ မိဿက ရောနှောသော မကောင်းသော အမဲအဖြူ ရောသော အဓမ္မိက ကာမဒါနဆယ်ပါးပေါင်း အပုညာဘိသင်္ခါရ ကံ ကတ္တား သုံးဆယ်သည် လောကီအပါဒါန် ပယ်စွန့်ရမည်။

အပုညာဘိသင်္ခါရတရား ပြဆိုခန်း ပြီး၏။

ဆက်လက်၍ သုက္ကကံ ပုညာဘိသင်္ခါရ ကာမကုသိုလ် ရူပကုသိုလ် အာနဉ္စာဘိသင်္ခါရ အရူပကုသိုလ် ဆယ်ပြား အပြား သုံးဆယ်ကို အကျဉ်းချုပ် ဖော်ပြချက်။

ပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရ ပုညကြိယာ ကုသိုလ်ဆယ်ပါးကို ဒါနမယသုံးပါး သီလမယသုံးပါး ဘာဝနာမယသုံးပါး ဒိဋ္ဌိဇုကမ္မ တြင်းနဝင်းဂိုဏ်းချုပ်ထား၍ အပြားသုံးဆယ် ပွားပုံကို ဆက်လက်ပြပေအံ့။

၁။ ဒါန သီလ ကာမာဝစရ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ကာမာဝစရ ဒိဋ္ဌိဇုကမ္မ။

(ပုညကြိယာဆယ်ပါး)

၂။ ဒါန သီလ ရူပါဝစရ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ရူပါဝစရ ဒိဋ္ဌိဇုကမ္မ။

(ပုညကြိယာဆယ်ပါး)

၃။ ဒါန သီလ အရူပါဝစရ ဘာဝနာ အပစာယနဝေယျာ
ဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ
အရူပါဝစရ ဒိဋ္ဌိဇုကမ္မ။

(ပုညကြိယာဆယ်ပါး)

ဤသို့ပွား၍ ပုညာဘိသင်္ခါရ အာနဉ္ဇာဘိသင်္ခါရ ပုညကြိယာဝတ္ထုသင်္ခါရ အပြားသုံးဆယ်ဖြစ်၏။

၎င်းပုညကြိယာ ဝတ္ထု သင်္ခါရ ကုသိုလ် ဆယ်ပါးကိုကာယကံ ဝစီကံ မနောကံသုံးပါး ဒါနမယ သီလမယ ဘာဝနာမယ သုံးပါး ကာမာဝစရ ရူပါဝစရ အရူပါဝစရ ဒိဋ္ဌိဇုကမ္မသုံးပါးတြင်း နဝင်း ဂိုဏ်းချုပ်ထားပုံကား–

ဒါန ပတ္တိဒါန ပတ္တာနုမောဒန ဒိဋ္ဌိဇုကမ္မ
သီလ အပစာယန ဝေယျာဝစ္စ ဒိဋ္ဌိဇုကမ္မ
ဘာဝနာ ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ

ဤကဲ့သို့ ဒိဋ္ဌိဇုကမ္မသုံးပါး တြင်းနဝင်း ဂိုဏ်းချုပ်ထား၍ ကမ္မာကမ္မ ဝိနိစ္ဆယ ထင်ရှားအောင် မှတ်သားရာ၏။

ဖော်ပြပါ ပုညကြိယာ ဝတ္ထုသင်္ခါရ ဆယ်ပါးကို ပရမတ္ထ နိယာမ ထင်ရှားအောင် ဒါနမယသုံးပါး သီလမယသုံးပါး ဘာဝနာမယသုံးပါး တြင်းသွား နဝင်းသွား ကံသုံးပါး ကိစ္စ ထားသည့်အတိုင်း ထင်ရှားစွာ ပြဆိုဦးမည်။

ဒါနဉ္စ — အလှူပေးခြင်း၎င်း။
ပတ္တိဒါနဉ္စ — ပတ္တာတိုင်းသလို လဘက်ထုပ် ချ၍ အမျှပေးဝေခြင်း၎င်း။

ပဋ္ဌာနုမောဒနဥ္စ မညီးမညူ ငွေ့ကူသာမှု အနုမောဒနာ ပြုလိုက်ရခြင်းငှင်း။

ဒိဋ္ဌိဇုကမ္မဥ္စ ဒါနမယ သုံးပါးကို ကံသုံးပါးဖြောင့် မတ်စွာ ဉဇုဘူတပြုခြင်းငှင်း။

(ဒါနမယသုံးပါး ဒိဋ္ဌိဇုကမ္မအနက်)

သီလဥ္စ....
ငါးပါး ရှစ်ပါး ဆယ်ပါးသီလကို ခံယူ ဆောက်တည်ခြင်း။
အပစာယနဥ္စ....
အရိုအသေပြုခြင်းငှင်း။
ဝေယျာဝစ္စဥ္စ....
အမှုကြီးငယ်ကို ရွက်ဆောင်သည်ပိုးခြင်းငှင်း။
ဒိဋ္ဌိဇုကမ္မဥ္စ....
သီလမယသုံးပါး ဖြောင့်မတ်စွာ ဉဇုဘူတ ပြုခြင်းငှင်း။
(သီလမယသုံးပါး ဒိဋ္ဌိဇုကမ္မအနက်)

ဘာဝနာစ....
အလိုရှိရာ စိတ်ထင်ရာ ကာမာဝစရဘာဝနာပွားခြင်းငှင်း။

ဓမ္မဿဝနဥ္စ....
အလိုရှိရာတရားကို ကြားနာခြင်းငှင်း။

ဓမ္မဒေသနာစ....
အလိုရှိသမျှကျက်၍ ရသောတရားကိုဟောခြင်းငှင်း။

ဒိဋ္ဌိဇုကမ္မဋ္ဌ....
ဘာဝနာမယ သုံးပါးကို ကံသုံးပါး ဖြောင့်မတ်စွာ ဥဇုဘူတ
ပြုခြင်းငှင်း။

(ဘာဝနာမယ ဒိဋ္ဌိဇုကမ္မအနက်)

ထိုနည်းအတိုင်း ရူပါဝစရ အရူပါဝစရ ဒါန သီလ ဘာဝနာမယ ဒိဋ္ဌိဇုကမ္မသုံးပါးကိုလည်း ဤကဲ့သို့မှတ်ယူရမည်။

**မှတ်ချက်။** ဒိဋ္ဌိဇုကမ္မဆိုသည်ကား မိစ္ဆာဒိဋ္ဌိဥဇုဘူတ **ကမ္မ**ဆိုသည်။

မိစ္ဆာဒိဋ္ဌိဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏ ဥဇုဘူတ ပြုလုပ်ကြသော လောကမဟုတ္တာ ပုညကြိယာ သင်္ခါရကုသိုလ် ဆယ်ပါး အပြားသုံးဆယ်ဟု ဆိုလိုရင်းဖြစ်သည်။

(ဥပမာကား) အမိမရိုး၍ အဘမလာဟူသောစကားကို မိရိုးဘလာ ဆိုသကဲ့သို့ငှင်း။
မေဟနသာ ခဿ မာလာကို မေခလာဆိုသကဲ့သို့ ငှင်း။

ဤကား ပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရ ပုညကြိယာ ကုသိုလ်ဆယ်ပါး အပြားသုံးဆယ်ကို သိသာအောင် ထင်ရှားစွာ အကျဉ်းချုပ်ပြဆိုခဏ်း ပြီး၏။

အပါဒါန် ကံ ကတ္တား ငါးဆယ် ခြောက်ဆယ်တို့ကို မပြုမလုပ် ပယ်စွန့်အပ်ကြောင်းကား-

ဓမ္မပဒပါဠိတော် လောကဘုရား ခြောက်ဆူထံတွင် ရဟန်းခံသော ပုဏ္ဏားတယောက်က ဘုရှုးရှင်ကြီးအား ဤသို့ လျှောက်ထား၏။ အို-ရှင်ဂေါတမ အကျွန်ုပ်လည်း ဆွမ်းခံ၍သာ အသက်မွေးပါသည်။ ထိုကြောင့် အကျွန်ုပ်အား သမဏဘိက္ခုရဟန်း ခေါ်တော်မူပါ၊ အနွေဝါသိက တပည့်အဖြစ် မှတ်တော်မူပါဘုရားဟု လျှောက်ထားရာတွင်-

န တေန ဘိက္ခု သော ဟောတိ၊ ယာဝတာ ဘိက္ခတေ ပရေ။
ဝိသမ္မံ သမာဒါယ၊ ဘိက္ခု ဟောတိ န တာဝတာ။
ယောဓ ပုညဉ္စ ပါပဉ္စ၊ ဗာဟိတွာ ဗြဟ္မစရိယံ။
သင်္ခါရလောကေ စရတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

(ဓမ္မပဒ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့၊ (ဝါ) မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုသာ အမှန်တကယ် လိုလားကြကုန်သော ချစ်သား ချစ်သမီးတို့၊ ယာဝတာ၊ အကြင်မျှလောက်၊ ပရေ၊ သူတပါးတို့ အိမ်၌၊ ဘိက္ခတေ၊ ဆွမ်း ထမင်းခံ၍စား၏။ တေန၊ ထိုသို့ ဆွမ်း ထမင်းခံ၍ စားကာမျှဖြင့်၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ ဘိက္ခု၊ ဇာတိဇရာ သံသရာဘေး လေးပါးကို ရှုစားတတ်သော သမဏဘိက္ခု ရဟန်းမည်သည်။ နဟောတိ၊ မဖြစ်သေး။ ဝိသမ္မံ၊ တဏှာသုံးတန် အဆိပ်ထန်သော လောကဓမ္မတာ သင်္ခါရ ကံ ကတ္တား သုံးဆယ်အကျင့်ကို၊ သမာဒါယ ဆောက်တည် ကျင့်ကြံ၍ (ဝါ) ကမ္ဘာ့ဆရာ ကျား ဆရာတွင် သိက္ခာတင်၍၊ တာဝ

တာ၊ထိုမျှလောက် ပေါက်ပန်းဈေး အသွင်ဟန်ပန် တူကာမျှဖြင့်၊ ဘိက္ခု၊ သံသရာဘေး လေးပါးတို့ကို ရှုတတ်သော သမဏဘိက္ခု ရဟန်းသည်၊ နဟောတိ၊မဖြစ်သေး၊ ဣမလောကေ၊ဤအပါဒါန် နှစ်ပါး၊ သမ္ဗဒါန်နှစ်ပါး၊ သာသနာတော်သုံးပါး ထင်ရှားစွာ တည်ဆဲဖြစ်ပေါ်သောအခါ၌၊ယောပုဂ္ဂလော၊ အကြင်ကလျာဏ ပုထုဇဉ် ရှင်လူ ရဟန်း ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သည်။ ပုညဥ္စ၊ လောကဓမ္မတာ ပုညကြိယာ သင်္ခါရ ကုသိုလ်ဆယ်ပါး အပြား သုံးဆယ်ကိုရင်း၊ ပါပဥ္စ၊ ပါပါ ပါပ ယုတ်မာသော အကုသိုလ် ဆယ်ပါး အပြားသုံးဆယ် ခြောက်ဆယ်တို့ကို၊ဗာဟိတွာ၊ဗာဟုတ် မလဲဟု တကတဲ ခွါရှောင်ပယ်မျှော၍၊ ဗြဟ္မစရိယံ၊ ဗြဟ္မစို့ရ် အကျင့်ကို (ဝါ) သာသနာတော် သုံးပါးအကျင့်ကို (ဝါ) ပါရမီမင်္ဂလာ သာသနာဝိရတီ ပဋိသမ္ဘိဒါ လေးတန် မဟာ သတိ ပဋ္ဌာန် လေးပါးစသော အကျင့်တရားကို၊ အာဒိကလျာဏံ၊ လောကတ္ထစရိ ဒသပါရမီ မင်္ဂလာ၊ မဇ္ဈေကလျာဏံ ဉာတတ္ထ စရိယ ဒသ ဉပပါရမီ မင်္ဂလာ၊ ပရိယောသာနကလျာဏံ ဗုဒ္ဓတ္ထစရိယ ဒသပရမတ္ထပါရမီ မင်္ဂလာ၊ သမတိံသ ပါရမီ မင်္ဂလာ၊ အဋ္ဌာရသ နှစ်ထပ် ဆတ္တိံသ ပါရမီ မင်္ဂလာ၊ အဋ္ဌတိံသ ပါရမီ မင်္ဂလာ နှစ်ထပ် ဒွာစတ္တာလီသာကာရ တုဏ္ဍိဖလ ပါရမီ မင်္ဂလာ၊ မဟာ သတိပဋ္ဌာန် သမာပတ် သုံးဆယ်တိုင်အောင် ပွားစေအပ်သော လောကုတ္တရာ စတုဘုမ္မိက မဟာဗောဓိစရိတ အကျင့်ကို၊ စရတိ၊ သင်္ခါရ ပဋိသင်္ခါရ ပစ္စဝေက္ခဏာ ဇောက်စွ ဖြင့် ကျင့်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို၊ ဝေ၊ စင်စစ်၊ ဘိက္ခုတိ၊ သမဏ ဘိက္ခု ရဟန်းစစ် ရဟန်းကောင်း ဟူ၍၊

ဝုစ္စတိ၊ ဆိုအပ်၏။ (ဝါ) ပုတ်ကို လေးနှင့်ပစ်သကဲ့သို့ တဲ့တဲ့ကြီး ဆိုအပ်လေတော့သတည်း။

ဤကဲ့သို့ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော် ဓမ္မပဒပါဠိတော်စသည် ပါဠိတော်များ၌ သခ်ါရ ပုညကြိယာ ကုသိုလ်များကို နိဗ္ဗာန် မဂ်ဖိုလ်ကို အမှန်တကယ် လိုလားကြကုန်သော ရဟန်းရှင်လူတို့ မပြုမလုပ်ကြဘဲ တကတဲ ပယ်စွန့် အပါဒါန်ကန် သင့်ကြောင်း (ဝါ) အားမထုတ်သင့်ကြောင်းများကို သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီးသည် သတ္တဝါအပေါင်း (ဝါ) သတ္တဝါအနန္တတို့အား မဟာကာရုဏိကော သားနှင့်ရန်သူ အတူအမျှ သနားတော်မူသည်ဖြစ်၍ ထင်ရှားစွာ ဟောတော်မူပါလျက်နှင့် မရှက်မကြောက်မထောက်မထား အလိုတူ အလိုပါ ဆရာတကာတို့ သဘောတူပြုလုပ်၍ အားထုတ်ကြခြင်းများသည် ဗုဒ္ဓ၏ အလိုတော်ကျနှင့်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်လေတော့သည်သာတည်း။

(မဟာသုပိနဇာတ် ဧကနိပါတ် ပါဠိတော်)

အနာဂတေ ကလိယုဂေ အဓမ္မရာဇကာလေ
ဓမ္မေ အပဿန္တိ ယေ· နရာ–ဟု ဟောတော်မူ၏။

အနာဂတေ၊ အနာဂတ်ကာလ၌၊ (ဝါ)ငါဘုရား သာသနာတော် နှစ်ထောင်ခုနစ်ရာ ကျော်သောအခါ၌၊ ကလိယုဂေ၊ ကလိယုဂ်လေးသိန်း သုံးသောင်း နှစ်ထောင်ဆန်းသောကာလ၌၊ (ဝါ) လူ့သက်တော ရှစ်ရာ ရှစ်ဆယ် ရှစ်ခုကယ် အန္တရာယ်ကြီး

မိုးထိနီးသော ကလိယုဂ်ကာလ၌၊ အဓမ္မရာဇကာလေ၊ မိစ္ဆာကာမ မေထုန်လေးပါးကို ခံစားသော မင်းလက်ထက်၌၊ ယေနရာ၊ အကြင်ဗုဒ္ဓဘာသာ သာသနာဝင်ဖြစ်ကြကုန်သော ရဟန်းရှင်လူတို့သည်။ ဓမ္မေ၊ ငါဘုရား ဟောအပ်သော ပိဋကတ်သုံးပုံ ခွဲပုံခွဲဝေပုံဖြစ်သော ပင္စသန္ဓေနေ ၀ါ ကျမ်းရိုး တဆယ့်နှစ်မျိုး ပဝတ္တိဉာဏ်ဝါ ကျမ်းရိုးတဆယ့်နှစ်မျိုးတို့၌၊ အပဿန္တိ၊ ပတ်ပတ် နတ်နတ်မသိမမြင် မထင်နိုင်ဘဲ ရှိကြကုန်လတ္တံ့။

ဤသို့ ဘုရားဟောသည့်အတိုင်း တေဘုမ္မိက ပုညကြိယာ သခ်ါရ ကုသိုယ်ဆယ်ပါး အပြားသုံးဆယ် စကားတရား စတုဘုမ္မိက ပါရမီမင်္ဂလာ အသခ်ံတ လောကုတ္တရာ ကုသိုလ်ဆယ်ပါး အပြားသုံးဆယ်ကျော်မက ပွားစေအပ်သော ဘုရား ကုသိုလ်တော်ပွား တရားစကားကို အလွန်ပင် သိမြင်အပ်လှပေ၏။ သို့သော် ကလိယုဂ် ဖမ်းစား၍ နားမလည်ဘဲ ရှိကြလေသည်။

ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာကျမ်းတကာတို့၌ ဤကဲ့သို့ ထင်ရှားစွာ ပြဆိုကြောင်းများကား အလွန်ပင် များပေသည်။ ကျယ်ဝန်းစွာ ဆက်လက်၍ ထင်ရှားအောင်ပြရပါမူကား စိတ်မတတ်သော ပုဂ္ဂိုလ်(ဝါ)မကြားနာရသောကြောင့် မသိသေးသော ပုဂ္ဂိုလ်တို့ကမူကား အရွှဲတမဲ့ ပြောမိပြောရာ ပြောဆိုမှားကြ၍ အပြစ်ဒေါသ ဖြစ်မည်စိုးသောကြောင့် ဤမျှနှင့် သိသာထင်ရှားလောက်ပြီဟု ယူဆမိပေသည်။ အကျယ်တဝင့် အကဉာဏ်ရင့်စွာအသိထူး ဉာဏ်ထူးရရှိလိုပါမူကား ဒွတ္တိံသလောသိ

ဒီပနီကျမ်း ဩကာသ ဒီပနီကျမ်း ပဋ္ဌပတ္တိပကာသနီ ကျမ်းများနှင့် အခြားသော စတုဘုမ္မိက မဟာသတိပဋ္ဌာန် ဆရာတော်ဘုရားကြီးများ ရေးသားစီရင်တော်မူ ထားသော ကျမ်းစာတစောင်စောင်တို့တွင် လေ့လာပွားများနိုင်ကြပါသည်။

အပါဒါန် သမ္ပဒါန် ရှင်းလင်းချက် (၀၁) လောကီလောကုတ္တရာ ရှင်းလင်းချက် (၀၁) ပယ်တရား သယ်တရား ရှင်းလင်းချက်။

ဤတွင်ပြီး၏။

## ကျမ်း၏ နိဂုံးကို ပြဆိုခြင်း

## နိဂုံးချုပ်

အစိန္တေယျ လောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသခင်သည် ဘုံသုံးအင်္ဂါ ခိုဝင်မက်မော တဏှာဇောဖြင့် နစ်မြောနေသူ နတ်ဗိုလ်လူတို့ကို ကြည်ဖြူ ထောက်ထား လွန်သနားတော်မူသဖြင့် ဟောကြားတော် မူအပ်သော ဒေသနာတော်မြတ်ကား ဝိမုတ္တိသရ အားဖြင့်တပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် မြားမြောင်လှစွာသော ဒေသနာတို့ကို ဝေနေယျာအလိုက် ကျွတ်ထိုက်သည် အားလျော်စွာ (၄၅) ဝါ ကာလပတ်လုံး ရတနာရွဲလုံး ပုလဲကုံးကို သီကုံးဘိသကဲ့သို့ ဟောကြားညွှန်ပြ ဆုံးမတော်မူလေသည်။

ထိုစကားသည် မှန်လေစွ–

သမ္မာသမ္ဗုဒ္ဓ သမန္တစက္ခု သဗ္ဗညု ဘုရားသည် မရှိသောတရားစကား မသိသောတရားစကားကို ဟောကြားတော်မမူ၊ ရှိမှ သိမှ သာလျှင် သိသော ရှိသော တရားစကား သာလျှင်

သဗ္ဗညုတဉာဏ်တော်တွင် ထင်တော်မူသည်။ ဤကဲ့သို့ ထင်တော်မူသည့်အတိုင်း ကသိုဏ်းပရိကံပြု၍ ဟောတော် မူသည်။ မကျင့်နိုင် မကြံနိုင် ကြံ၍မဖြစ်နိုင်သော အားမထုတ်နိုင်သော ကာယကံ ဝစီကံ မနောကံ ကိစ္စကိုလည်း သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး ဟောကြားတော်မမူ၊ တိုက်တွန်းတော်မမူ။

ကျင့်နိုင် ကြံနိုင် အားထုတ်နိုင် ကြံလျှင်ပိုင်သော ကာယကံ ဝစီကံ မနောကံ ကံ ကတ္တားများကိုသာ မြတ်စွာဘုရား နိုးဆော်တိုက်တွန်း ဆုံးမတော်မူသည်။ သို့ဖြစ်လေသောကြောင့် သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး ဟောကြားဆုံးမ သြဝါဒ တရားတော်များကို (မဖြစ်နိုင်ဘူး မရှိနိုင်ဘူး နားမလည်နိုင် ဘူး မသိနိုင်ဘူး ပုထုဇန်တို့နဲ့ မတန်ဘူး လူတွေနဲ့ မတော်ဘူး ဘုရားကိုလိမ်ရာကျမယ် သွားမလုပ်ကြနဲ့ ဒါတွေ မရှိဘူးဟူ၍ မဆိုအပ် မဆိုကောင်း မပြောထိုက် မဆိုထိုက်) မြတ်စွာဘုရား သခင် ပညတ်တော်မူအပ်သော ပဋိပတ် ကျင့်ဝတ် သီလများကို လည်း မကျင့်နိုင်ဘူး မကြံနိုင်ဘူး ကြံပေကျင့်ပေတဲ့လဲ မဖြစ် နိုင်ဘူးဟူ၍ မဆိုအပ် မဆိုကောင်း မဆိုထိုက်ချေ။ ထင်ရှားရှိ သော သိနိုင် မြင်နိုင်သော ကာယကံ ဝစီကံ မနောကံ ကိစ္စ များကိုသာ ဟောကြားဆုံးမ သြဝါဒ ပေးတော် မူသည်သာ လျှင် မှတ်ထင်ရမည် မှတ်ယူပါလေ။

ထင်ရှားပင် ရှိငြားသော်လည်း အကျိုးမများ မတတ်အား မတတ်နိုင် မဖြစ်နိုင်သော အရာများ၌ မြတ်စွာဘုရားသခင်တိုက်

တွန်း နှိုးဆော်တော်မမူကြောင်းကား-သင်တို့ ရဟန်းရှင်လူ များ ဗိုလ်လူတို့သည် ချိန်ဝန်တထောင်ရှိ ကျောက်လုံး ကျောက်ခဲကြီး တို့ကို ပခုံးထမ်း ခေါင်းရွက်ပြီးလျှင် ဇေတဝန်ကျောင်းတော် ထက်သို့ သယ်ဆောင်ခဲ့ရမည်ဟူ၍ငင်း၊ မြေကိုရှိုး မိုးကိုပံ့ရမည် ဟူ၍ငင်း၊အဘယ်သောအခါမှ အဘယ်နံရောအခါမှ သမန္တစက္ခု သဗ္ဗညု မြတ်စွာဘုရားရှင် ဟောကြား ဆုံးမ ဩဝါဒပေးတော် မမူ တိုက်တွန်းတော်မမူ ဟူ၍ မှတ်ပါလေ။

သမန္တစက္ခု သဗ္ဗညု ဘုရားရှင်ကြီး နှိုးဆော်တိုက်တွန်း ဆုံးမ တော်မူသည်မှာ

သူ့အသက်ကို မသတ်နှင့် မသတ်အပ်၊
သူ့ဥစ္စာကို မခိုးနှင့် မခိုးအပ်၊
မိစ္ဆာ ကာမ မေထုန် လေးပါးကို မခံစားနှင့် မခံစားအပ်၊
မဟုတ်မမှန်သော စကားကို မပြောမဆိုနှင့်၊
ကုံးတိုက် ချောပြစ်သောစကားကို မဆိုမပြောနှင့်၊
ယုတ်မာ ကြမ်းတမ်းသောစကားကို မပြောနှင့်၊
သကတ် ဒြပ် လိင် သချာ ကာရက မူချ အနက် ငါးပါးကင်း သော ပြိန်ဖျင်းသော စကားကို မဆိုမပြောနှင့်၊

မစားရ ငရဲ အလွန် ယောဘ မောဟကြီးသော အကြံဆိုး ကို မကြံနှင့်၊

သူတပါးကို ရန်ငြိုးဖွဲ့ထား အလွန် အမျက်ဒေါသ မောဟ အားကြီးသော အကြံဆိုးကို မကြံနှင့်၊

မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယမ မိစ္ဆာသတိ မိစ္ဆာသမာဓိ ဤမိစ္ဆာဒိဋ္ဌိ ကံရှစ်ပါးကိုလည်း ယူမှား မလိုက်စားကြနှင့် ဟူ၍ငှင်း၊

မနောကံ ရှေ့သွား ကာယဒုစရိုက် ဝစီဒုစရိုက် အစားအစာတို့ဖြင့် အသက်မွေးမမှားကြနှင့်။ သုရာငါးပါး ယစ်မျိုးတို့ကို လိုက်စားလွန်ကြူးအရှုးဖြစ်အောင် ရူးလိုမူးလို၍ မသောက်ကြနှင့်၊

ဤကဲ့သို့ ကာယကံလေးပါး ဝစီကံလေးပါး မနောကံလေးပါး (၀၁) အကုသလကမ္မပထ အပြားနှစ်ဆယ်တို့ကို လွန်ကျူးပြစ်မှား မလိုက်စားကြနှင့်ဟူ၍ငှင်း၊ ဤကဲ့သို့ ဝါရိတ္တသီလများကို သမာဒါနဝိရတီ ဝစီသစ္စာမြောက်အောင် ဆောက်တည် ရှောင်ကြဉ်ကြရမည်ဟု ဟောတော်မူသည်။ ဗြဟ္မာမင်းတို့ မကြိုက် မချစ် မနှစ်သက်သော မေထုန်မှုကိစ္စများကိုလည်း စိတ်ကစား၍ မခံစားကြနှင့်၊ နေ မွန်းလွဲသော ဝိကာလအခါ၌ ဘောဇဉ်ငါးပါး ခဲဘွယ် ဆဲနှစ်ပါးများကိုလည်း မစား မသောက်ကြနှင့်၊ မိမိကိုယ်တိုင် ကခုန် မြူးတူးခြင်း၊ သူတပါးကို ကခုန် မြူးတူးစေခြင်း၊မိမိကိုယ်တိုင် သီဆိုခြင်း၊ သူတပါးကို သီဆိုစေခြင်း၊ ကြေးစည် ခေါင်းလောင်း ပုံမောင်း လင်းကွင်းစသော တူရိယာမျိုးများကို မိမိကိုယ်တိုင် တီးမှုတ် ထိုးခေါက်ခြင်း၊ သူတပါးကို တီးမှုတ်ထိုးခေါက်စေခြင်း၊ မိမိကိုယ်တိုင် ပွဲလမ်းသဘင်တို့ကို ကြည့်ရှုခြင်း၊ သူတပါးကို ကြည့်ရှုစေခြင်း၊ မိမိကိုယ်တိုင် ပန်းပန်ခြင်း၊ သူတပါးကို ပန်းပန်စေခြင်း၊ မိမိကိုယ်

တိုင် နံ့သာအမျိုးမျိုးတို့ကို လိမ်းကျံခြင်း၊ သူတပါးကို လိမ်းစေခြင်း၊ မိမိကိုယ်တိုင် နံ့သာမျိုးတို့ကို ဆောင်ယူခြင်း၊ သူတပါးကို ဆောင်ယူစေခြင်း နံ့သာမျိုးတို့ကို အင်္ဂါကြီးငယ် အသွယ်သွယ် တို့ကို လိမ်းကျံခြင်း၊ အခြေ တတောင့်ထွာမြင့်သော ကုတင်ညောင်စောင်း တကျိပ် ခြောက်ယောက်သော ကချေသည်တို့ ကခုန်လောက်သော ကမ္ဗလာ ကော်ဇောကြီးတို့၌ နေထိုင်ခြင်း၊ ရွှေငွေတို့ကို ကိုင်ခံခြင်းဟုဆိုအပ်သော တဆယ့်ခြောက်ပါးခန့် ရှိသော စာရိတ္တသီလများကို သမာဒါနဝိရတီ ဝစီသစ္စာမြောက်အောင် ဆောက်တည် ရှောင်ကြဉ်ကြရမည်ဟု ဟောတော်မူသည်။

ဤကဲ့သို့ ဝါရိတ္တသီလ စာရိတ္တသီလများကိုသာရှောင်ကြဉ်ရမည်ဟု ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် သိက္ခာပုဒ်အသီးသီးတို့၌ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိဟု ဟောတော်မူသည်ကို ငါတို့တော့ မသိနိုင် မကျင့်နိုင် မတတ်နိုင် အားမထုတ်နိုင် ကျင့်ပေတဲ့လို့ မဖြစ်နိုင်ဘူးဟူ၍ မဆိုကောင်း မဆိုထိုက်သည်သာလျှင်တည်း။

ယခု ကလိယုဂ်ဆုပ်ကပ်၌ ကတုန်းကတိုက်ကပေါ်များ မရှိနတ်မင်းဖမ်းစား၍ (ဝါ) မိစ္ဆာဒိဋ္ဌိနတ်ပူး၍ သမန္တစက္ခုသဗ္ဗညုဘုရားရှင်ကြီး (ဝါ) ကံတော်အနန္တ ဉာဏ်တော်အနန္တ ဘုန်းတော်အနန္တ ကြီးမြတ်တော်မူသော ဘုရားရှင်ဟောတော်မူသော အဆုံးအမ ဩဝါဒ စကားများကို မကြားချင်မနာချင် မသိချင်

မကျင့်ချင် ကြသော ရဟန်းရှင် လူတို့သာ ပေါများ ကြလေသည်။ သမန္တစက္ခုသဗ္ဗညု ဘုရားရှင် ဟောကြားဆုံးမ သြဝါဒတရားစကားတော်များကို မကြားချင် မနာချင်၍ပင် မသိမမြင်ကြ မသိမမြင်၍ပင် မကျင့်ချင်ကြပေ မကြားမနာ၍ မသိမမြင် မကျင့်ချင်သော ရဟန်းရှင်လူတို့ ဖြစ်၍သာ အလွန်ကျင့်သာ ဆောင်သာ အလွန်ပင် သိသာထင်ရှားသော ဘုရားတရားစကားတော်များကို မကျင့်နိုင် မဖြစ်နိုင် မတတ်နိုင် ဘယ်သူတတ်နိုင်မလဲ ဘယ်သူကျင့်နိုင်လိမ့်မလဲဟု တကတဲ ကျေးဇူးမဲ့စကား ပြောမှား ဆိုမှားကြလေသည်ဟု မှတ်ရမည်။ ယခုကဲ့သို့ကျေးဇူးမဲ့စကားကြောင့် (သက္ကာတောဓမ္မော သန္ဒိဋ္ဌိကောဓမ္မောအကာလိကော ဓမ္မော ဧဟိပဿိကော ဓမ္မော သြပနေယျိကောဓမ္မော ပစ္စတ္တံ ဝေဒိတဗ္ဗောဓမ္မောဟူသော) တရားတော်မြတ်၏ဂုဏ်တော် ကွယ်ပျောက်ဘို့ပင် ရှိတော့မည်။ ဤသည့်ဂုဏ်တော်တို့နှင့်မျှမထောက်မိကြ၍ မကြားချင် မနာချင် မကျင့်ချင်ကြကုန်သော ရဟန်းရှင်လူ ဖြစ်ခဲ့ပါမူကား သမန္တစက္ခုသဗ္ဗညုဘုရားရှင်ကြီးသော်လည်း တတ်နိုင်တော့မည်မဟုတ်ပေ။

အစိန္တေယျ လောကုတ္တရာ သဗ္ဗညု မြတ်စွာဘုရားသခင် ဟောတော်မူသော ပိဋကတ်တော် တရားတော် ဟူသမျှသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေတတ်သော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာတော် သုံးပါးကိုစွဲကို ဟောတော်မူသော စကားတော်ချည်းပင်ဖြစ်သည်။

သို့သော်လည်း သာသနာတော် သုံးပါး ပရိက်မျှား၌ အပါဒါန်နှင့် သမ္ပဒါန် (ဝါ) လောကီနှင့် လောကုတ္တရာ (ဝါ) ပယ်စွန့်ရမည့်တရားနှင့် သယ်ဆောင်ရမည့်တရား မကွဲပြားကြသောကြောင့် အမှားမှား အယွင်းယွင်း အားထုတ်မိကြခြင်း ဖြစ်လေတော့သည်။ သို့ကြောင့် ပရိယတ္တိ သာသနာတော်ကိစ္စ အပါဒါန်ပုဒ်အရဖြစ်သော ဒုက္ခသစ္စာ သမုဒယသစ္စာ မိစ္ဆာ ပဋိပဒါ က ကတ္တားဟုဆိုအပ်သော အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္ဇာဘိသင်္ခါရ တေဘုမ္မိက ကုသိုလ် အကုသိုလ် သင်္ခါရတရား အပြားခြောက်ဆယ်တို့ကို မြတ်စွာဘုရားသခင် ပယ်စွန့်တော်မူသည့်အတိုင်း ပယ်စွန့်ကြပြီးလျှင် ပဋိပတ္တိသာသနာ ပဋိဝေဓ သာသနာတော်ကိစ္စ သမ္ပဒါန်ပုဒ်အရဖြစ်သော နိရောဓသစ္စာ မဂ္ဂသစ္စာ သမ္မာပဋိပဒါ မဇ္ဈိမ ပဋိပဒါဖြစ်သော ဒါန ဝီရိယ မေတ္တာ ပညာ, သီလ ခန္တီ သစ္စာ ပညာ, နိက္ခမ အဓိဋ္ဌာန် ဥပေက္ခာပညာ ဤ ပါရမီ မင်္ဂလာ ပညာ သုံးပါးကို ထိန်းချုပ် ထားသော လောကုတ္တရာ စတုဘုမ္မိက ဘုရား ကုသိုလ်တော်ပွားကို မြတ်စွာဘုရားသခင် ဟောညွှန် ပြသ ဆိုဆုံးမသည့်အတိုင်း ပါရမီ ဆယ်ပါး အပြားသုံးဆယ်တို့ကို ပွားများပြည့်စုံအောင် ကျင့်ဆောင် အားထုတ်ရလျှင် မင်္ဂဖိုလ်နိဗ္ဗာန်သို့ ကေန်မုချ ဝင်နိုင်ကြရလေတော့သည်ဟု မှတ်ယူရမည်၊ သို့သော်လဲ ပိဋကတ်သုံးပုံ စွဲပုံ ခွဲဝေပုံဖြစ်သော အက္ခရာပါဠိ အနက် အဓိပ္ပါယ် ပဋိသမ္ဘိဒါ လေးပါးကို နားလည် သိမြင်မှ မင်္ဂဖိုလ် နိဗ္ဗာန်သို့ ဝင်နိုင်မည်။ ထို့ကြောင့် ပဋိသမ္ဘိဒါ လေးပါး ပိဋကတ်သုံးပုံ

စွဲပုံ ခွဲဝေပုံများကို နားလည် သိမြင်အောင် ကြံဆောင်ကြပါ လေကုန်။

ဤကဲ့သို့ နားလည်သိမြင်အောင် ကြံဆောင်ကြရာတွင်လည်း သပ္ပုရိသ သံသေဝ, သဒ္ဓမ္မဿဝန, ယောနိသော မနသိကာရ, ဓမ္မာနုဓမ္မပဋိပန္နဟူ၍ မဂ်ဖိုလ် နိဗ္ဗာန်ရခြင်း၏အကြောင်း အင်္ဂါ လေးပါးကို ဟောတော်မူသည်။ သို့သော် မဂ္ဂင်ရှစ်ပါးတရား တော်ကို ဟောကြ ပြောကြ ရေးသားကြရာတွင် ဟုတ်သော် လည်း မမှန်၊ မှန်သော်လည်း မဟုတ်၊ ဟုတ်သော် မှန်သော် လည်း ကျင်ကြံစရာ ပရိက ဥပစာလမ်းမရှိသောကြောင့် နက် မရောင်နှင့်တိမ်၊ တိမ်မရောင်နှင့်နက်၊ ဝိပဿနာ အထက်ဆုံး လမ်းကိုသာ တက်လှမ်းပြောဆိုကြကုန်လျက် အပြော အသိကို ပင် အကျင့်ပဋိပတ် သဘော ထင်မှတ်ကြကုန်လေသည်။အကျင့် တရားကား တခြား၊ အသိတရားကား တခြားဟု ပိုင်းခြား၍ သိနားလည်ပြီးမှ ကျင့်ကြံအပ်သော တရားအစင်ကို မှတ်ယူကုန် ရာ၏။

(စင်စစ်သော်ကား)

ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာ ဏံ ပရိယောသာနကလျာဏံ၊ သတ္တံ သဗျဉ္ဇနံ ကေဝလ ပရိ ပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ၊ သန္တိ သတ္တာ အပ္ပရဇက္ခ ဇာတိကာ၊ အဿဝနတာယ ဓမ္မဿ ပရိဟာယန္တိ၊ ဘဝိဿန္တိ ဓမ္မဿ အညာတာရော။

စသော ပါဠိတော်အရ သမန္တစက္ခု သဗ္ဗညု ဘုရားရှင် ဟောတော်မူသည်အတိုင်း (၀၁) ဒေသနာတော်မြတ် အတိုင်း အတုမှာ တထောင် အရောင်မှာ တသောင်း အကောင်းမှာတခု ဥပမာပြုသော ပေါရာဏ စကားနှင့်အညီ ရှစ်သောင်း လေးထောင်သော ဓမ္မခန္ဓာတို့၏ အဆီအနှစ်ကိုယူညှစ်သောအားဖြင့် လေးပါး သတိပဋ္ဌာန် လေးတန်သမ္မပ္ပဓာန လေးဝဏ္ဏဣဒ္ဓိပါဒ် ငါးရပ်ဣန္ဒြေ ငါးထွေဗလ သတ္တဗောဇ္ဈင် ဌစ်မျိုး စင်သည် မဂ္ဂင်ရှစ်ပါး တရားအဆီ ပါရမီမင်္ဂလာ သာသနာဝိရတီ စု ပေါင်းတည်လတ် ပဋိပတ်ကျင့်ခဏ်း မဂ်ဖိုလ်လမ်းကို စူးစမ်း ဆင်ခြင် ကြည်လင်သမူ ကြည့်ရှုရလျှင် အလွယ်တကူနှင့် ဘယ် သူမဆို အလိုလိုထွင်းဖောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေ ခြင်းအကျိုးငှာ ပါဠိ,အဋ္ဌကထာ, ဋီကာ, အနု,မဓု, လက်သန်း, နိဿယျကျမ်း, ဒေဝကျမ်း, ဗျာကရိုဏ်း ကျမ်းတို့၌ ကမ်းတဖက် ရောက် တတ်မြောက်လိမ္မာ ကြီးမြတ်သော ဉာဏ်ပညာ ဒိက္ခိ နေယျ ပါမောက္ခမသွေ မဟာထေရ် ဖြစ်တော်မူသောကြောင့် ၎င်း၊ ရတနာပုံ ဇေယျနုတ်နန်း သိမ်းမြန်း စိုးစံတော်မူသော ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ချီးမြှင့်မြှောက် စားတော်မူအပ်သော ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိ ဋကာလင်္ကာရ ဂုဏ်ထူးတော်ရတော်မူသော ကျေးဇူးရှင် ရွှေ မင်းဝံငှက်တွင်း ဆရာတော်ဘုရားကြီးသည် သီလအစ-သမာဓိ အလယ် ပညာအဆုံး (၀၁) အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါး စုံလင်စွာတို့ကို ဗုဒ္ဓေါဝါဒအတိုင်း ထုတ်ဟော ၍ ပြတော်မူသည်။

ထို့ကြောင့်–

မဂ်,ဖိုလ် ရရေးသည် အပြောလွယ်ကူသလောက် အလုပ်မလွယ်ကူပေ၊ ယခု ကလိယုဂ် ခေတ်တွင် နေယျပုဂ္ဂိုလ် မျိုးနှင့် ပဒပရမ ပုဂ္ဂိုလ်မျိုးသာလျှင် များသည်ကို သတိပြုသော အားဖြင့် ဆရာကောင်းတွေ့ရှိရန် မိမိအတွက် အလွန်ပင် အရေးကြီးပေသည်။

မဂ်,ဖိုလ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အမှန်တကယ် ရယူလိုသော သူတော်ကောင်း ပညာရှိ ကဝိသူမြတ် လူ နတ် လူပါး အမျိုးကောင်း သားသမီး များအား အကျိုးတရားများပြားစေခြင်းငှာ၊ လူ့လောက သိမ်းကျုံး မဂ်ညွှန့် ဖိုလ်ညွှန့် တုံးပြီဟု သုံးနှုန်း ဖောက်ပြန် အမှန်ကို မသိသူ တို့အား သေချာစွာဖတ်ကြည့်က အသိဉာဏ် တိုးပွားစေခြင်း ငှာငင်း၊ အက္ခရာဗျဉ္ဇန က–ခ မျှ မသိကြသော်လည်း သဒ္ဒါဇဲ့မှန်မှန်ဖြင့် (ဝါ) သဒ္ဒါဇဲ့သန်သန်ဖြင့် ဖတ်သံကိုနာခံက သောတာပန်အတုကိလေသာဖြူလို့မို့ မဂ်–ဖိုလ် ဟူသော အမွေကို ရယူလွယ်စေခြင်း အကျိုးငှာ၊ ကျေးဇူးရှင် ရွှေမင်းဝံငှက်တွင်း ဆရာတော်ဘုရားကြီးနှင့် စတုဘုမ္မိက မဟာသတိပဋ္ဌာန် ဂိုဏ်းဆရာတော် ဘုရားကြီးတို့လူ ရေးသား စီရင်တော်မူထားသော ကျမ်း အစောင်စောင်တို့မှ စုပေါင်းထုတ်နှုတ်၍ သိသာထင်ရှားအောင် စီရင်ရေးသားလိုက်ရသည် ဖြစ်ပေသောကြောင့် ပရိယတ္တိ သာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ သုံးရပ်သော စတုဘုမ္မိက သာသနာတော် မြတ်ကြီးသည် တက်နေပမာ ကြက်သရေဖြာ စေခြင်းငှာ။

ဤမည်သော အဓိသီလ အဓိစိတ္တ အဓိပညာ မဂ္ဂင်ရှစ်ရပ် ပဋိပတ်ကျင့်စဉ်ကျမ်းသည် ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် မြဲမြဲ ခိုင်ခန့် တည်တန့်နိုင်ပါပေသတည်း။ ရှည်ကြာမြင့်ခိုင် တည်တန့်နိုင်ပါစေသော်ဝ်။

(ဤထွင် ကျမ်း၏နိဂုံးချုပ် ပြဆိုခန်းပြီး၏)

အဓိသီလ သိက္ခာသာသနာသည် ဒေါသက္ခယ နိဗ္ဗာန်သို့ ရောက်ကြောင်းတည်း။

အဓိစိတ္တ သိက္ခာသာသနာသည် ရာဂက္ခယ နိဗ္ဗာန်သို့ရောက်ကြောင်းတည်း။

အဓိပညာသိက္ခာ သာသနာသည် မောဟက္ခယ နိဗ္ဗာန်သို့ ရောက်ကြောင်းတည်း။

အဓိသီလ အဓိစိတ္တ အဓိပညာ မဂ္ဂင်ရှစ်ရပ် ပဋိပတ် ကျင့်စဉ်ကျမ်း ဤတွင် ပြီး၏။

○

၄၉

စတုဘုမ္မိက သာသနာ့ပြု မဂ္ဂင်ရှိပ်သာ

တာမွေ့ကလေး

# သာသနာ့ပြုကျောင်း

ဒါယိကာ ဦးလှမြင့်

စီစစ်ပါကြောင်း နတ်လူသာဓုခေါ်စေသော်


လုပ်အားပြည့်ချင်သတိမူ သိချင်ဝယ်ရှား
စိန်လဝင်း ၏
သွေးသန့်ဆေးကြီး
ကျား-မ-မရွေး မှီဝဲကြပါ

အစာကြေလေနိုင်
အားဆေး
မီးယပ်သွေးမှန်ဆေး
ပရုပ်လေငန်းဆေးကြီး
ရုပ်ပျိုကိုယ်နုအားဆေး
သွေးတိုးပျောက်ဆေး

စိန်လဝင်းဆေးတိုက်
၂၃၈၊ ကျိက္ကဆံလမ်း၊ ကျောက်မြောင်း
ဖုံး-၅၁၄၈၆ ရန်ကုန်